The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 40 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 21, 2019

# အခွန်နှုန်းထား လျှော့ချမှုနှင့် အိမ်ခြံမြေဈေးကွက် အလားအလာ

စာမျက်နှာ - ၈ ➢



## ၂၀၂၀ပြည့်နှစ်မှစတင်၍ လုပ်ငန်းသုံး မော်တော်ယာဉ် တင်သွင်းခြင်းအတွက် လုပ်ငန်းသုံး မော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်သည့် ကုမ္ပဏီများကိုသာ ခွင့်ပြုမည်

စာမျက်နှာ - ၆ ➢

## အိန္ဒိယတွင် ပဲဈေးနှုန်းများ မြင့်တက်နေပြီး ကန့်သတ်ကုန်စည် ပဲအမျိုးအစားများ၏ နောက်ဆုံး တင်သွင်းခွင့်ရက် သက်တမ်း တိုးပေးဖွယ်ရှိ

စာမျက်နှာ - ၉ ➢

## ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

စာမျက်နှာ - ၁၁ ➢

အင်ပါယာ
EMPIRE
Construction Materials Trading
In God † We Trust
ငြမ်း၊ ငြမ်းပိုက်၊ ငြမ်းကလစ်၊ တီတိုင်၊ အိုင်တိုင်၊ ငြမ်းဆက် ပစ္စည်းမျိုးစုံ
ငှားရမ်းရောင်းဝယ်ရေးနှင့်သံထည်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး



အဆောင်(၁၈)၊အခန်း(၅၆)၊ပထမထပ်(၆)လမ်း၊စော်ဘွား ကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
Phone : 01-3646968
ကိုစိုးမိုးအောင် - 09777776272
ကိုမင်းဆွေမြတ် - 09795369875

အမှတ်(၁၃၅၊၁၃၆၊၁၃၇)၊ချင်းတွင်းလမ်း၊တောင်ဒဂုံစက်မှုဇုန်(၁)၊တောင်ဒဂုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
Phone : 01-2348601,09777366610
Email:info@kingempiregroup.com
Website:www.kingempiregroup.com

# PPC
Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**






## Property Services
- Property Management
- M & E Services
- Cleaning
- Security

## Renovation Service
- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services





## Real Estate Services
- Leasing, Purchasing & Selling

No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

## GOLDEN ORIENT CO., LTD.








Add : 112, Yadanar Theingi Street, Industrial Zone (7), Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-645220, 01-645236, 09-5115315



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဂျပန်နိုင်ငံ တိုကျိုမြို့တွင် Japan Patent Attorneys Association မှ ဥက္ကဋ္ဌ Mr. Yoshihiro SHIMIZU ဦးဆောင်သောအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် Japan Patent Attorneys Association (JPAA) မှ ဥက္ကဋ္ဌ Mr. Yoshihiro SHIMIZU ဦး ဆောင်သောအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် အသင်း၏ ဖွဲ့စည်းဆောင်ရွက်မှု၊ အသင်း၏ တီထွင်မှု၊ မူပိုင်ခွင့်နှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများအား မေးမြန်းခဲ့ရာ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး မြန်မာနိုင်ငံ၏ မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၌ မူပိုင်ခွင့်အသင်း ဖွဲ့စည်းထားမှုများ၊ မြန်မာနိုင်ငံ မူပိုင်ခွင့်အသင်းအနေဖြင့် JPAA ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လာရောက်လေ့လာလိုသည့် ကိစ္စများ၊ နှစ်နိုင်ငံအသင်းများ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် Japan Intellectual Property Association(JIPA)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး JIPA ၏ လက်ရှိဆောင်ရွက်နေသည့်အခြေအနေများ၊ ပစ္စည်းအတုအပ ကိစ္စများအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု ကိစ္စများအား ဆွေးနွေးခဲ့သည်။

အဆိုပါ JIPA အသင်းသည် ဂျပန်နိုင်ငံရှိ HONDA၊ YONEX၊ TOSHIBA အစရှိသည့် နာမည်ကျော်ကုန်ပစ္စည်းအမှတ်တံဆိပ် ကုမ္ပဏီများ ပါဝင်သည့် အသင်းဖြစ်ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဂျပန်နိုင်ငံ တိုကျိုမြို့တွင် Japan External Trade Organization HQ ၌ JETRO ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. ICHIRO SONE နှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် Japan External Trade Organization HQ (JETRO) ၌ JETRO ၏ ဒုတိယဥက္ကဋ္ဌ Mr. ICHIRO SONE နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင်မူပိုင်ခွင့်ရုံးဖွင့်လှစ်ရန် ဆောင်ရွက်နေမှုများ၊ မူပိုင်ခွင့်ရုံးဖွင့်လှစ်နိုင်ရေးအတွက် Japan External Trade Organization မှ ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ စစ်ဆေးရေးဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာအကူအညီပေးရေးကိစ္စများ၊ IT နည်းပညာဆိုင်ရာ အကူအညီပေးရေးကိစ္စများအား တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ကိစ္စများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး မီဒီယာနှင့် Interview ပြုလုပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် Japan International Cooperation Agency (JICA) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. MURAKAMI Hironobu အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ရုံးဖွင့်လှစ်ရာတွင် လိုအပ်သောနည်းပညာဆိုင်ရာ အကူအညီပေးရေး၊ ကျွမ်းကျင်ပညာရှင်များ စေလွှတ်အကူအညီပေးရေးကိစ္စများအား ဆွေးနွေးခဲ့ပြီး Japan External Trade Organization HQ ၌ ကျင်းပပြုလုပ်သည့် Myanmar IP Seminar ၌ အဖွင့်မိန့်ခွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဂျပန်နိုင်ငံ တိုကျိုမြို့တွင် Japan Patent Office မှ Commissioner ဖြစ်သူ Mr. Matsunaga နှင့် တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် အောက်တိုဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်သော မြန်မာ့ဉာဏမူပိုင်ခွင့်ဆွေးနွေးပွဲ (Myanmar IP Seminar) သို့တက်ရောက်နေစဉ်ကာလအတွင်း အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် Japan Patent Office မှ Commissioner ဖြစ်သူ Mr. Matsunaga နှင့် Japan Patent Office HQ ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ မူပိုင်ခွင့်ဌာနဖွင့်လှစ်ရန် ဆောင်ရွက်နေမှုများ၊ လျှောက်လွှာစစ်ဆေးသူများအတွက် Japan Patent Office မှ သင်တန်းပေးရေးကိစ္စများ၊ မြန်မာနိုင်ငံ မူပိုင်ခွင့်ဌာနအတွက် ပညာရှင်များစေလွှတ်၍ အကူအညီပေးရန်ကိစ္စများကို ဆွေးနွေးခဲ့ပြီး JPO ရုံးအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် Japan Patent Office မှ ညွှန်ကြားရေးမှူးချုပ် Mr. Lwasaki နှင့်တွေ့ဆုံပြီး IT နည်းပညာဖြင့် Pastent မူပိုင်ခွင့်များ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး အားသာချက်များနှင့် စာရွက်စာတမ်း လုံခြုံမှုဆောင်ရွက်ထားမှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များမေးမြန်းပြီး Patent မူပိုင်ခွင့်နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ ဝင်းကို

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ရေကြောင်းမှ ဆန်တင်ပို့မှု ဈေးကွက်သစ် ဘာကီနာဖာဆို ရရှိ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်စဖြစ်သော အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိသော ဆန်တန်ချိန် ၉၄၀၀ ကျော်ကို မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှတင်ပို့ခဲ့သည်။မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၈၃၄၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၇၅၀ကျော်နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၃၂၀ တင်ပို့ခဲ့သည်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်အပြင် ဆန်ကွဲ ၄၅ တန်တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁၀ သန်းနီးပါးတန်ဖိုးရှိဆန်တန်ချိန် သုံးသောင်းခန့်တင်ပို့ခဲ့ကြောင်း သိရသည်။ ရေကြောင်းမှ အာရှ၊ အာဖရိက၊ အီးယူ၊ ယူအေအီးနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ယခုတစ်ပတ်တွင်လည်း အာဖရိကနိုင်ငံများဖြစ်သော ဘာကီနာဖာဆိုသို့ ဈေးကွက်သစ်ထပ်မံရရှိခဲ့သည်။ ယခုတစ်ပတ်ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၇၀၀၊ မလေးရှားသို့ တန်ချိန် ၂၀၀၀ ကျော်၊ ရုရှားသို့တန်ချိန် ၈၀၀ ကျော်၊ မက်ဒါဂါစကားသို့ တန်ချိန် ၅၀၀၀ကျော်၊ ကင်မရွန်း၊ ကင်ညာ၊ မိုဇမ်ဘစ်နိုင်ငံများသို့ တန်ချိန် ၅၀၀ ကျော်စီ၊ ဈေးကွက်သစ် ဘာကီနာဖာဆိုသို့ တန်ချိန် ၇၅၀ နှင့် အီးယူနိုင်ငံများသို့ တန်ချိန် ၅၅၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ငါးသန်းနီးပါးတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၈၃၀၀ တင်ပို့ခဲ့ရာ ဆီနီဂေါသို့ တန်ချိန် ၈၅၀၀၊ အီးယူသို့ ၃၈၇၅ တန်၊ အင်ဒိုနီးရှားသို့ တန်ချိန် ၃၈၀၀၊ ဂျီဘူတီသို့ တန်ချိန် ၉၇၀ ကျော်နှင့် ဗီယက်နမ်၊ မလေးရှား၊ အိုင်ဗရီကို့စ်၊ တိုဂို၊ မက်ဒါဂါစကာနှင့် ယူအေအီးနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၈၀၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။ နယ်စပ်နှင့်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန်တန်ချိန် ၃၉၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၈၃၀၀ ကျော်ဖြစ်သည်။

**ယဉ်ယဉ်အေး**

# ဆန်တင်ပို့ရောင်းချမှုပေါ် မူတည်ပြီး စပါးဈေး အတက်အကျဖြစ်မည်

အင်းတော်မြို့နယ် ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ဧက ၅၆၅၅၀ ရှိခဲ့ပါတယ်။ ရေတော်မိုးတော်နဲ့ အထွက်နှုန်းကောင်းခဲ့ပြီး စပါးသစ်ပေါ်ချိန် ဆင်း-၃ စပါးတင်းတစ်ရာ ကျပ် ၅၅၀၀၀၀ ဖွင့်ခဲ့ပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလ တွေမှာ ဗန်းမော်နဲ့ တရုတ်နယ်စပ်လွယ်ဂျယ် ဆန်တင်ပို့မှုရှိခဲ့လို့ တင်းတစ်ရာကျပ် ၆၅၀၀၀၀မှ ကျပ် ၇၀၀၀၀၀ အထိ တက်ခဲ့ပါတယ်၊ မတ်လနောက်ပိုင်း ဗန်းမော်၊ လွယ်ဂျယ် ဆန်တင်ပို့မှုရပ်ဆိုင်းနေတဲ့အတွက် ယခုအခြေအနေမှာ မြို့နယ်တွင်းဆန်စက်များမှာ ရပ်ဆိုင်းနေကြရပြီး တစ်ချို့ဆန်စက်ပိုင်လက်ထဲ စပါးလက်ကျန် တင်းပေါင်း သောင်းဂဏန်းအထိ ပိတ်မိနေတယ်၊ စပါးဈေးဆက်တိုက်ကျဆင်းနေပြီး စပါးဟောင်း တင်းတစ်ရာ ကျပ် ၆၁၀၀၀၀နဲ့တန့်နေတယ်၊ ၂၀၁၉ခုနှစ် စပါးသစ်ပေါ်ချိန် စပါးဈေးမှာ ဗန်းမော်၊ တရုတ်နယ်စပ်လွယ်ဂျယ်ဘက်က ဆန်အဝယ်လိုက်မှုပေါ် မူတည်ပြီး ဈေးနှုန်းအတက်အကျဖြစ်နိုင်မယ်လို့ သိရပါတယ်။



မဲဇာကျေးရွာ ကျော်မိသားစု တန် ၅၀ ကျဆန်စက်ပိုင်ရှင် ဒေါ်အားစင်းက မနှစ်က ဗန်းမော်၊ တရုတ်နယ်စပ် လွယ်ဂျယ်က ဆန်ကုန်သည်များဆင်းလာပြီး သုံးလလောက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်၊ ဒါကြောင့် စပါးတင်း ၃၅၀၀၀ ကျော်လျှောင်ခဲ့ပါတယ်။ သကြံန်နောက်ပိုင်း ဆန်တင်ပို့မှုရပ်ဆိုင်းသွားခဲ့တော့ ယခုလက်ထဲ စပါးတင်း ၂၀၀၀၀ ကျော်ကျန်နေတယ်။ ကျွန်မတစ်ဦးထဲမဟုတ်ဘူး စက်ပိုင်အတော်များများလက်ထဲကျန်နေတာပါ၊ စပါးသစ်ပေါ်တော့မယ် စပါးဟောင်းက လက်ကျန်များနေတယ်။ စပါးဟောင်းတင်းတစ်ရာ ၆ သိန်းဝန်းကျင်ရှိနေပေမယ့် အရောင်းအဝယ်မရှိဘူး၊ လက်ရှိအခြေအနေမှာ ဗန်းမော်၊ လွယ်ဂျယ်ဘက်က ဆန်အဝယ်ရှိလာမယ်ဆိုရင် ၂၀၁၉ ခုနှစ် ပေါ်မယ့် စပါးသစ်တင်းတစ်ရာကျပ်ငါးသိန်းကျော် ပေးနိုင်ပါတယ်။ ရှေ့ နိုဝင်ဘာလမှာ စပါးသစ်ပေါ်တော့မယ် အရောင်းအဝယ်က ရပ်နေတယ်။ သည်အတိုင်းသာ နယ်စပ်ဆန် အရောင်းအဝယ်ရပ်နေမယ်ဆိုရင် စပါးသစ်ဈေး တင်းတစ်ရာ ကျပ်ငါးသိန်းအောက်ရောက်နိုင်တယ်လို့ ပြောပါတယ် ။

အင်းတော်မြို့နယ် ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ မိုးစပါးစိုက်ဧက ၄၇၄၂၂ ရှိပြီး မြို့နယ်လျာထားချက်ထက် လျော့နည်းလျက်ရှိပါတယ်။ မိုးစပါးစိုက်ပျိုးချိန် မိုးရွာသွန်းမှုနည်းပါးပြီး စိုက်ပျိုးရေလုံလောက် အောင်မရတဲ့အတွက်ဖြစ်တယ်လို့သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# ပုသိမ်မြို့နယ်တွင် မိုးကောက်ညှင်းစပါးသစ်များ ဈေးနှုန်းအမြင့်ဖြင့် ဈေးကွက်ဝင်ရောက်

ပုသိမ်မြို့နယ် ဆန်၊စပါးဈေးကွက်တွင် မိုးကောက်စောစပါးပေါ်ခါနီး ကောက်ညှင်းစပါးသစ်များ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး ကောက်ညှင်းဆန်အသစ်ဈေးနှုန်းမှာ ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

ကောက်ညှင်းစပါးသစ် ယခုလက်ရှိဈေး အစိုရိတ်သိမ်းပြီးပေါင် ၁၂၀ တင်း၁၀၀ ကို ကျပ် ၁၅ သိန်းမှ ကျပ် ၁၅ သိန်းခွဲဝန်းကျင်ဈေးရှိ၍ ကောက်ညှင်းဆန်မှာအသွယ်နှင့်အပွ နှစ်မျိုးရှိပြီး ကောက်ညှင်းအသွယ်တစ်အိတ်ကို ယခင်နှစ်က ကျပ် ၃၅၀၀၀ဈေးသာရှိ၍ ယခုနှစ်အသွယ်တစ်အိတ်ကို ကျပ် ၇၀၀၀၀/၇၁၀၀၀၊ ကောက်ညှင်းအပွတစ်အိတ်ကို ကျပ်၆၇၀၀၀/၆၈၀၀၀ဈေးနှုန်းမြင့်တက်လျက် ကောက်ညှင်းအသွယ်ဈေးမှာ ယခုနှစ်တွင် နှစ်ဆခန့်ဖြစ်သွားပြီး တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ကောက်ညှင်းဈေးကွက်တွင် ယခုလက်ရှိ ရန်ကုန်၊ ဟင်္သာတ၊ ပြည်နှင့် မကွေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး နယ်ဝယ်လက်များသို့ ရောင်းချလျက်ရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၈-၁၀-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၄၀၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၂ | ၃၉၁ | ▽ | ၃၃၃ | ၃၄၅ | △ | ၄၀၀ | ၄၀၀ | □ | ၃၅၇ | ၃၅၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၉၀ | ▽ | ၃၂၈ | ၃၄၃ | △ | - | - | - | ၃၅၂ | ၃၅၀ | ▽ |
| ဆန်ဖြူ ၁၅% | ၃၉၀ | ၃၈၉ | ▽ | ၃၂၃ | ၃၄၀ | △ | - | - | - | ၃၄၇ | ၃၄၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၄ | ၃၈၃ | ▽ | ၃၁၈ | ၃၃၀ | △ | ၃၆၃ | ၃၆၃ | □ | ၃၂၈ | ၃၂၅ | ▽ |
| ပေါင်းဆန် | ၄၂၉ | ၄၂၉ | □ | - | - | - | ၃၆၆ | ၃၆၁ | ▽ | ၃၉၃ | ၃၉၃ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၁၈-၁၀-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၁၈၅၀၀ | □ | ၉၂၀၀ | □ | ၄၂၀၀၀ | □ |
| ပုသိမ် | ၄၆၈၀ | □ | ၂၁၀၀၀ | □ | ၈၂၄၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၁၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၂၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | □ | ၂၁၀၀၀ | □ | ၉၆၀၀ | □ | ၄၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| မန္တလေး | ၇၂၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မကွေး | ၇၃၀၀ | □ | ၂၃၅၀၀ | ▽ | - | - | ၅၉၀၀၀ | ▽ |
| မော်လမြိုင် | ၅၀၀၀ | ▽ | ၂၀၀၀၀ | □ | ၉၀၀၀ | ▽ | ၃၈၀၀၀ | ▽ |
| လှိုင်ကော် | ၈၅၀၀ | □ | ၄၅၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၄၄၀၀၀ | ▽ |
| ဘားအံ | ၅၀၀၀ | ▽ | ၂၂၀၀၀ | ▽ | - | - | ၄၅၀၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၁-၁၀-၂၀၁၉ မှ ၁၇-၁၀-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 247 | 8 | - | - | - | 255 |
| | Form AANZ | 1 | - | - | - | - | 1 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 86 | 4 | - | - | 1 | 91 |
| | Form CHINA | 11 | - | - | - | - | 11 |
| | Form AJ | 79 | 5 | - | - | - | 84 |
| | Form AK | - | - | - | - | - | - |
| | Form D | 8 | 3 | - | - | - | 11 |
| | Form DFTP | 38 | 2 | - | - | - | 40 |
| | Form E | 70 | - | - | - | - | 70 |
| | Form Korea | - | - | - | - | - | - |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 557 | 22 | - | - | 1 | 580 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၁၀-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၁/၁၀ | ၁၈/၁၀ | ပြောင်းလဲမှု | ၁၁/၁၀ | ၁၈/၁၀ | ပြောင်းလဲမှု | ၁၁/၁၀ | ၁၈/၁၀ | ပြောင်းလဲမှု | ၁၁/၁၀ | ၁၈/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၆၂၅ | ၁၅၉၀ | ▼ | ၁၃၃၃ | ၁၅၀၀ | ▲ | ၁၂၅၀ | ၁၃၇၅ | ▲ | ၁၂၀၀ | ၁၅၅၀ | ▲ |
| ပဲစင်းငုံ | ၁၂၉၄ | ၁၃၄၇ | ▲ | ၁၃၃၃ | ၁၃၁၇ | ▼ | ၁၄၃၅ | ၁၄၂၅ | ▼ | ၁၃၅၀ | ၁၄၅၀ | ▲ |
| ပဲတီစိမ်း | ၁၉၃၅ | ၁၉၅၀ | ▲ | ၁၈၄၉ | ၁၈၄၉ | ■ | ၁၇၆၃ | ၁၇၆၃ | ■ | ၁၇၄၀ | ၁၇၆၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၆၂ | ၁၃၇၁ | ▲ | ၁၃၅၃ | ၁၃၄၇ | ▼ | ၁၃၈၅ | ၁၃၉၅ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၁၀၅ | ၁၁၀၅ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၆၇၉ | ၁၆၀၀ | ▼ | ၁၃၁၆ | ၁၂၆၃ | ▼ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၉) မှ |
| | (၅.၁၀.၁၉)ထိ | (၁၂.၁၀.၁၉)ထိ | (၁၂.၁၀.၁၉) ထိ |
| မတ်ပဲ | ၃၃၇၅၁၄ | ၁၀၇၀၈ | ၃၄၈၂၂၂ |
| ပဲတီစိမ်း | ၁၉၃၅၇၂ | ၁၈၄၂ | ၁၉၅၄၁၄ |
| ပဲစင်းငုံ | ၁၅၁၁၂၆ | ၃၉၃၅ | ၁၅၅၀၅၉ |
| ကုလားပဲ | ၆၈၃၄၂ | ၁၉၂ | ၆၈၅၃၄ |
| ပဲလွန်းဖြူ | ၃၄၉၆၅ | ၁၃၉ | ၃၅၁၀၄ |
| မြေထောက်ပဲ | ၉၆၃၄ | ၅ | ၉၆၃၉ |

## ပြည်မတ်ပဲ မျိုးပဲဝယ်ယူချိန် နီးလာ၍ ဈေးပိုလာခဲ့

ပြည်ပဲဈေးကွက်၌ မိုးစပါး(ကောက်စော)အပြီး ဆောင်းပဲသီးနှံများ စိုက်ပျိုးတော့မည်ဖြစ်သည့်အတွက် ဆောင်းပဲသီးနှံဖြစ်သောမတ်ပဲ၊ ပဲတီစိမ်း သီးနှံများ မျိုးပဲအချို့ ဝယ်ယူလာကြပြီဖြစ်သည်။ မတ်ပဲသီးနှံမှာ ဈေးကွက်အတွင်း ဈေးအေးရောင်းဝယ်နေရာမှ အောက်တိုဘာလဆန်းမှစ၍ဈေးအနည်းငယ်လှုပ်လာခဲ့သောကြောင့် တစ်တင်း ကျပ် ၂၇၀၀၀ ကျော်မှတဖြည်းဖြည်းဈေးပိုလာပြီး ယခုတစ်ပတ်မှာ ကျပ် ၂၈၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲအဝင်နည်းခဲ့သော်လည်း လက်ကျန်ပဲများရှိခဲ့၍ ရန်ကုန်ဝယ်လက်သမား ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ရကာ တစ်ရက်အိတ် ၂၀၀/၃၀၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့သည်။ ဆောင်းပဲသီးနှံစိုက်ပျိုးချိန်နီးလာပြီးဖြစ်၍ ပဲဈေးနှုန်းဈေးမြင့်တက်လာခြင်းဖြစ်ပြီး မျိုးပဲ အဝယ်လိုက်ချိန်တွင် ဈေးဆက်ပိုလာမလား စောင့်ကြည့်ခဲ့ကြကာ လှောင်ပဲသမားတချို့ မရောင်းချသေးကြောင်း သိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## ဟသ်ာတမတ်ပဲ ဈေးမြင့်တက်ပြီး အရောင်းအဝယ်ကောင်းလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် အောက်တိုဘာလ ဒုတိယပတ်က တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ကျော်ဖြစ်လာသော ဟသ်ာတမတ်ပဲဈေးသည် အောက်တိုဘာ ၁၆ ရက်တွင် ကျပ် ၂၈၅၀၀ နှင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ကျပ် ၃၁၀၀၀ ဈေးဖြစ်ခဲ့ရာ ကျပ် ၂၀၀၀ ကျော်ခုန်တက်ခဲ့ပြီး အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။။

တက်ဈေးဆက်စောင့်သူများရှိပြီး ဈေးကြိုက်၍ ဈေးဖြတ်ရောင်းချသူများလာသည်။ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၈၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် ကျပ် ၁၀၀ ကျဆင်းခဲ့ပြီး ဖွဲနုပေါင် ၇၀ တစ်အိတ်ကို ကျပ် ၁၀၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ယခင်တစ်ပတ်ကထက် ကျပ် ၂၀၀ ကျဆင်းခဲ့သည်။ ပဲတီစိမ်း (ဆီပြောင်) မျိုးတစ်တင်းလျှင်ကျပ် ၄၃၀၀၀ ၊ ပဲတီစိမ်း (ဝါးခယ်မ) မျိုးတစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ မတ်ပဲမျိုး တစ်တင်းလျှင်ကျပ် ၃၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## တညင်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ


အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးကြီး အတွင်းသို့ အောက်တိုဘာ ၇ ရက်မှ ၉ ရက်အတွင်း ညောင်တုန်း၊ မော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ)ကျပ် ၁၄၀၀ မှ ၁၆၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၄၀၀ မှ ၆၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၀၀၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၀၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညှင်း (ထုပ်)ကျပ် ၁၅၀၀ မှ ၁၆၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)(ပိဿာ) ကျပ် ၁၂၅၀ မှ ၁၃၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ) ကျပ် ၂၅၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၃၀၀၀ မှ ၃၂၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၃၅၀၀ မှ ၄၀၀၀ အတွင်း၊ ဆလတ်ရွက်(စီး) ကျပ် ၁၇၀ မှ ၂၀၀ အတွင်း ၊ ရုံပတီသီး(တောင့်) ကျပ် ၁၂ မှ ၁၄အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၅၀ မှ ၇၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ် ၇၀ မှ ၁၇၀ အတွင်း၊ သံပရာသီး(လုံး) ကျပ် ၄၀ မှ ၆၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၇၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ)ကျပ် ၁၃၀၀ မှ ၁၄၀၀ အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၁၀၀၀ မှ ၂၀၀၀အတွင်း၊ ဖရဲသီး(လုံး) (ကြီး/လတ်/သေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။

ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ ရွှေဖရုံသီး၊ ကြက်သွန်နီ(ဆိပ်ဖြူ)နှင့် ဖရဲသီးတို့မှာ ဈေးကျနေခဲ့ကြောင်း သိရသည်။ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၁၈၅၀၀၀ ကျော်၊ ခရမ်းသီး(ရှည်)(လုံး) ၃၂၅၂၀၀ကျော်၊ဘူးသီးအလုံးပေါင်း ၁၆၅၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၁၅၇၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၄၁၅၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၂၈၅၀၀ ကျော်နှင့် မုန်ညှင်း(ထုပ်) ပေါင်း ၁၁၀၀၀ ကျော်၊ ဖရဲသီး အဝင်စုစုပေါင်း ၁၁၇၂၀၀ ကျော် ကုန် အဝင်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနှင့်ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ)မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၅၃၀၀၀-၇၀၀၀၀-၇၃၀၀၀ ဈေးဖြင့်အိတ်ရေ ၁၀၀ မှ ၉၀၀ထိ အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနက်(ဂွ)မှာ တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀ ၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၅၆၀၀၀-၅၆၅၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ ၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးဖြင့် အိတ် ၁၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးဖြင့် အိတ် ၅၀ အရောင်းအဝယ်ဖြစ်နေသည်။

၂၀၁၈ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ ၊ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ (အသစ်) တစ်တင်းလျှင် ကျပ် ၂၅၃၀၀-၂၅၈၀၀-၂၆၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲသုံးမျိုးမှာ ဈေးအနည်းငယ်ကျနေပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဖြူ လုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး ၉၂၉တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဈေးဖြင့် အိတ် ၅၀ ၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၉၀၀၀-၃၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ၊ ပြောင်းဖူးစေ့CP တစ်တင်းလျှင် ကျပ် ၇၉၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ကုလားပဲ ဈေးငြိမ်နေ

သီတင်းကျွတ်ပွဲတော်ကာလအပြီး ပြည်ပဲဈေးကွက်၌ ကုလားပဲသီးနှံကတော့ ခွဲစက်သမားရော ရန်ကုန်ဝယ်လက်သမားများပါ အဝယ်ရှိ၍ တစ်ရက်အိတ် ၂၅၀/၃၀၀ကျော် ရောင်းဝယ်မှုဖြစ်လျက်ရှိသည်။ ကုလားပဲသီးနှံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများရှိနေသည့်အတွက် နေ့စဉ်ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၇၅၀၀ မှ ၂၈၀၀၀ အတွင်း ရောင်းဝယ်လျက်ရှိကာ လဆန်းရက်ကဈေးအတိုင်း ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်ရောင်းဝယ်ခဲ့ကြောင်းသိရသည်။

ယခင်နှစ်ကလည်း ယခုလိုကာလတူ အချိန်ကုလားပဲသီးနှံဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၈၅၀၀ သာရရှိခဲ့ပြီး ယခုနှစ်မှာ ကုလားပဲသီးနှံဈေးပိုရလာခြင်းမျိုးမရှိဘဲ ပဲပေါ်စအချိန်မှာကတည်းက ဈေးငြိမ်နေခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## လက်လီဈေးကွက်၌ ပြည်စားတော်ပဲ ဈေးကောင်းရ

ပြည်ပဲဈေးကွက် လက်လီပဲဈေးကွက်၌ ဈေးကောင်းရရှိနေသည့် သီးနှံမှာ စားတော်ပဲသီးနှံဖြစ်ခဲ့ပြီး ပဲသစ်တစ်တင်း ကျပ် ၂၇၀၀၀၊ အဟောင်းတစ်တင်း ကျပ် ၂၅၅၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိကြသည်။ စားတော်ပဲသီးနှံသည် အခြားလက်လီပဲများဈေးအေးခဲ့ပေမယ့် နှစ်စဉ်လိုလိုဈေးကောင်းရလျက်ရှိသည့် ပဲသီးနှံဖြစ်ခဲ့သည်။ ယခုနှစ်မှာ အခြားလက်လီရောင်းဝယ်နေကြသော ဗိုလ်ကိတ်၊ ပဲလွှမ်းဖြူ ပဲပုပ်သီးနှံများဈေးအေးခဲ့ပြီး စားတော်ပဲ သီးနှံမှာ ဆက်လက်ဈေးကောင်းရနေခဲ့သည်ဆိုသော်လည်း ယခင်နှစ်ကပဲဈေးနှုန်းကိုတော့မမီဘဲ ရောင်းဝယ်နေကြကြောင်း သိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲတီစိမ်း ဈေးငြိမ်ရောင်းဝယ်မှုဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မိုးပဲတီစိမ်းသီးနှံ အဝင်ပါးသွား၍ တစ်ရက်အိတ် ၅၀/၁၀၀ ခန့်သာဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲများရှိနေသည့်အတွက် ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရန်ကုန်ဝယ်လက်သမားရော မန္တလေးဝယ်လက်များပါ ဝယ်ယူမှုရှိ၍ တစ်ရက်အိတ် ၁၅၀/၂၀၀ကျော် ရောင်းချခဲ့ကြရကြောင်း သိရသည်။ ပဲဈေးမှာဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေပြီး ယခင်တစ်ပတ်က ဈေးအတိုင်း ရိုးရိုးစ တစ်တင်း ကျပ် ၃၀၀၀၀၊ ထိပ်စတစ်တင်း ကျပ် ၃၃၀၀၀တို့ဖြင့် အရည်အသွေးလိုက်၍ဈေးကွာခြား ရောင်းဝယ်နေကြသည်။ **ခင်ဆွေဝင်း(ပြည်)**

# ၂၀၂၀ ပြည့်နှစ်မှစတင်၍ လုပ်ငန်းသုံးမော်တော်ယာဉ် တင်သွင်းခြင်းအတွက် လုပ်ငန်းသုံး မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်သည့်ကုမ္ပဏီများကိုသာ ခွင့်ပြုမည်

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပို့ကုန်သွင်းကုန်ကုမ္ပဏီ များအား ပုံမှန်လိုင်စင်ဖြင့် လုပ်ငန်းသုံးမော်တော်ယာဉ် တင် သွင်းခြင်းအစား ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလမှစ၍လုပ်ငန်းသုံး အရောင်းစင်တာဖွင့်လှစ်ပြီး လုပ်ငန်းသုံးမော်တော်ယာဉ် တင်သွင်းရောင်းချခြင်းကိုသာ ခွင့်ပြုသွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခြင်းကို အောက်တိုဘာ ၁၀ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ လုပ်ငန်းသုံးမော်တော် ယာဉ်အရောင်းစင်တာဖွင့်လှစ်ခြင်းနှင့်ပတ်သက်ပြီး အသေး စိတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပို့ကုန်သွင်း ကုန်လုပ်ငန်းရှင်များအား ချပြရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က လက်ရှိလုပ်ငန်းသုံးမော်တော်ယာဉ် တင်သွင်းသည့်ကုမ္ပဏီ မှာ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်အတွင်း ကုမ္ပဏီပေါင်း ၆၁ ခု ရှိပြီး ၂၀၁၇၊ ၂၀၁၈ နှစ်တာ တင်သွင်းသည့်ကုမ္ပဏီ ၁၂၅ခု၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ခုနှစ်အတွင်း တင်သွင်းသည့်ကုမ္ပဏီ ၄၃ ခု၊ ၂၀၁၈ခုနှစ် တစ်နှစ်တည်း တင်သွင်းသည့်ကုမ္ပဏီ ၅၆ခု၊ ၂၀၁၉ ခုနှစ် တစ်နှစ်တည်း တင်သွင်းသည့်ကုမ္ပဏီ ၄၉ ခုရှိကြောင်း၊ ခြုံငုံကြည့်ပါက သုံးနှစ်တာကာလအတွင်း တင်သွင်းသည့်ကုမ္ပဏီမှာ ၆၁ ခုသာရှိကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစ၍ Sale Center ဖွင့်မည့် အစီအစဉ်ကို ဆောင်ရွက်ရပါကြောင်း၊ အရောင်းစင်တာဖွင့်လှစ်ရာတွင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၏ ခွင့်ပြုချက်ကို ဦးစွာ ရယူရန်လိုကြောင်း၊ ၎င်းမှတစ်ဆင့် တိုင်းဒေသကြီး အသီးသီး မှ ခွင့်ပြုသည့်အတွက် ကြိုတင်ပြီး ယာယီခွင့်ပြုချက်ဖြင့် ခွင့်ပြု ပေးမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးဥပဒေနှင့် ကိုက်ညီ သည့် နေရာများမှာ ဖွင့်ရန်ဖြစ်ကြောင်း၊ တစ်နှစ်ပြည့်မြောက် ၍ အခွန်ကိစ္စရှင်းပြီးပါက လုပ်သာကိုင်သာရှိသည့် အရေ အတွက်ကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ယခု အရောင်း စင်တာဖွင့်လှစ်ရောင်းချရ မည့်လုပ်ငန်းမှာ မဖြစ်မနေပြောင်း လဲရမည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲခြင်း အတွက် အကျိုးကျေးဇူးမှာ မော်တော်ယာဉ်တင်သွင်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မျှမျှတတ ယှဉ်ပြိုင်ဆောင်ရွက်နိုင် ခြင်း၊ မော်တော်ယာဉ်တင်သွင်းခြင်း လုပ်ငန်း၌အဓိကလုပ် ကိုင်သည့်လုပ်ငန်းရှင်များအတွက် အကျိုးဖြစ်ထွန်းစေခြင်း၊ မော်တော်ယာဉ်ဝယ်ယူသူများအနေဖြင့် မိမိအမည်မှန်ဖြင့် ပြည်တွင်းတွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခြင်းနှင့် ယာဉ် နှင့်ပတ်သက်၍ အာမခံချက်ရရှိနိုင်ခြင်း၊ ဌာနဆိုင်ရာ အပိုင်း အနေဖြင့် ယာဉ်မတော်တဆမှုနှင့် အခြားပြစ်မှုများ ဖြစ်ပေါ် ပါက ယာဉ်နှင့်လူအမည်မှန်စိစစ်နိုင်ခြင်း၊ နိုင်ငံတော်အတွက် နှစ်စဉ်အခွန်အခမှန်ကန်စွာ ရရှိနိုင်ခြင်းတို့ကြောင့် ပြောင်းလဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို လုပ်ငန်းရှင်များသို့ အသိပေး ဆောင်ရွက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန်ကုမ္ပဏီလုပ်ငန်းရှင် ၂၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော**
**လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ**



# အရောင်းအဝယ်ပုံမှန်ဖြစ်နေသည့် ပြည်မြေပဲဆန်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်ဈေးငြိမ်နေသည်။ ဝင်ရောက်မှုမှာလည်း နေ့စဉ်အဝင်ရှိပြီး အဝယ်မှာလည်း ပုံမှန်အဝယ်ရှိသည့်အတွက် ဈေးကွက်တွင် မြေပဲဆန်အရောင်းအဝယ်မှာ နေ့စဉ်ဖြစ်လျက်ရှိသည်။ မကွေးဘက်မှ ဆီဆန်ကို တစ်နေ့လျှင်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်သလို လုံးဆန်ကို ပဲလှော်ဖိုသမားများက အဝယ်ရှိ၍ တစ်နေ့လျှင် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ် ပတ်မြေပဲဆန်ဈေးများမှာ ဆီဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀၊ (နီ)တစ်ပိဿာလျှင်ကျပ် ၃၀၀၀ နှင့် လုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၉၅၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသည်ကို တွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၇.၁၀.၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - PACAO | TEU 773 တင် TEU 756 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR SOLO | TEU 915 တင် TEU 766 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | TEU 440 တင် TEU 730 ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - GOLDEN AMOR | Steel Product ၂၁၉၃၅ ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - PRESIDIO | TEU 685 တင် TEU 697 ချဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - NEFELI | TEU 957 တင် TEU 843 ချဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - ALSOPOS II | TEU 809တင် TEU 504 ချဆဲ |
| ဆူးလေဆိပ်ကမ်း(၂) | - KEREM | ဆန် ၂၃၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - SOPHIA OCEAN | ဆန် ၁၁၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - BLUE LOTUS | Urea (In Bulk) ၁၂၅၂၉ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - MAERSK WIESBADEN | TEU 995 တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - MAERSK WOLGAST | TEU 210တင် TEU 262 ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - EOLUS | Steel Product ၂၇၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - NEW VICTORY | Steel Deformer Bar ၂၁၇၃၂ ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၂) | - HTK UNITY | Steel Bar ၂၇၃၉ ချဆဲ |
| MMTM JETTY | - MT.OCEAN COD | Diesel Oil ၁၁၈၆၄ ချဆဲ |
| ELITE JETTY | - MT .SENNA | LPG Gas ၂၀၀၀ ချဆဲ |
| REGENCY SPC JETTY | - MT YU DONG | Diesel Oil ၁၈၆၂၈ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TAIKLI | Vehicle&Steel Rail ၇၁၉၆ ချရန် | - | ၁၈.၁၀.၂၀၁၉ |
| VICKING EMERALD | Unit Vehicle(RO/RO) ၂၂၄ချရန် | - | ၁၈.၁၀.၂၀၁၉ |
| MAAN AUNG | Steel Bar ၅၁၃၁ ချရန် | INDIA | ၁၉.၁၀.၂၀၁၉ |
| BBC NORFOLK | Steel PipeS & Piles ၂၄၇၁ ချရန် | VIETNAM | ၂၃.၁၀.၂၀၁၉ |
| AMIRA MARIAM | Rice ၁၉၀၀၀ တင်ရန် | W/AFRICA | ၂၄.၁၀.၂၀၁၉ |
| EAGLE STARIT | Steel ၂၉၁၁၆ ချရန် | CHINA | ၂၈.၁၀.၂၀၁၉ |
| EVER RELLANCE | Wheat (In Bulk) ၂၀၀၀၀ ချရန် | USA | ၁.၁၁.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၁၀.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၀.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၀.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁.၁၀.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU HAI | Diesel Oil | - | ၁၇.၁၀.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၁၈.၁၀.၂၀၁၉ |
| MT.OCEAN DOLPHIN | MOGAS (92Ron) | SINGAPORE | ၁၈.၁၀.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | SINGAPORE | ၂၀.၁၀.၂၀၁၉ |
| MT.FLY MARLIN | Diesel Oil | SINGAPORE | ၂၀.၁၀.၂၀၁၉ |
| MT.OCEAN GOBY | MOGAS (92Ron) | SINGAPORE | ၂၀.၁၀.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS (92Ron) | SINGAPORE | ၂၁.၁၀.၂၀၁၉ |
| MT.ORCA PACIFIC | Diesel Oil | SINGAPORE | ၂၁.၁၀.၂၀၁၉ |
| MT.PRIM ROSE | P.Oil(In Bulk) | INDONESIA | ၂၂.၁၀.၂၀၁၉ |
| MT.FLY GARNARD | Diesel Oil | SINGAPORE | ၂၄.၁၀.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၄.၁၀.၂၀၁၉ |
| MT.DENKO BRIGHT | Diesel Oil | SINGAPORE | ၂၇.၁၀.၂၀၁၉ |

## သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်စပါးပေါက်ဈေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထစပါးအဟောင်း ပေါင်၅၀ တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၀၊ ဧည့်မထစပါး အသစ် ပေါက်ဈေးသည် ရိတ်ခြွေစက်ကျအစို ၅၅ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၂၀၀၀၀၊ ဆန်ဈေးသည် တစ်အိတ်ကို ကျပ် ၁၇၆၀၀၊ ဆန်ကွဲတစ်အိတ်ကို ကျပ် ၁၅၅၀၀၊ ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၉၀၀၀ အသီးသီးပေါက်ဈေးရှိပြီး အရောင်းအဝယ်ပုံမှန်သာရှိကြောင်း မြို့နယ်ဆန်စက်ဥက္ကဋ္ဌထံမှ သိရသည်။

**သိန်းဆွေ(စသသ)-သနပ်ပင်**

## ရေနံချောင်း၌ မဲဇလီဖူး အရောင်းသွက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင်မဲဇလီဖူးများမှာ နယ်မြို့များမှ အဝယ်ရှိသောကြောင့် အရောင်းအဝယ်သွက် နေကြောင်း ဒေသခံရောင်းဝယ်သည့် ဈေးကွက်မှသိရသည်။ "ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အထိ ကားနဲ့ပို့ရတယ်။မြို့မဈေး၊ သံကန်ကုန်းဈေး၊ တွင်းကုန်းဈေးနဲ့ မြို့ပေါ်ရှိတဲ့ဈေးတွေကိုလက်ကားရောင်းရတယ်။ ဈေးကတော့ မဲဇလီဖူးတစ်ပြည်ကို ၈၀၀ ကျပ်၊ အပြင်မှာ ၁၂၀၀ကျပ်ပေါက်ဈေးရှိတယ်။ မနှစ်ကတော့ တစ်ပြည်ကို ၆၀၀ကျပ် ရောင်းရတယ်"ဟုမဲဇလီဖူးရောင်းဝယ်သူ ကိုဝင်းဌေးက ပြောသည်။

ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ ချောက်မြို့နယ်များရှိကျေးရွာများတွင် လိုက်လံ ခူးဆွတ်ကြရပြီး ဒိုင်နှင့်လက်ကား ရောင်းသူများထံ ရောင်းချကြောင်းသိရသည်။ "မဲဇလီဖူးရာသီဖြစ်နေ တော့ တစ်ပတ်ကို ၅၀၀၀၀ကျပ် နေ့စဉ်ဝင်တယ်။ ဒါကဒိုင် ကို သွင်းတယ်။ ဇနီး၊ သမီးတွေကဈေးမှာမဲဇလီဖူးပြုတ်ပြီး တစ်ပြည်ကို ၁၂၀၀၀ကျပ်။ အစိမ်းတစ်ပြည်၁၂၀၀ ကျပ်ရောင်းတာ။ မိသားစု ဝင်ငွေရတယ်"ဟု ခူးဆွတ်သူအမျိုးသားတစ်ဦးက ပြောသည်။

**ရွှေစင်(ရေနံချောင်း)**

## ကြက်သွန်

# ပခုက္ကူနှင့်ဆိပ်ဖြူ ကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်နေသည်။ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ကမ္ဘ၊ ရေပြာနယ်များနှင့် ပခုက္ကူကျွန်းများမှ ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ နေ့စဉ် ကုန်ချိန် တစ်သိန်းကျော် အရောင်းအဝယ် ဖြစ်နေသည်။ ပခုက္ကူကျွန်းများမှ မြိတ်စားကြက်သွန်နီများ တစ်ဆယ်ကျပ်သားတစ်စည်းလျှင် ၇၅ ကျပ်မှ ၁၀၀ ဈေးဖြင့် ပခုက္ကူမြို့မဈေးနှင့် အမှတ်(၂) ဈေးတို့တွင် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကြက်သွန်နီကုန်ဝယ်ဒိုင်၏ လက်ကား ဈေးနှုန်းများမှာ ထိပ်စတစ်ပိဿာလျှင် ၇၁၅-၇၂၅-၇၃၅ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ၅၀၀-၅၅၀ ၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၁၀၀-၂၀၀-၃၀၀ ဈေးဖြင့် ကုန်ချိန် ၈၀၀၀၀ မှ ၁၃၈၀၀၀ ခန့် ဥပုသ်နေ့မှ လွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ် လျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်းဒေသ များသို့ တင်ပို့လျက်ရှိသည်။

ဆိပ်ဖြူ ကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီ ဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၅၅၀၊ အလတ်စတစ် ပိဿာလျှင် ၄၂၅ ကျပ် ၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ် ၃၀၀ ဈေးဖြင့် နေ့စဉ် ကုန်ချိန် ၁၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ် နေပြီး ဆိပ်ဖြူဒေသမှ ထွက်ရှိသည့် ကြက်သွန်နီများကိုရန်ကုန်၊ မူဆယ်၊ မော်လမြိုင်၊ ပုသိမ်မြို့များသို့ ကုန်ချိန် တစ်သိန်းကျော် တင်ပို့လျက်ရှိကြောင်းသိရသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**



# ပြည်ကြက်သွန်နီအရောင်းအဝယ် ပြန်လည်အေး

ယခုတစ်ပတ်သီးတင်းကျွတ်အခါကျော်ကာလတွင် ပြည်ဈေးကွက်၌ ကြက်သွန်နီသီးနှံမှာ အရောင်းအဝယ် ပြန်လည် အေးသွားကြောင်း သိရသည်။ ယခင်အခါကာလအတွင်း တစ်နေ့လျှင် ပိဿာ ၃၀ ဝင် အိတ် ၆၀၀-၇၀၀ ခန့်ထိ မှာယူရောင်းဝယ်မှုရှိခဲ့ရာမှ ယခုတစ်ပတ်တွင် အိတ် ၂၀၀-၂၅၀ခန့်သာ တစ်ရက်လျှင် ဝင်ရောက်မှုရှိတော့ကြောင်း သိရသည်။

ဆိပ်ဖြူ ပခုက္ကူ တောင်တွင်းဘက်မှ ကြက်သွန်နီများ အဝင်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ကြက်သွန်နီသီးနှံမှာ အဝင်လည်းနည်းသလို အရောင်းအဝယ်လည်း ပြန်လည်အေးသွားသည်ကို တွေ့ရသည်။ ဈေးနှုန်းများအနေဖြင့် ကြက်သွန်နီ သီးနှံမှာ အရောင်းအဝယ်အေးသော်လည်း အမြင့်ဈေးဖြင့်ဈေးငြိမ်နေပြီး ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး/လတ်/သေး) ကျပ် ၁၄၅၀-၁၄၀၀/၁၄၀၀-၁၃၀၀/၁၂၅၀-၁၁၅၀ နှုန်းတို့နှင့် လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) တစ်ပိဿာ ကိုကျပ် ၁၆၀၀/၁၅၀၀-၁၄၀၀/၁၃၀၀-၁၂၀၀ စသည့်နှုန်းများဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပြည်ဈေးကွက်တွင်း ကြက်သွန်ဖြူဈေး အနည်းငယ်တက်နေ

ယခုတစ်ပတ်တွင် ပြည်(ပွဲရုံ)များသို့ ကြက်သွန်ဖြူအိတ် တွေအဝင်ပြတ်ခဲ့တာကြောင့် ဈေးနှုန်းလည်း အနည်းငယ် ထပ်မံတက်လာသည်။ (ကြူကုတ်)ကတော့ အဝင်ပုံမှန်ရှိနေ သောကြောင့် ဈေးအနည်းငယ်ကျလာသည်။ ကြက်သွန်ဖြူ ဝင်ရောက်မှုမတူခြင်းကြောင့် ဈေးအတက်အကျမတူဘဲ အရောင်းအဝယ်သမားတို့ ဈေးကွက်စောင့်ကြည့်နေပြီး အရောင်းအဝယ်အေးလာသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေး (ပွဲရုံ)တစ်ပိဿာလျှင် (ရှမ်းစ)ကျပ် ၂၅၀၀၊ ကျပ် ၂၈၀၀၊ ကျပ် ၃၀၀၀နှင့် ကျပ် ၃၂၀၀ တို့ဖြင့် ဈေးအသီးသီးရှိပြီး ယခင်တစ်ပတ်ကထက် တစ်ပိဿာ ပေါ်တွင် ကျပ် ၃၀၀၊ ကျပ် ၄၀၀ ဈေးတက် လျက်ရှိနေသည်။ (ကြူကုတ်)စကတော့ ကျပ် ၂၆၀၀ ဈေးဖြင့် ရောင်းဝယ်လျက် ရှိပြီး တစ်ပိဿာအပေါ်တွင် ကျပ် ၂၀၀ ဈေးကျလာသည်။ ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းစ) ကျပ် ၂၈၀၀၊ ကျပ် ၃၀၀၀၊ ကျပ် ၃၅၀၀ တို့ဖြစ်ပြီး (ကြူကုတ်စ) ကိုတော့ ကျပ် ၃၀၀၀ မှ ၃၂၀၀ ထိ ရောင်းချလျက်ရှိနေသည်။ **နီနီဝင်း(ပြည်)**

## အာလူး

# အာလူးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေ

ပြည်ပွဲရုံများသို့ အောင်ပန်းထွက် ဗမာ(အာလူး)အိတ်တွေ အဝင်ပုံမှန်ရှိနေသည်။ ဒေသတွင်းအာလူးကြော်လုပ်ငန်းနှင့် လက်လီအရောင်းသမားတို့ အဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေသည်။ အောင်ပန်းမှ ဆိုဒ်စုံဝင်ရောက်ပြီး အရည်အသွေးလည်းကောင်းနေခြင်းကြောင့် အစွဲသွက်နေတာဖြစ်သည်။

ယခုတစ်ပတ် (ပွဲရုံ) အာလူးဈေးနှုန်းများမှာ (ကြီး/ လတ်/သေး)ကျပ် ၁၀၀၀၊ ကျပ် ၉၀၀၊ ကျပ် ၈၀၀ တို့ဖြစ်ပြီး ဈေးနှုန်း မပြောင်းလဲကြောင်းသိရသည်။ လက်လီဈေးများတွင် အာလူးတစ်ပိဿာ (ကြီး/လတ်/သေး) ကျပ် ၁၃၀၀၊ ကျပ် ၁၂၀၀ နှင့် ကျပ် ၁၀၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ခရိုင်အတွင်း လက်လီသမားများနှင့် မုန့်လုပ်ငန်းရှင်တို့ကြောင့် ယခုတစ်ပတ် အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

**နီနီဝင်း(ပြည်)**

## နနွင်း

# နနွင်းတင်ပို့မှုလျော့

အောက်တိုဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း နနွင်း ၄၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၅ တန်နှင့်စင်ကာပူနိုင်ငံသို့ ၁၈ တန် တင်ပို့ခဲ့ကြောင်းသိရသည်။

ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၄၀၀ ကျော်တင်ပို့ခဲခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၅၀ ကျော်တင်ပို့မှုလျော့နည်းခဲ့သည်။ နနွင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၉၄၀၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## နှမ်း

# ဈေးပြန်ကျလာသည့် ပြည်နှမ်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ဈေးကွက်တွင် သီတင်းကျွတ်ပြီးချိန် နှမ်း အရောင်းအဝယ်အေးသွားသည်ကို တွေ့ရသည်။ အရောင်းအေးသွားလို့ နှမ်းဈေး လည်း အနည်းငယ်ကျလာသည်။

ယခုတစ်ပတ်တွင် ဝင်ရောက်မှုနည်းသော်လည်း ဝယ်လိုအား သိပ်မရှိသည့် အတွက် နှမ်းဈေးကျလာသည်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၄၆၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၅၀၀၀ နှင့်စမုံနက် နှမ်းတစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပြန်ကျလာသည်ကိုတွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

## ချင်း

# ရှမ်းချင်းအသစ်များ အဝင်လှိုင်လာ

အောက်တိုဘာလတွင် ဈေးကွက်သို့ချင်းအသစ်များ အဝင်လှိုင်လာပြီဖြစ်သည်။ သီတင်းကျွတ်ကာလဖြစ်၍ ဝယ်လက်များက အဆွဲနည်းသွားခြင်းကြောင့် အရောင်းအဝယ်က အနည်းငယ်ပြန်ပြီး အေးသွားသည်။ ဈေးကွက်၌ ချင်းနုများသာ များနေပါသေးသည်။ ပိဿာ၃၀ တင်လျှင် ၂၈ ပိဿာခွဲခန့်သာကျန်ရန် ယခုအချိန်သည်အလျော့ကြမ်းကြောင်း သိရသည်။ ယခုတစ်ပတ် အောင်ပန်းဈေးကွက်၌ ချင်း(အသစ်)ကတစ်ပိဿာ ကျပ် ၇၀၀-၉၀၀ နှင့် ဈေးဖွင့်ထားပြီး ချင်း(အဟောင်း) လက်ကျန်က တစ်ပိဿာ ကျပ် ၁၉၀၀ ဈေးရှိသည်။ **ဇေခိုင်၊ တောင်ကြီး**



## မန်ကျည်း

# ဒေသထွက်မန်ကျည်းမှည့် အရောင်းအဝယ်ဖြစ်နေ

ယခုရက်ပိုင်းတွင် မန်ကျည်းပွဲရုံသို့ လက်လီသမားနှင့် ပရဆေးဖော်စပ်သူတို့ အဝယ်လိုက်လာခြင်းကြောင့် လက်ကျန်မန်ကျည်းမှည့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ရန်ကုန်သို့လည်း တစ်ပတ်နှစ်ကြိမ် တင်ပို့မှုရှိနေသောကြောင့် လှောင်သမားများ အရောင်းအဝယ်ဖြစ်နေသည်။ (ပွဲရုံ)ဈေးတစ်ပိဿာလျှင် ကျပ် ၂၆၀၀ဖြစ်ပြီး လက်လီဈေးတွင် ကျပ် ၃၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိသည်။ ကျောက်ပန်းတောင်း(ဓားလှီး) မန်ကျည်းမှည့် တစ်ပိဿာဈေး ကျပ် ၃၄၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိသည်။

**နီနီဝင်း(ပြည်)**

# အခွန်နှုန်းထား လျှော့ချမှုနှင့် အိမ်ခြံမြေဈေးကွက်အလားအလာ



စိန်သံ

အခွန်နှုန်းထားများနှင့်ပတ်သက်ပြီး စည်းကြပ်မှုမှလွတ်ကင်းနေသည့် ဝင်ငွေများ အပေါ် ကောက်ခံမည့် ဝင်ငွေခွန်နှုန်းထားကို အမျိုးအစားငါးမျိုးခွဲ၍ ကောက်ခံရန် ပြည်ထောင်စုလွှတ်တော်က စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်ခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့တွင် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ကာ အတည်ပြုလိုက်ပြီဖြစ်ပါသည်။

နိုင်ငံသားမည်သူမဆို အခြေခံပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းသစ် တည်ထောင်ခြင်း၊ လုပ်ငန်း ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အမျိုးအစား ငါးမျိုးခွဲကာ ကောက်ခံသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ကောက်ခံသွားမည့် ဝင်ငွေခွန်နှုန်းထား သတ်မှတ်ချက်များမှာ တစ်ကျပ်မှ ကျပ်သိန်း ၁၀၀၀ အထိကို ၃ ရာခိုင်နှုန်း၊ ကျပ် ၁၀၀၁ သိန်းမှ ကျပ်သိန်း ၃၀၀၀ အထိကို ၅ ရာခိုင်နှုန်း၊ ကျပ် ၃၀၀၁ သိန်းမှ ကျပ်သိန်း ၁၀၀၀၀ အထိကို ၁၀ ရာခိုင်နှုန်း၊ ကျပ် ၁၀၀၀၁ သိန်းမှ ကျပ်သိန်း ၃၀၀၀၀ အထိကို ၁၅ ရာခိုင်နှုန်းနှင့် ကျပ်သိန်းသုံးသောင်းအထက်ကို ၃၀ ရာခိုင်နှုန်း စသည်ဖြင့် ဝင်ငွေခွန်နှုန်းထားကို အမျိုးအစား ငါးမျိုးခွဲ၍ ကောက်ခံသွားမည် ဖြစ်သည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ကောက်ခံခဲ့သည့်ဝင်ငွေခွန်နှုန်းထားမှာ တစ်ကျပ်မှ ကျပ်သိန်း ၃၀၀ အထိ ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ အထက်မှ ကျပ်သိန်း ၁၀၀၀ အထိ ၂၀ ရာခိုင်နှုန်းနှင့် ကျပ်သိန်း ၁၀၀၀ နှင့်အထက်အား ၃၀ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံခဲ့ခြင်း ဖြစ်သည်။

ယခု သတ်မှတ်လိုက်သည့် အခွန်သက်သာခွင့်နှုန်းထားများသည် ၂၀၁၉ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိသာ အကျိုးသက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ ယခင်ကလည်း ဝင်ငွေခွန်နှုန်းထား လျှော့ချပေးခြင်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခင်က ထိုကဲ့သို့ အခွန်နှုန်းထားများကို လျှော့ချခဲ့မှုကြောင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အိမ်ခြံမြေဈေးကွက် အရောင်းအဝယ် တိုးတက်ခဲ့သလို ဆောက်လုပ်ရေးလုပ်ငန်းများ၏ ခေတ်တစ်ခေတ် ဖြစ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ခုနှစ်များတွင် ရန်ကုန်မြို့ရှိ အိမ်ခြံမြေဈေးများမှာ မကြုံစဖူးလောက်အောင်ပင် တစ်ဟုန်ထိုး မြင့်မားလာခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် အခွန်နှုန်းထားများကြောင့် အိမ်ခြံမြေဈေးများမှာ သိသိသာသာ ထိုးကျခဲ့ပြန်သည်။ ယင်းအနေအထားမှာ ၂၀၁၅ ခုနှစ်မှ လက်ရှိအချိန် အထိပင် ဖြစ်ပါသည်။

အခွန်နှုန်းထားများနှင့်ပတ်သက်ပြီး စည်းကြပ်မှုမှလွတ်ကင်းနေသည့် ဝင်ငွေများအပေါ် ကောက်ခံမည့် ဝင်ငွေခွန်နှုန်းထားကို အမျိုးအစားငါးမျိုးခွဲ၍ ကောက်ခံရန် ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်ကာ အတည်ပြုလိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အခွန်နှုန်းထားများ လျှော့ချခြင်းကြောင့် နိုင်ငံ၏ စီးပွားရေး အလျင်အမြန်တိုးတက်လာမည်ကို တစ်ထစ်ချပြောလိုကြောင်း၊ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်အသင်းချုပ်အနေဖြင့် ပြောမည်ဆိုလျှင် တစ်နိုင်ငံလုံးပင်ရှိသည့် လုပ်ငန်းပေါင်းစုံနှင့်သက်ဆိုင်ကြောင်း၊ အခွန်လျှော့ချခြင်းအားဖြင့် အောက်တိုဘာလမှစ၍ လုပ်ငန်းများအားလုံး ပိုမိုမြန်ဆန်သွက်လက်လာမည်ဖြစ်ကြောင်း၊ ယင်းအပြင် လုပ်ငန်းများနှင့်ပတ်သက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာနိုင်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံခြားသို့သွားပြီး အလုပ်လုပ်ရသည့် ဦးရေကတစ်နှစ်ထက်တစ်နှစ် တိုးတက်လာခြင်းကြောင့် နိုင်ငံခြားတွင် သွားလုပ်သည့်အလုပ်သမားဦးရေကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

ယခုကဲ့သို့ အခွန်နှုန်းထားများ လျှော့ချပေးပြီးနောက်ပိုင်းတွင် ဘဏ်အတိုးနှုန်းနှင့်ပတ်သက်၍ လျှော့ချပေးရန် ဘဏ်များအားလုံးကလည်း စီစဉ်ထားကြောင်း သိရသည်။ ထိုကဲ့သို့ အခွန်နှုန်းထားများ လျှော့ချလာမှုနှင့်အတူ ဗဟိုဘဏ်အပါအဝင် ဘဏ်များအားလုံးနှင့်အတူ ပြည်သူလူထုကလည်း ဝိုင်းဝန်းပေါင်းစပ်ပြီး လုပ်ဆောင်လျှင် မြန်မာ့စီးပွားရေးမှာ အလျင်အမြန် တိုးတက်လာနိုင်ဖွယ်ရှိနေပါသည်။

ယခင် ၂၀၁၅ ခုနှစ်အထိ မြန်မာ့အိမ်ခြံမြေဈေးမှာ တစ်ဟုန်ထိုး တိုးတက်ခဲ့ပြီး အရှေ့တောင်အာရှတွင် အမြင့်ဆုံးဈေးနှုန်းအထိသို့ပင် ရောက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ၂၀၁၅ ခုနှစ် မေလ နောက်ပိုင်းတွင် မြန်မာ့အိမ်ခြံမြေဈေးနှုန်းများ သိသိသာသာကျဆင်း

**အခွန်တံဆိပ်ခေါင်းနှင့်ပတ်သက်၍ တစ်သိန်းတန်၊ ၁၀ သိန်း တန်၊ သိန်း ၁၀၀တန် စသည်ဖြင့် အသီးသီး ရိုက်နှိပ်ပြီး အလွယ်တကူ ထုတ်ပေးမည်ဆိုပါက အခွန်ဆောင်ပြည်သူများအတွက် အခွန်ဆောင်ရသည်မှာ ပိုမိုလွယ်ကူလာနိုင်မည်ဖြစ်သည်။**

သွားပြီး အဝယ်ရပ်ဆိုင်းသည်အထိပင် ဖြစ်ခဲ့ရသည်။ ပြည်တွင်းရှိ ခရိုနီကြီးများကလည်း အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒမရှိတော့ဘဲ အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်လျော့ပါးခဲ့ရခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် အခွန်နှုန်းထားများ လျှော့ချလိုက်ခြင်းကြောင့် အိမ်ခြံမြေဈေးကွက်တွင် ဝယ်လိုအားများ ပြန်လည်မြင့်တက်လာတော့မည်ဖြစ်သည်။ ထိုကဲ့သို့ အိမ်ခြံမြေဈေးနှုန်း မြင့်တက်လာခြင်းမှာ ပြည်သူလူထုအတွက် အခက်အခဲမဖြစ်နိုင်သလို မြို့မြေဈေးများ မြင့်တက်ခြင်းအားဖြင့် မြို့နေလူထု၏ပိုင်ဆိုင်မှုများမှာလည်း မြင့်တက် သွားသည်ဟု ဆိုရမည်ဖြစ်သည်။ မိမိနိုင်ငံ၏မြေအပါအဝင် အဆောက်အအုံအားလုံး တန်ဖိုးအထိုက် အလျောက်ရှိခြင်းကို နိုင်ငံတကာကလည်း လေးစားမည်ဖြစ်သည်။

အခွန်နှုန်းထားများ လျှော့ချလိုက်ခြင်းကြောင့် ရောင်းဝယ်သူများအနေဖြင့် ယခင်ကကဲ့သို့ အခွန်ရှောင်သည့်ပုံစံမျိုး ဖြစ်လာတော့မည်မဟုတ်ဘဲ မှတ်ပုံတင်ရုံးကိုသွားပြီး မိမိတို့ထမ်းဆောင်ရမည့် အခွန်အခများကို ကျေကျေနပ်နပ်ထမ်းဆောင်သွားဖွယ်ရှိနေသည်။ ထို့ပြင် အခွန်တံဆိပ်ခေါင်းနှင့်ပတ်သက်၍ တစ်သိန်းတန်၊ ၁၀ သိန်းတန်၊ သိန်း ၁၀၀တန် စသည်ဖြင့် အသီးသီးရိုက်နှိပ်ပြီး အလွယ်တကူထုတ်ပေးမည်ဆိုပါက အခွန်ဆောင် ပြည်သူများအတွက် အခွန်ဆောင်ရသည်မှာ ပိုမိုလွယ်ကူလာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် အစိုးရဘက်ကလည်း အခွန်ရရှိရေးအတွက် လွယ်ကူသွားမည်ဖြစ်သည်။

လက်ရှိ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ Find Property အိမ်ခြံမြေရောင်းဝယ်ငှား မိုဘိုင်းအက်ပလီကေးရှင်းနှင့် ဝက်ဘ်ဆိုက်ကုမ္ပဏီမှ အမှုဆောင် ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်ရွှေဝတ်မှုံက အခွန်လျှော့ချလိုက်ခြင်းကြောင့် ကာလအတန်ကြာ အေးစက်နေသည့် အိမ်ခြံမြေဈေးကွက်မှာပြန်လည်လှုပ်ခတ်လာပြီး ကွန်ဒိုဝယ်ယူရန် စုံစမ်းသူများ များပြားလာကြောင်း ပြောဆိုခဲ့သည်။

“အခု ဝင်ငွေခွန်ကလည်း အတည်ပြုသွားပြီဆိုတော့ အိမ်ခြံမြေဈေးကွက် ပြန်လှုပ်လာပါတယ်။ ကွန်ဒိုတွေကို ဝယ်ယူဖို့ စိတ်ဝင်စားမှု ပိုများလာပါတယ်။ ဈေးကွက်မှာ ပိုပြီးအရောင်းသွက်လာတယ်။ မနှစ်ကတော့ အရောင်းငြိမ်သွားတယ်။ အခုတော့ အရောင်းအဝယ် ပြန်တက်လာမယ်ထင်ပါတယ်။ ဝင်ငွေခွန်သတင်းတွေ ထွက်နေတဲ့ အချိန်ကတည်းက ကျွန်မတို့ဆီကို ကွန်ဒိုဝယ်ဖို့အတွက် ကြိုပြီးစုံစမ်းတဲ့ လူရှိပါတယ်။ ကွန်ဒိုတွေက အဆင့်မီတဲ့ ဝန်ဆောင်မှုတွေလည်းပါတော့ ကျပ်သိန်း ၁၀၀၀လောက်တတ်နိုင်တယ်ဆိုရင် ကွန်ဒိုပဲဝယ်ဖို့ စိတ်ကူးကြပါတော့တယ်”ဟု ဒေါ်ရွှေဝတ်မှုံက ဆက်လက် ပြောထားသည်။

မည်သို့ပင်ဆိုစေ အခွန်နှုန်းထားများ လျှော့ချလိုက်ခြင်းကြောင့် ပြည်သူများအတွက် အသက်ရှုချောင်လာနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာဖွယ်ရှိနေသည်။

ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ ဘဏ်အတိုးနှုန်းများလည်း ထပ်မံလျှော့ချပေးမည်ဆိုပါက စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် အားတက်စရာဖြစ်လာမည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏လုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်မှုရှိမှသာလျှင် နိုင်ငံ့စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အိန္ဒိယတွင် ပဲဈေးနှုန်းများ မြင့်တက်နေပြီး ကန့်သတ်ကုန်စည် ပဲအမျိုးအစားများ၏ နောက်ဆုံး တင်သွင်းခွင့်ရက် သက်တမ်းတိုးပေးဖွယ်ရှိ

အိန္ဒိယတွင် မုတ်သုံမိုးအားကောင်းခြင်းကြောင့် အဓိကပြည်နယ်ကြီး ၄ ခု၌ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဝါသီးနှံစိုက်ခင်းများ ရေဝင်ခဲ့ပြီး သီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကျဆင်းမည်ကို တောင်သူများစိုးရိမ်နေကြကြောင်း၊ သီးနှံစိုက်ခင်းများ ပျက်စီးခြင်းကြောင့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းဈေးများလည်း မြင့်တက်လာနေကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရက ထုတ်ပြန်ခဲ့သည့် မိုးသီးနှံ (Kharif Crops) ထုတ်လုပ်မှုပမာဏ ဒုတိယအကြိမ်ခန့်မှန်းချက်၌ ပဲမျိုးစုံထုတ်လုပ်မှုတန်ချိန်မှာ ၈ ဒသမ ၂၃ သန်းဖြစ်ပြီး ပထမအကြိမ်က ခန့်မှန်းထားခဲ့သည့် တန်ချိန် ၈ ဒသမ ၅၉ သန်းအောက် တန်ချိန် ၃ ဒသမ ၆ သိန်း လျော့နည်းခန့်မှန်းထားကြောင်း သိရသည်။

လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးမှုများကြောင့် အိန္ဒိယရှိ ပဲအများဆုံးထုတ်လုပ်သည့် Madhya Pradesh ပြည်နယ်၏ မတ်ပဲထုတ်လုပ်မှုမှာ လျော့နည်းဖွယ်ရှိသည့်အတွက် အိန္ဒိယ သွင်းကုန်လုပ်ငန်းရှင်များသည် မြန်မာမှ မတ်ပဲများဝယ်ယူရန် စာချုပ်သစ်များ ဆက်လက်ချုပ်ဆိုနေကြကြောင်း၊ မြန်မာတွင် မတ်ပဲနှစ်စဉ်ထုတ်လုပ်မှု တန်ချိန် ၃ ဒသမ ၅ သိန်းဝန်းကျင်အနက် ဩဂုတ်လကုန်အထိ တန်ချိန် ၂ ဒသမ ၂၅ သိန်း ပြည်ပသို့ တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

ကန့်သတ်ကုန်စည် အမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလုံးများ သတ်မှတ်ကာလထက်ပို၍ တင်သွင်းခွင့် ဆက်လက်ရရှိရေးနှင့် စပ်လျဉ်း၍လည်း နောက်ဆုံးတင်သွင်းခွင့်ရက်အား အောက်တိုဘာ ၃၁ ရက် သတ်မှတ်ထားခြင်းကို ၃/ ၄ လ သက်တမ်းတိုးပေးရန် အိန္ဒိယပဲစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အဆိုပြုချက်ခဲ့ရာ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ငြင်းပယ်ခဲ့သည်ဟု အောက်တိုဘာ ၃ ရက်တွင် သတင်းစာမျက်နှာများ၌ ဖော်ပြခဲ့ပါသည်။

သို့ရာတွင် Agriwatch.com ၌ ထုတ်ပြန်ထားသည့် နောက်ဆုံးသတင်းများအရ ၁၈-၁၀-၂၀၁၉ ရက်တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) မှ တာဝန်ရှိသူများသည် အိန္ဒိယ ပဲလုပ်ငန်းရှင်များအသင်း/ ပဲစက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုပြုခဲ့ကြောင်း၊ ကန့်သတ်ကုန်စည်ပဲအမျိုးအစားများ၏ နောက်ဆုံးတင်သွင်းခွင့်ရက်ကို အောက်တိုဘာ ၃၁ ရက်အစား နိုဝင်ဘာ ၃၀ ရက်သို့ အစိုးရက သက်တမ်းတိုးပေးနိုင်ဖွယ်ရှိကြောင်း၊ ပြည်တွင်း၌ မတ်ပဲဈေးများ ထပ်မံမြင့်တက်လာပါက အရန်သိုလှောင်ထားသည့် ပဲများကို အစိုးရကိုယ်စား National Agricultural Cooperative Marketing Federation of India Ltd (NAFED) က ယခင်ထုတ်ရောင်းခဲ့သည့် ပမာဏထက်တိုး၍ လေလံတင် ရောင်းချပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ NAFED ၏ လက်ဝယ်တွင် အရန်မတ်ပဲတန်ချိန် ၂ ဒသမ ၃၁ သန်းခန့် ကျန်ရှိနေသေးကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်**

## Energy NYMEX 18-10-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.79 | -0.14 | -0.26 |
| Brent Crude Futr (USD/bbl) | 59.55 | -0.36 | -0.60 |
| Gasoline Rbob Fut (Cent/gal) | 161.30 | -0.95 | -0.59 |
| Natural Gas Futr (USD/MMBtu) | 2.33 | 0.02 | 0.65 |
| Heating Oil Futr (Cent/gal) | 194.03 | -0.78 | -0.40 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14-October | 17.62 | 2443.13 | 1706.79 | 5736.13 | 891.00 |
| 15-October | 17.37 | 2449.97 | 1710.08 | 5725.77 | 883.00 |
| 16-October | 17.24 | 2439.39 | 1710.74 | 5710.34 | 880.00 |
| 17-October | 17.28 | 2423.08 | 1699.72 | 5664.50 | 881.00 |
| 18-October | 17.48 | 2441.59 | 1704.79 | 5715.19 | 884.00 |

## ပြည်တွင်းငွေလဲနှုန်းဈေးငြိမ်ခဲ့ပြီး အရောင်းအဝယ်နည်းပါး

ပြည်တွင်းငွေလဲဈေးကွက်သည် အောက်တိုဘာလတတိယပတ်အတွင်း ဈေးငြိမ်နေခဲ့သလို အရောင်းအဝယ်နည်းပါးခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်ကအမေရိကန်တစ်ဒေါ်လာလျှင်၁၅၃၁ကျပ် သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင်၁၅၃၃ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း အမေရိကန်ဒေါ်လာကို ရောင်းလိုအားများပြီး ဝယ်လိုအားနည်းခဲ့သောကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ပုံမှန်အားဖြင့် ရုံးပိတ်ရက်ရှည်ကာလများတွင်ဈေးကွက်များ အရောင်းအဝယ်အေးလေ့ရှိကြောင်း၊ ရုံးပိတ်ရက်ကျော်လွန်ချိန်တွင် ဈေးကွက်တွင်း အရောင်းအဝယ်သွက်လာလေ့ရှိကြောင်း၊ မိုးရာသီကုန်ဆုံးချိန်ဖြစ်လာသည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်တက်သည့်သဘာဝကြောင့် ငွေကြေးဈေးကွက်မှာလည်း အားကောင်းလာနိုင်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် အောက်တိုဘာ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၃၂ကျပ်၊ ဝယ်ဈေး ၁၅၂၈ကျပ်မှ အောက်တိုဘာ ၁၇ ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၃ကျပ်၊ဝယ်ဈေး၁၅၂၉ကျပ်သို့ ရောက်ရှိလာခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၂ကျပ်၊ ဝယ်ဈေး ၁၅၂၈ ကျပ်ဖြင့် ဈေးပိတ်ခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကွာဟချက်မရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးနှုန်း ငြိမ်သက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးသည် အောက်တိုဘာလ တတိယပတ်အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ်၁၂၂၂၀၀၀ဖြင့် ဈေးပိတ်ခဲ့ပြီး ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့ကြောင်းသိရသည်။

"ဒီတစ်ပတ်ထဲမှာ ရွှေကအရောင်းအဝယ်ပါးပြီး ဈေးအတက်အကျနည်းတယ်။ အားလပ်ရက်ကာလလည်းဖြစ်တော့ ဈေးကွက်ကအေးနေသလိုဖြစ်နေတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ဈေးအတက်အကျရှိတယ်။ ပြီးခဲ့တဲ့တစ်ပတ် က ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၅၀၀စွန်းစွန်းသွားနေရာကနေ ဒီတစ်ပတ်ထဲမှာ ၁၅၀၀ အောက်ကိုပြန်ရောက်တယ်။ ဒီနေရာမှာကမ္ဘာ့ရေနံတင်သွင်းမှုအများဆုံးနိုင်ငံဖြစ်တဲ့ တရုတ်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ကုန်သွယ်ရေးစစ်ပွဲဂယက်ကြောင့် နှစ်ပေါင်းသုံးဆယ်အတွင်း အားအနည်းဆုံးဖြစ်သွားတယ်။ ဒါက ရေနံဈေးကျသွားနိုင်သလို ရွှေက အမြင့်ဈေးကို ပြန်လှမ်းနိုင်တယ်လို့မြင်တယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ၁၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၂၂၃၀၀၀ရှိခဲ့ရာမှ အောက်တိုဘာ ၁၇ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၃၀၀၀ ဖြင့်ဈေးဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာ ၁၈ရက်တွင် ကျပ် ၁၂၂၂၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ကမ္ဘာ့ရွှေဈေးကွက်၌ အောက်တိုဘာ ၁၅ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၉၇ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ ၁၇ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ၁၄၈၆ဒေါ်လာသို့ ကျဆင်းခဲ့သော်လည်း အောက်တိုဘာ ၁၈ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၉၀ဒေါ်လာဖြင့် ဈေးပိတ်ခဲ့သည်။ **သန်းထိုက်အောင်**

## အရင်းအနှီးဈေးကွက်ဆိုင်ရာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန်စတော့အိတ်ချိန်းက ကြီးမှူး၍ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်အကြောင်း၊စာရင်းဝင်ကုမ္ပဏီအကြောင်း၊ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများကို ကျွမ်းကျင်ပညာရှင်များက သင်ကြားပေးမည့် တစ်လတာ သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို နိုဝင်ဘာ ၁၆ရက်မှ ဒီဇင်ဘာ ၁၄ရက်အထိ ရန်ကုန်စတော့အိတ်ချိန်းဆွေးနွေးပွဲခန်းမ၌ အပတ်စဉ် စနေနေ့မွန်းလွဲ၁နာရီမှညနေ၄နာရီ၁၅ မိနစ်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကြေးအဖြစ် ကျပ်သုံးသောင်းသတ်မှတ်ထားကြောင်းသိရသည်။

လူဦးရေကန့်သတ်ထားပြီး သင်တန်းသား ၆၀အထိသာ လက်ခံမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ အွန်လိုင်း Booking System ဖြင့်သော်လည်းကောင်း နိုဝင်ဘာ၁၄ရက်ထက် နောက်မကျဘဲ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၃၇၁၂၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ Fcaebook Messengerကသော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Groupတို့ ပူးပေါင်းတည်ထောင်ခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် FMI, MTSH, MCB, FPB နှင့် TMHအစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

October 18, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.46 |
| BDT Bangladesh Taka | 84.68 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 7.08 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 71.21 |
| I DR Indonesia Rupiahs | 14145.82 |
| JPY Japan Yen | 108.58 |
| MYR Malaysia | 4.18 |
| PKR Pakistan Rupees | 156.46 |
| PHP Philippines Pesos | 51.35 |
| RUB Russia Rubles | 64.01 |
| SGD Singapore Dollars | 1.36 |
| KRWSouth Korea Won | 1181.38 |
| LKR Sri Lanka Rupe | 182.01 |
| THB Thailand Baht | 30.27 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23188.22 |

*Source:xe.com*

## World Gold Price

September- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 14 | 1498 | 1496 | 1496 |
| 15 | 1483 | 1483 | 1483 |
| 16 | 1487 | 1485 | 1485 |
| 17 | 1491 | 1490 | 1490 |
| 18 | 1496 | 1494 | 1495 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-10- 2019 | - | - |
| 15-10- 2019 | - | - |
| 16-10- 2019 | 1220.00 | 1218.50 |
| 17-10- 2019 | 1223.00 | 1223.00 |
| 18-10- 2019 | 1223.00 | 1221.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 7.07 | 30.42 | 84.70 | 71.23 |
| 15 | 7.08 | 30.43 | 84.74 | 71.98 |
| 16 | 7.09 | 30.42 | 84.71 | 71.53 |
| 17 | 7.09 | 30.36 | 84.71 | 71.43 |
| 18 | 7.08 | 30.27 | 84.68 | 71.21 |

## ဘိလပ်မြေ

# ရေလမ်းမှ တန်ချိန် ၁၅၀ကျော်နှင့် နယ်စပ်လမ်းမှ တန်ချိန် ဂ၆၀၀ ကျော်ဝင်

အောက်တိုဘာ ၆ ရက် မှ ၁၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၀၆၄ တန်ဖိုးရှိ ဘိလပ်မြေ ၁၅၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၅၆ တန်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၉၀၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၇၄၀ကျော် တင်သွင်းမှုလျော့နည်းခဲ့သည်။

အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၆၁၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၁၇၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၆၄၄၀ ကျော် အဝင်လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ကောင်းကြောင်း သိရသည်။ ယခုတစ်ပတ် အေသုံးလုံးက ကျပ် ၂၀၀၊ အယ်လ်ဖာက ကျပ် ၃၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံးကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၅၀၀၀၊ ခရောင်း(၅၂၅) ကျပ် ၅၃၀၀၊ ခရောင်း(၄၂၅)ကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** ပွင့်လင်းရာသီရောက်လာသောကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရသည်။ ယခင်တစ်ပတ်က ဈေးအနည်းငယ်တက်ခဲ့သော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီကျပ် ၅၂၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာကျပ် ၅၉၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့တစ်ကောင်(မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၆၅၀၊ ကြံ့နှစ်ကောင် (ပြာ)ကျပ် ၅၄၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** သီတင်းကျွတ်ပွဲတော်အပြီးဖြစ်သောကြောင့် အရောင်းအဝယ်အေးနေပြီး ဘိလပ်မြေဈေးများငြိမ်နေကြောင်းသိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန် (ထိုင်း)ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၉၀၀၊ ကမ္ဘောဇ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာအဝင်နည်း

အောက်တိုဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၁၂၁၇၉၇ တန်ဖိုးရှိ မြေသြဇာ ၆၃၃၂ ဒသမ ၄၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၁၅၈၀ ဒသမ ၆၉ တန်၊ ဂျာမနီနိုင်ငံမှတန်ချိန် ၅၄၀၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၈ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀တန်၊ ကိုရီးယားနိုင်ငံမှ ၁၅၂၉ ဒသမ ၄၅ တန်၊ မလေးရှားနိုင်ငံမှ ၁၉၈တန်၊ နော်ဝေနိုင်ငံမှ သုည ဒသမ ၄၇ တန်၊ ကာတာနိုင်ငံမှ ၉ ဒသမ ၄၇ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၅၇၄ ဒသမ ၇၄ တန်၊ ထိုင်းနိုင်ငံမှ ၃၅၆ ဒသမ ၁၁ တန်နှင့် ဗီယက်နမ်နိုင်ငံမှတန်ချိန် ၅၀၀ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၀၉၀၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှု နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၅၆၀ကျော်တင်သွင်းမှု လျော့နည်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား (၄၆%)၊ စူပါဖော့စဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၆း၁၆း၈)၊ ကြက်ချေးမြေသြဇာ၊ ဆိုဒီယမ်နိုက်တြိတ်၊ ကွန်ပေါင်း(၁၅း၉း၂၀)နှင့် ကွန်ပေါင်း (နေရွက်လှေ) တို့ဖြစ်သည်။

# တောင်ကြီးဈေးကွက် အရောင်းအေး

အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၈၀၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၀၃၁ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၅၀၀၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၊ မန္တလေးနှင့်တောင်ကြီးတို့တွင် အရောင်းအေးပြီး မကွေး၌အရောင်းပုံမှန်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ဖြစ်သောကြောင့် အရောင်းအဝယ်က သိပ်မသွက်သေးကြောင်း စိုက်ပျိုးရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုတစ်ပတ် အရောင်းအေးသလို ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅)(ထိုင်း)ကျပ် ၄၇၀၀၀၊ မြန်မာ့သြဘာ (ရွှေကောမတ်) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈) (မြင်းပျံ-ထိုင်း) ကျပ် ၄၇၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ ပိုတက် (အာမို)ကျပ် ၃၂၀၀၀၊ တီစူပါ (၁၂း ၁၃)(မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို)ကျပ် ၃၃၀၀၀၊ ကွန်ပေါင်း (၄၆%) (စံပြ)ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ယူရီးယား(ရွှေတောင်-တရုတ်)နှင့်တီစူပါ(သံကွင်း) က ကျပ် ၂၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၁၀၀၊ တီစူပါ(၄၆%-တရုတ်)ကျပ် ၂၃၅၀၀၊ မြားသီးစုံ ကျပ် ၁၈၄၀၀၊ ပန်းသီးစုံ ကျပ် ၁၈၁၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ ပိုတက်ကျပ် ၂၇၈၀၀၊ မြားကမ္ဘာ ကျပ် ၁၈၄၀၀၊ မြား(၁၅း၇း၈)က ကျပ် ၂၂၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဈေးအတက်အကျ အနည်းငယ်ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင် ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ်၁၅၈၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၉၅၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၆၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၇၀၀၀၊ မြားကမ္ဘာကျပ် ၁၈၇၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်း ကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

## နို့ဆီ/နို့မှုန့်

# နို့ဆီ တန်ချိန် ၅၀၀ကျော်နှင့် နို့မှုန့်တန်ချိန် ၁၀၀ကျော်ဝင်

အောက်တိုဘာ ၆ရက်မှ ၁၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၇၂၇၆၀ တန်ဖိုးရှိ နို့ဆီ ၅၁၀ ဒသမ ၀၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နှင့် မလေးရှားနိုင်ငံမှ ၂၉၁ ဒသမ ၁၈ တန်တင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်တံဆိပ်များမှာ တီးပေါ့၊ ပက်(ပ်)၊အိုကေနှင့် Hawkတို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီ ၄၄၆ တန်ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၆၀ ကျော် တင်သွင်းမှုပိုခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၁၂၁၈ တန်ဖိုးရှိ နို့မှုန့် ၁၀၁ ဒသမ ၁၆၉ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် အိုင်ယာလန်နိုင်ငံမှ ၉၄ ဒသမ ၉၇၅ တန်နှင့် နယူးဇီလန်နိုင်ငံမှ ၆ ဒသမ ၁၉၄ တန်တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့်၄၅၇ ဒသမ ၇၇၄ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၃၅၆ဒသမ ၆၀၅ တန် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင် လျော့ခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၀ မှ ၁၁/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၉ မှ ၄/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၇.၅၅ | ၁၁၁.၅၀ | (-) | ၄၃.၉၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၅၀.၀၀ | ၆၀.၀၀ | (+) | ၉၀.၀၀ |
| ၅။ | တာချီလိတ် | ၆၀၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၄၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၂၄၀၀.၀၀ | - | (+) | ၂၄၀၀.၀၀ |
| | စုစုပေါင်း | ၈၆၁၇.၅၅ | ၂၁၇၁.၅၀ | (+) | ၆၄၄၆.၀၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၀ မှ ၁၁/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၉ မှ ၄/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၆၀.၅၀ | - | (+) | ၈၆၀.၅၀ |
| ၂။ | လွယ်ဂျယ် | ၁၅၄.၅၀ | ၄၈၁.၀၀ | (-) | ၃၂၆.၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၉၉၁.၁၅ | ၁၇၃၄.၉၅ | (+) | ၄၂၅၆.၂ |
| ၄။ | ကန်ပိုက်တီ | ၁၀၃၉.၀၀ | ၈၁၆.၀၀ | (+) | ၂၂၃.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၈၀၄၅.၁၅ | ၃၀၃၁.၉၅ | (+) | ၅၀၁၃.၂၀ |

ခင်မိုးသူ

# ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်း အစည်းအဝေး (2nd Trade Policy Review Meeting)ကို ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၁၄ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ ယင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားမည့် မေးခွန်းများအတွက် ကနဦးအချက်အလက်များ ဖြေကြားနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးကို အောက်တိုဘာ ၈ ရက်တွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကျင်းပခဲ့သည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ တာဝန်ဝတ္တရားကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပြီး မိမိတို့ကဲ့သို့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များအတွက် စနစ်တကျဖော်ထုတ်ပေးနိုင်မည့် ရလဒ်များလည်း ပေါ်ထွက်လာမည်ဖြစ်ပြီး လိုအပ်သည့်ကဏ္ဍများမှာလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများအနေနှင့်လည်း စိတ်ပါဝင်စားစွာ ပူးပေါင်းကူညီလာနိုင်မည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများဖြစ်သည့် Trade Law နှင့် Trade Remedies Law များ ပြဋ္ဌာန်းနိုင်ရေး၊ လိုအပ်သည့်Trade Policy များ ချမှတ်နိုင်ရေး၊ Notification ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေး၊ E-Commerce လုပ်ငန်းစဉ်မှ E-Commerce Strategy ဖြစ်ပေါ်လာရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အရေးပါသောလုပ်ငန်းစဉ်များ အောင်မြင်မှုရစေရန် သက်ဆိုင်ရာ Development Partners များနှင့် ပူးပေါင်းဆောင်ရွက်နေပြီး အဆိုပါ လုပ်ငန်းစဉ်များနှင့်တစ်ပြိုင်နက် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းကို အချိန်ကိုက်ဆောင်ရွက်နေခြင်းဖြစ်သည်။

၂၀၂၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို အချိန်ကိုက်ဆောင်ရွက်ရခြင်းမှာ မြန်မာနိုင်ငံက မဖြစ်မနေ လိုက်ပါဆောင်ရွက်ရမည့် ကုန်သွယ်မှုဆိုင်ရာ ပွင့်လင်းမြင်သာရှိစေမည့် ကိစ္စရပ်များတွင် လိုအပ်နေသည့် နည်းပညာအကူအညီများပေးနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေးတို့အတွက် Development Partners များနှင့်ဆက်လက်ချိတ်ဆက် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်များတွင် ထပ်မံ ထည့်သွင်း လို သည့် ကဏ္ဍများရှိပါက ထပ်မံထည့်သွင်းနိုင်ကြောင်း ဖိတ်ကြားခဲ့ရာ Goods ကဏ္ဍအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ်က ဆွေးနွေးရာတွင် Export ပြုလုပ်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်တွင် ယခုနှစ်မှာ အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့တင်ပို့ရာတွင် ပုဂ္ဂလိကကဏ္ဍမှလည်း များစွာအထောက်အပံ့ပေး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ Fisheries ကဏ္ဍနှင့်ပတ်သက်ပြီး အကြံဉာဏ်ကောင်းများပေးစေလိုကြောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ်က ဆွေးနွေးရာတွင် Logistics ကဏ္ဍ၊ Warehouse ကဏ္ဍ၊ Delivery ကဏ္ဍများအား ထည့်သွင်းစဉ်းစားစေလိုကြောင်း ဆွေးနွေးခဲ့ကြသည်။

Services ကဏ္ဍတွင် ငွေကြေးဝန်ဆောင်မှု Financial Services၊ ဆက်သွယ်ဆောင်ရွက်မှု Telecommunication၊ သယ်ယူပို့ဆောင်ရေး Transport နှင့် ခရီးသွားလုပ်ငန်းများအပြင် ဖြန့်ချိရေး Distribution၊ E-Commerce နှင့် Professional Services များဖြစ်သည့် Legal Services၊ Education၊ Accounting Services၊ Taxation Services၊ Engineering Services စသည့် ဝန်ဆောင်မှုကဏ္ဍသစ်တွေအနက် သင့်လျော်သည့် ထည့်သွင်းသင့်သည့်ကဏ္ဍများကို ဆွေးနွေးအကြံပြုစေလိုကြောင်း Logistic ကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသည့်လုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ သက်ဆိုင်ရာဌာနများသို့ ထပ်မံထည့်သွင်းလိုသည့်ကဏ္ဍများရှိပါက ထပ်မံ ထည့်သွင်းနိုင်ရန် သက်ဆိုင်ရာဌာနများသို့စာဖြင့် အကြောင်းကြားတောင်းခံသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးသို့ ဦးစီးဌာနပေါင်း ၆၇ ဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် ၉၀ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ကုန်သွယ်မှု မူဝါဒလေ့လာဆန်းစစ်ခြင်းနှင့် သက်ဆိုင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အကြောင်းအရာများအား အသေးစိတ်ဆက်သွယ်မေးမြန်းလိုပါက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ WTO နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများဌာနခွဲ ဖုန်း - ၀၆၇-၄၀၈၄၁၁၊ ၀၆၇-၄၀၈၂၆၁၊ ဖက်စ်-၀၆၇-၄၀၈၃၁၁၊ e-mail–wtotprteam2020@gmail.com တို့သို့ ဆက်သွယ်မေးမြန် ဆောင်ရွက်သွားနိုင်ကြောင်း သိရှိရသည်။

**WTO ဌာနခွဲ**

## တောင်ကြီးမြို့တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ကျင်းပ

'အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့'အထိမ်းအမှတ် အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၈ရက်တွင် ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ UNDP ရှမ်းပြည်နယ်တာဝန်ခံမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပေးပို့သော 'အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့'သဝဏ်လွှာကိုဖတ်ကြားခဲ့သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများမှ ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ ဌာနဆိုင်ရာအကြီးအကဲများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှု ဗီဒီယိုကိုပြသသည်။

အခမ်းအနားအပြီးတွင် 'အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့' အခမ်းအနားနှင့်ပတ်သက်၍ ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီနှင့်ကာတွန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာန၏ ပညာပေးစာအုပ်နှင့်လက်ကမ်းစာစောင်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တက်ရောက်လာကြသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ အခမ်းအနားသို့ ၃၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**စာမောင်-တောင်ကြီး**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၁၀-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၈၀၀၀ | ၈၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| မုံရွာ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၁၈-၁၀-၂၀၁၉ US$/Ton

| အမျိုးအစား | အောက်တိုဘာပထမပတ် | အောက်တိုဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၁၀.၅၀ | ၅၁၈.၀၀ | △ |
| **RBD P.Olein** | ၅၁၆.၀၀ | ၅၂၃.၅၀ | △ |
| **RBD P.Stearin** | ၅၁၃.၀၀ | ၅၀၉.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈-၁၀-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၃၅.၃၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၈၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၇၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၈၁.၇၄၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၁၀-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8˚C Max 573 ဒေါ်လာနှင့် USD ဈေး ၁၅၃၃ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၈-၁၀-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန် ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၃ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မကွေးကုန်စည်ဒိုင်တွင် နှမ်းဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး၌ ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်အတွင်း မိုးရွာသွန်းမှုလျော့ကျသွားကာ နှမ်းအရည်အသွေးကောင်းများ ဝင်ရောက် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် နှမ်းဈေးများ မြင့်တက်သွားသည်။

မကွေးကုန်စည်ဒိုင်တွင် ယခင်တစ်ပတ် အောက်တိုဘာ ၉ ရက်တွင် နှမ်း နက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၄၂၀၀၀၊ နှမ်းဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၁၆၀၀၀၊နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၅၃၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၄၆၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၉၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ် အောက်တိုဘာ ၁၆ ရက်တွင် နှမ်း နက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၄၅၀၀၀၊ နှမ်း ဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင်ထိပ်စ ကျပ် ၁၅၄၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၄၇၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ နှမ်းညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် မိုးနှမ်းများ ဝင်ရောက်မှုများပြားလာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဈေးများ မြင့်တက်သွားရာ ယခင်တစ်ပတ်ဈေးထက်နက်(စမုံ ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၊ နှမ်း ဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၄၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၀၀၀၊ နှမ်းဖြူနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၆၀၀၀ စီဈေးမြင့်တက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်တင်ပို့ကြက်သွန်နီ ဈေးကျ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ ကြက်သွန်နီများ နေ့စဉ်တင်ပို့လျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အတွင်း ကြက်သွန်နီကား ၃၅၇ စီး၊ တန်ချိန် ၆၀၁၇ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၄ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

ငွေဈေးမှာ တစ်ဒေါ်လာကျပ် ၁၅၂၀၊ မြန်မာကျပ်ငွေ ၁၀၀ လျှင် သုည ဒသမ ၀၄၆၈ ယွမ်၊တစ်ယွမ်လျှင် ၂၁၅ ကျပ် ပေါက်ဈေးရှိခဲ့ပြီး ကြက်သွန်နီတစ်တန်ဈေးမှာ တရုတ်ယွမ်ငွေ ၂၀၅၀-၂၂၀၅၊ မြန်မာကျပ်ငွေ ၄၄၀၀၀၀-၄၇၄၀၀၀၊ တစ်ပိဿာ ၃ ဒသမ ၂-၃ ဒသမ ၅ ယွမ်၊ မြန်မာကျပ်ငွေ ၇၁၀-၇၆၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အတွင်းဖြစ်ပေါ်ခဲ့သောကြက်သွန်နီဈေး ပြောင်းလဲမှုမှာတစ်ပိဿာ ကျပ် ၅၀ ဝန်းကျင်သာရှိခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် တစ်ပိဿာ ကျပ် ၇၆၀ မှ ၄ ရက်တွင် ကျပ် ၉၁၀ ဈေးသို့ ထပ်မံပြောင်းလဲခဲ့သည်။

အောက်တိုဘာ ၉ ရက်တွင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၈၈၀ ဝန်းကျင်ဈေးရောင်းချခဲ့ရသော်လည်း အောက်တိုဘာ ၁၀ ရက်နောက်ပိုင်းမှယနေ့အထိ တစ်ပိဿာ ကျပ် ၈၂၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရသည်။

**ထွန်းမင်းထွန်း**
**(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပမည်

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားနှင့် ပြခန်းများအား ကရင်ပြည်နယ် ဘားအံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် ဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များကို ပြည်သူများ စိတ်ဝင်စားဖွယ်ဖြစ်စေရန် ပြခန်းများပြသရာတွင် ဆွဲဆောင်မှုရှိပြီး စိတ်ကူးစိတ်သန်းကောင်းသော ပြခန်း/ပြကွက်များဖြင့် လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများ သိမှတ်စရာ၊ ဗဟုသုတများ ရရှိစေရေးအတွက် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြခန်းများတွင် ဌာနဆိုင်ရာများမှ ပြည်သူလူထု စိတ်ဝင်စားဖွယ်ဖြစ်စေမည့် သိမှတ်စရာ ဗဟုသုတတိုးပွားစေမည့် တစ်မူထူးခြားပြခန်း/ပြကွက်များဖြင့် ပြသမည်ဖြစ်သလို NGOအဖွဲ့အစည်းများမှလည်း ပညာပေးပြခန်းများကို ပြသသွားမည်ဖြစ်ပြီး၊ SMEs ထုတ်ကုန်များ၊ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အမှတ်တရပွဲတော်များလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခင်မောင်မောင်အုန်း (TC)**

# မန္တလေး ကြက်သွန်နီဈေးနှုန်းနှင့် ဈေးကွက်

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် တစ်ပတ်အတွင်း ကြက်သွန်နီဈေးကွက်အခြေအနေမှာ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

မန္တလေးဈေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီတစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စကျပ် ၁၀၅၀၊ အလတ်စ ကျပ် ၉၅၀၊ အနိမ့်စ ကျပ် ၇၅၀၊ လက်လီဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၃၀၀၊ အလတ်စကျပ် ၁၂၀၀၊ အနိမ့်စကျပ် ၈၅၀ ဖြင့် နေ့စဉ် ကုန်ချိန်ပိဿာ ၁၀၀၀၀ မှ ၄၅၀၀၀ ကြားတွင်ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မန္တလေးတိုင်းအတွင်း အရည်သွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်ဈေးကွက်တွင် လက်ကားဈေးမှာ တစ်ပိဿာလျှင် အမြင့်စ ကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စ ကျပ် ၇၀၀၊ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စကျပ် ၁၂၀၀၊ အလတ်စ ကျပ် ၁၀၀၀၊ အနိမ့်စကျပ် ၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

မြင်းခြံကုန်စည်ဒိုင်ဈေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့်ရွာများမှ နေ့စဉ် ကုန်ချိန်ပိဿာ ၁၇၀၀၀ မှ ၈၄၀၀၀ ထိ ဝင်ရောက်မှုရှိပြီး ယခုတစ်ပတ် လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၁၁၀၀ ရကာ ယခင်တစ်ပတ်ပေါက်ဈေးနှင့် အောက်စ ကျပ် ၁၀၀ ခန့်တက်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မန္တလေးနှင့် ကျောက်ဆည်တို့တွင် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ချောစုဝင်း(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

# ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၇၀၀၀၀ ကျော်ဝင်

အောက်တိုဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၂၇၄၃၁၅ တန်ဖိုးရှိ ဒီဇယ် ၃၄၃၆၆ ဒသမ ၉၈၅ တန်နှင့် အမေရိကန်ဒေါ်လာ ၂၀၂၇၆၆၁၄ တန်ဖိုးရှိခတ်ဆီ ၃၈၆၂၉ ဒသမ ၆၀ တန်၊ စုစုပေါင်း ၇၂၉၉၆ ဒသမ ၅၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ် ၃၈၄၅၈ ဒသမ ၆၆ တန်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၄၀၉၁ ဒသမ ၆၇ တန်၊ ယခင်သီတင်းပတ်က ခတ်ဆီ ၅၅၃၄၁ ဒသမ ၃၄ တန်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၁၆၇၁၁ ဒသမ ၇၄ တန် အဝင်လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ဒီဇယ်ရော ခတ်ဆီပါ တင်သွင်းမှုလျော့နည်းခဲ့သည်။

နယ်စပ်စခန်းဖြစ်တဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၃၃၆၁၄ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၂၃၆ ဒသမ ၄၂ တန်နှင့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၄၀၉၅ တန်ဖိုးရှိ ဒီဇယ် ၅၃၆ ဒသမ ၁၅ တန်နှင့် အမေရိကန်ဒေါ်လာ ၉၇၉၉၇၂ တန်ဖိုးရှိ ခတ်ဆီ ၂၀၃၉ ဒသမ ၅၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

# မန္တလေး ကုန်စည်ဒိုင်တွင် ပြောင်းဈေးကွက် အေးနေ

ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင် ပြောင်းဈေးကွက်၌ ပြည်တွင်း ကြက်စာအတွက်သာ ရန်ကုန်မှ ဝယ်လက်အနည်းငယ်ရှိနေပြီး ပြည်ပဝယ်လက်အေးနေကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ပြောင်းဈေးကွက်အခြေအနေမှာ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ စီပီပြောင်း ကျပ် ၂၀၀၀၀ မှ ၂၁၀၀၀၊ ရှမ်းပြောင်း ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀၊ အထွက်တိုးနီပြောင်း ၅၃ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ကျပ်၂၈၅၀၀မှ ၂၉၀၀၀၊ ဆန်ပြောင်း ၅၉ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၀၀၀၀မှ ၃၂၀၀၀ခန့် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ကာလတူ ပေါက်ဈေးနှင့် နှိုင်းယှဉ်ပါက စီပီပြောင်း ကျပ် ၅၀၀ ခန့်ဈေးတက်ပြီး ရှမ်းပြောင်း၊ အထွက်တိုးနီပြောင်းနှင့် ဆန်ပြောင်းတို့မှာ ဈေးငြိမ်နေသည်။

ယခင်လကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပြောင်း ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် စီပီပြောင်း ကျပ် ၁၅၀၀၊ ရှမ်းပြောင်း ကျပ် ၁၀၀၀မှ ၁၅၀၀၊ အထွက်တိုးနီပြောင်း ၅၃ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၀၀ မှ ၃၄၀၀၊ ဆန်ပြောင်း ၅၉ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀ မှ ၁၂၀၀၀ ခန့် ဈေးနှုန်းကျဆင်းလာသည်။

ယခင်နှစ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပြောင်း ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် စီပီပြောင်း ကျပ် ၁၀၀၀၀မှ ၁၀၅၀၀၊ ရှမ်းပြောင်းကျပ် ၉၀၀၀၊ အထွက်တိုးနီပြောင်း ၅၃ပိဿာဝင်သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၆၀၀၀မှ ၁၆၅၀၀၊ ဆန်ပြောင်း ၅၉ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင်ကျပ် ၂၂၀၀၀ မှ ၂၄၀၀၀ ခန့် ဈေးနှုန်းကျဆင်းလာသည်။

ပြောင်းကို အဓိကဝယ်ယူနေသည့် တရုတ်ဈေးကွက် အဝယ်အေးနေ၍ပြောင်းဈေးနှုန်းများ ကျဆင်းနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

**ချောစုဝင်း (ရတနာပုံ ကုန်သွယ်မှုဗဟိုဌာန)**

# ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သင့်

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဘဏ္ဍာနှစ်ကာလအတွင်း မက်ထရစ်တန် ၅၈၃၆၇၆ ဒသမ ၃၅၄တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၂၈ ဒသမ ၂၅၇ သန်း ရရှိခဲ့သည်။ ပို့ကုန်တန်ဖိုးအားဖြင့် အမြင့်ဆုံးတင်ပို့နိုင်သည့် စံချိန်ဖြစ်သည်။

သို့သော် မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၈၈၀၂ သန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ခန့်သို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချမှု ပြုနိုင်ကြောင်းသိရှိရပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၄၀ ကျော်သို့သာ တင်ပို့ရောင်းချမှုပြုနိုင်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံ ရေထွက်ပို့ကုန်တန်ဖိုး၏ ၆၀ ရာခိုင်နှုန်းခန့်ကို ငါး၊ ပုစွန် မွေးမြူရေး ထွက်ကုန်များမှ ရရှိခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဈေးကွက်သို့ အမေရိကန်ဒေါ်လာ ၁၆၂၃ သန်း၊ ဥရောပဈေးကွက်သို့ ၁၄၇၁ သန်း၊ ဂျပန်ဈေးကွက်သို့ ၁၃၇၈ သန်းနှင့် တရုတ်နိုင်ငံဈေးကွက်သို့ ၁၂၁၀ သန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံကဲ့သို့ တရုတ်ဈေးကွက်သို့ မွေးမြူရေး ငါး၊ ပုစွန်များ မွေးမြူထုတ်လုပ် တင်ပို့နိုင်ပါက အလွန်အလားအလာကောင်းသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သောကြောင့် တရုတ်နိုင်ငံဈေးကွက်မှ လိုအပ်ချက်မြင့်မားသည့် ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သင့်ကြောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ထံ စုစည်းအကြံပြုတင်ပြခဲ့ကြောင်း သိရသည်။ **ခိုင်သဥ္ဇာဦး၊ (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



# တောင်ကြီး အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ (၂၀၁၉ ) ကျင်းပ

တောင်ကြီးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၉) ကုန်စည်ပြပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင်ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွန့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက မိတ်ဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီး ဦးစိုးညွန့်လွင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းဉက္ကဋ္ဌ၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)နိုင်ငံ စီးပွားရေးသံမှူးတို့က ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်၍ ပြသထားသည့် ပြခန်းများကိုလှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကုန်စည်ပြပွဲတွင်ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့် မြန်မာနိုင်ငံတို့မှ ထုတ်လုပ်သည့် အရည်အသွေးမြင့် ထုတ်ကုန်အမှတ်တံဆိပ်များကို တပေါင်းတစည်းတည်း တွေ့မြင်နိုင်ခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်ရရှိခြင်း၊ ထုတ်ကုန်လုပ်ငန်းရှင်များ အချင်းချင်း ရင်းနှီးမှုရရှိခြင်း၊ ပြည်နယ်လုပ်ငန်းရှင်များအတွက် Business Platform တစ်ခု ဖန်တီးပေးနိုင်၍စီးပွားရေးကွန်ရက်ချဲ့ထွင်နိုင်ရန်ဖြစ်သည်။

တောင်ကြီး အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၉) ကုန်စည်ပြပွဲတွင် ရှမ်းပြည်နယ် ထွက်ကုန်များ အပါအဝင် လယ်ယာသုံး စက်ပစ္စည်းများ၊ ရိုးရာလက်မှုပစ္စည်းများ၊ စားသောက်ကုန်နှင့် ဖျော်ရည်ယမကာများ၊ အခြားလူသုံးကုန်ပစ္စည်းများနှင့် ပြည်ပနိုင်ငံများမှ လူသုံးကုန်၊ အလှကုန်၊ အိမ်သုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် ခရီးသွားဝန်ဆောင်မှုစသည် ပြခန်း ၈၀ ခန့် ပါဝင်ပြသခဲ့ကြောင်းသိရသည်။

**စောဝင်းကျော်**
**(ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)**

# မော်လမြိုင်မြို့ပေါ်ရှိ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

မော်လမြိုင်မြို့ပေါ်တွင် ရောင်းချနေသော အောက်တိုဘာ ၁ ရက် ပဲတစ်တင်းဈေးနှုန်းမှာ ပဲတီစိမ်း ကျပ် ၃၄၅၀၀၊ ပဲလွန်း ကျပ် ၂၀၅၀၀၊ မတ်ပဲ ကျပ် ၂၆၅၀၀၊ ဗိုလ်ကိတ် ကျပ် ၂၀၅၀၀၊ ပဲထောပတ် ကျပ် ၃၈၅၀၀ နှင့် ပဲပုပ် ကျပ် ၂၂၅၀၀ ရှိကြောင်း သိရှိရသည်။

ယခု အောက်တိုဘာ ၁၆ ရက် ပဲတစ်တင်းဈေးနှုန်းမှာ ပဲတီစိမ်း ကျပ် ၃၅၀၀၀၊ ပဲလွန်း ကျပ် ၂၁၀၀၀၊ မတ်ပဲ ကျပ် ၂၈၂၀၀၊ ဗိုလ်ကိတ် ကျပ် ၂၀၇၀၀၊ ပဲထောပတ် ကျပ် ၃၈၅၀၀ နှင့် ပဲပုပ် ကျပ် ၂၂၅၀၀ ဖြစ်ပေါ်နေသည့်အတွက် ပဲတီစိမ်းတစ်တင်း ကျပ် ၁၅၀၀၊ ပဲလွန်းတစ်တင်း ကျပ် ၅၀၀၊ မတ်ပဲတစ်တင်း ကျပ် ၁၇၀၀၊ ဗိုလ်ကိတ်တစ်တင်း ကျပ် ၂၀၀ ဈေးတက်ကြောင်း ပြည်နယ်တွင်း ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ရှိကြောင်း ပဲဈေးကွက်မှ လေ့လာသိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

# သဇင်မြေ ကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှု အခြေအနေ

၂၀၁၉ ခုနှစ် အောက်တိုဘာ ၅ ရက်မှ၁၁ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ မြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၄၈ ဒသမ ၆၅ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်မှာ ကြက်သွန်နီ ၂၃ ဒသမ ၉ တန်တင်ပို့ခဲ့ပြီး ယခင် တစ်ပတ်ထက် ယခုတစ်ပတ်တွင်ကြက်သွန်နီ ပိုမိုတင်ပို့နိုင်မှုခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိအမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ မန်ကျည်းဖတ်၊ ဆီးဖတ်၊ မန်ကျည်းစေ့၊ ကြက်သွန်နီ၊ နွား (အရှင်)၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၃၄၉၀၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သိရသည်။ **နီလာ(သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

# ဈေးပိုအရောင်းသွက် မတ်ပဲ

အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲ တင်ပို့မှုမှာ တန်ချိန် ၁၀၇၀၈ ဒသမ ၃၄၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၈၈၀၇၁ ဒသမ ၄၉ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၃ နိုင်ငံရှိပြီး ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်အာဖရိက၊ ဗီယက်နမ်၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၅၉၄၇ ဒသမ ၃၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၇၄၅၃၇ ဒသမ ၈ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်၍ တန်ချိန် လေးတန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၈၅၆၇ဒသမ ၁၁၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၁၈၃၀၂ ဒသမ ၇၉ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၂၁၄၁ဒသမ ၂၂၉၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၂၆၉၇၆၈ ဒသမ ၇ ပိုမိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၅၆၂ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၅၆၈ ကျော်ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာအမေရိကန်ဒေါ်လာ ၆ ဒေါ်လာခန့် ပိုမိုခဲ့ကြောင်း သိရသည်။ **စန်းစန်းမော် (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



# မြက်တန်ဖိုးမြှင့် ကုန်ပစ္စည်းဖြစ်သည့် တံမြက်စည်း

အသေးစား လက်မှုလုပ်ငန်း အိမ်တွင်းသုံးပစ္စည်းဖြစ်သည့် တံမြက်စည်းလုပ်ငန်းကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကံလှကျေးရွာတွင်လည်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။

မြက်မှ တန်ဖိုးမြှင့်ကုန်ပစ္စည်းဖြစ်သည့် တံမြက်စည်းထုတ်ကုန် အဆင့်ဆင့်မှာ ကိုင်းမြက်အမျိုးအစားဖြစ်သည့် ပြောင်စာမြက်မှ ထွက်ရှိလာသည့် ဖူးတန် ၁၀၀ ပါတစ်စည်းလျှင် ကျပ် ၇၀၀ ဖြင့်ဝယ်ယူပြီး နေလှန်းအခြောက်ခံရသည်။ ၁၀၀ ပါအစည်း တစ်စည်းကို တံမြက်စည်းပြုလုပ်ပါက နှစ်ချောင်းရရှိပြီး တံမြက်စည်းတစ်ချောင်း၏ လုပ်အားခမှာ ကျပ် ၁၅၀ ပေးချေရပြီး ထွက်ရှိလာသည့်ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်ဖြစ်သည့် ဒေသတွင်းရှိ မြစ်ကြီးနား၊ မိုးကောင်းမြို့ရှိ ဆိုင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ကိုးတောင်ဘို့မြို့ရှိဆိုင်များသို့ တစ်ချောင်းလျှင် ကျပ် ၈၀၀ ဈေးနှုန်းဖြင့်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ထုတ်လုပ်သည့်လုပ်ငန်းရှင်၏ အကျိုးအမြတ်အနေဖြင့် တံမြက်စည်းထုတ်လုပ်ရာတွင် ဆက်စပ်ပစ္စည်းများ၏ ကုန်ကျစရိတ်များရှိသည့်အတွက် ၁၀၀ ပါ အစည်းတစ်စည်းလျှင် ကျပ် ၃၀၀ ခန့် အမြတ်ရရှိကြောင်း ထုတ်လုပ်သည့်လုပ်ငန်းရှင်များပြောပြမှုအရသိရှိရသည်။ **ဌေးလှိုင် (မနောမြေ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Honduras နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၂ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ ပီရူး၊ ကာတာ နှင့်ယူကရိန်း စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၅ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်း လဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရ သည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဂျပန်၊ အိန္ဒိယ၊ အီတလီ၊ နော်ဝေ၊ ဂရိ၊ နယ်သာလန်၊ ဒိန်းမတ်၊ ပီရူး၊ ဆွီဒင်၊ တူရကီနှင့် မက္ကဆီကို စသည့်နိုင်ငံပေါင်း ၃၃ နိုင်ငံရှိ၍ ယခင် တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၂၀ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ၁၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Montenegro နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၁၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ ပီရူး၊ ကာတာနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် ၆၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဂျပန်၊ အိန္ဒိယ၊ အီတလီ၊ နော်ဝေ၊ ဂရိ၊ ဆွစ်ဇာလန်၊ တူရကီ၊ ဟန်ဂေရီ၊ နယူးဇီလန်၊ ဖင်လန်၊ နယ်သာလန်နှင့် ဆွီဒင် စသည့် နိုင်ငံ ၃၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၆ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့် လည်းကောင်း၊ ညှော်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဖြင့် လည်းကောင်း၊ ညှော်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့်လည်းကောင်း၊ ညှော်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၉ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၃ ဖြင့်လည်းကောင်း၊ ညှော်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၈ ဖြင့် လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော်မထ ၂၅ မှတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်နေခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ဈေးသက်သာသော တင်သွင်းဆန်များစွာ ဝင်ရောက်နေခြင်းကြောင့် ပြည်တွင်းစပါးဈေးများ ကျဆင်းနေသဖြင့် အစိုးရအနေဖြင့် ဆန်တင်သွင်းမှုကို အခွန် ၇၀ ရာခိုင်နှုန်း ပြဋ္ဌာန်းသင့်ကြောင်း၊ ပြည်တွင်း တောင်သူများအနေဖြင့် တင်သွင်းဆန်ကို ယှဉ်ပြိုင်နိုင်စေရန် အနည်းဆုံး ဆန်တင်သွင်းခွန် ၇၀ ရာခိုင်နှုန်း သတ်မှတ်မှသာ လုံလောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (PCAFI) က ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းနိုင်မည်ဆိုပါက အစိုးရအနေဖြင့် တောင်သူများအတွက် ငွေကြေးပံ့ပိုးမှု၊ ချေးငွေပေးအပ်မှုများ ဆောင်ရွက်ရန် မလိုအပ်တော့ကြောင်း၊ လက်ရှိတွင် တောင်သူများ၏ စီးပွားရေးထိခိုက်နစ်နာမှုကို ကုစားနိုင်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနက ရန်ပုံငွေ ပီဆို ၁၅ ဘီလီယံချပေးထားကြောင်း PCAFI ၏ ဥက္ကဋ္ဌ Danilo Fausto ကပြောကြားခဲ့သည်ကို သိရှိရသည်။

PCAFI အဖွဲ့သည် ဆန်ကိုအခွန်ဖြင့် တင်သွင်းခွင့်ပြုသည့် ဥပဒေကို ဆန့်ကျင်ခြင်းမဟုတ်ဘဲ တိကျပြတ်သားသော ပြဋ္ဌာန်းချက်များကို ချက်ချင်းဖော်ဆောင်၍ မူဝါဒကို ထိန်းသိမ်းစေလိုခြင်းသာဖြစ်ကြောင်း၊ PCAFI ၏မိတ်ဖက်အဖွဲ့အစည်းဖြစ်သော စိုက်ပျိုးရေးနှင့်ငါးလုပ်ငန်းပေါင်းစည်းအဖွဲ့၏ ဥက္ကဋ္ဌ Ernesto Ordonez ကလည်း ဆန်တင်သွင်းခွန်ကို လက်ရှိ ၃၅ ရာခိုင်နှုန်းမှ တိုးမြှင့်ရေး အပူတပြင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ဖိလစ်ပိုင်တွင် ဆန်ကိုအခွန်ဖြင့် တင်သွင်းခွင့်ပြုခဲ့သည့်နောက်ပိုင်း ဆန်မက်ထရစ်တန်ချိန် နှစ်သန်းကျော် တင်သွင်းခဲ့ပြီးဖြစ်ရာ နိုင်ငံ၏ဒေသအများစုတွင် စပါးဈေးများ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ဖိလစ်ပိုင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒဥပဒေအရ လုပ်ငန်းတစ်ရပ်၌ ကုန်ထုတ်စွမ်းအားများ သိသိသာသာ တုံ့ဆိုင်းနေလျှင်ဖြစ်စေ၊ ပြည်တွင်းလုပ်ငန်းများစွာမှာ အကျိုးအမြတ်ရအောင် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းမရှိလျှင် ဖြစ်စေ၊ လုပ်ငန်းတွင်း၌ အလုပ်လက်မဲ့နှုန်း မြင့်တက်နေလျှင်ဖြစ်စေ ကိုယ်ကျိုးစီးပွားကာကွယ်ရေး ပြဋ္ဌာန်းနိုင်ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသည့် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရန် ၂၀၁၉ ခုနှစ် မိုးစပါးနှင့် ၂၀၂၀ ပြည့်နှစ် နွေစပါးရာသီအတွက် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ကျပ်ငါးသိန်းသတ်မှတ်လိုက်ကြောင်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ကို သိရှိရသည်။

ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းဈေးနှုန်းအောက်တွင် ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ကြောင်း သိရှိရသည်။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးသို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ယင်းအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်ကို သိရှိရသည်။

ပြည်ပသို့ဆန်တင်ပို့မှုများပြီး ဝယ်လိုအားများပါက အခြေခံဈေးနှုန်း ကျပ်ငါးသိန်းဖြင့် အရောင်းအဝယ်ဖြစ်နိုင်ပြီး အခြေခံဈေးအောက်ကျဆင်းပါကလည်း အစိုးရ၊ အသင်းအဖွဲ့နှင့် ကုမ္ပဏီများပူးပေါင်းကာ ဆန်ဝယ်ယူရေးအစီအစဉ်များ ဆောင်ရွက်ပေးသင့်ကြောင်း ဧရာဝတီတိုင်းမှ ဆန် အကျိုးဆောင် ဒေါ်စန်းစန်းမိက ပြောကြားခဲ့သည်။ လက်ရှိတွင် ပဲခူးတိုင်းဒေသကြီးဘက်တွင် မိုးစပါး အနည်းငယ် စပေါ်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသများတွင် ပြီးခဲ့သည့်နှစ်က နွေစပါးများသာ ထွက်ရှိသေးကြောင်း၊ ယခုသတ်မှတ်သည့် အခြေခံရည်ညွှန်းဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မိုးစပါးနှင့် ၂၀၂၀ ပြည့်နှစ် နွေစပါးရာသီအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံမှ သိရှိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ တွက်ချက်မှုစာရင်းများအရ တောင်သူများအနေဖြင့် စပါးတင်းတစ်ရာလျှင် ကျပ် ၃၅၀၀၀၀ ခန့် ကျခံသုံးစွဲရကြောင်း၊ ထို့ကြောင့် စပါး တင်းတစ်ရာလျှင် ကျပ်ငါးသိန်းဈေးနှုန်းသည် တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးတစ်ခုဖြစ်ကြောင်း၊ အစိုးရက ရည်ညွှန်းဈေးနှုန်းဖြင့် စပါးဈေး အာမခံပေးခြင်းကို လက်ရှိတွင် အိမ်နီးချင်း အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင်လည်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးမျိုးသူရအေးက ပြောကြား ခဲ့သည်ကို သိရှိရသည်။

နိုင်ငံတကာတွင် စပါးတစ်တန် ဈေးနှုန်းကို အမေရိကန် ဒေါ်လာ ၂၀၀ အောက် မကျရောက်စေရန် အစိုးရများက စီစဉ်နေပြီး စပါးတင်း ၁၀၀ လျှင် ၂ ဒသမ ၁ တန် အလေးချိန်ရှိကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ ငွေလဲနှုန်းသည် တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ ခန့်ဖြင့် တွက်ချက်ပါက စပါးတင်းတစ်ရာလျှင် ကျပ် ၆၃၀၀၀၀ ကျော်ရှိကြောင်း၊

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၉ | ၁.၃၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၁ | ၀.၈၈ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၉ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၀ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Iceland | လီတာ | ၁.၈၉ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |
| ၅ | အယ်လ်ဂျီရီးယား | လီတာ | ၀.၃၅ | C.A. Republic | လီတာ | ၁.၈၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | ဟောင်ကောင် | လီတာ | ၁.၈၆ |
| ၂ | Cuba | လီတာ | ၀.၀၈ | Iceland | လီတာ | ၁.၈၁ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၈၁ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၆ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၁၉ | အစ္စရေး | လီတာ | ၁.၆၈ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၁ | ၀.၉၀ |
| ၂ | ဂျပန် | လီတာ | ၁.၃၃ | ၁.၁၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၇ | ၀.၉၆ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၀.၁၀.၂၀၁၉ | စည် | ၅၂.၅၉ |
| ၂ | ၁၁.၁၀.၂၀၁၉ | စည် | ၅၃.၅၉ |
| ၃ | ၁၅.၁၀.၂၀၁၉ | စည် | ၅၂.၈၁ |
| ၄ | ၁၆.၁၀.၂၀၁၉ | စည် | ၅၃.၃၆ |
| ၅ | ၁၇.၁၀.၂၀၁၉ | စည် | ၅၃.၉၃ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ယခင်တစ်ပတ်က အောက်တိုဘာ ၁၀ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၀၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ပြီး အောက်တိုဘာ ၁၇ ရက်တွင် ၁၄၈၆ ဒေါ်လာဖြစ်ပေါ်ခဲ့ကာ တစ်ပတ်အတွင်း ရွှေတစ်အောင်စလျှင် ၂၂ဒေါ်လာ ခန့် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးနှုန်းအနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၂၇၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၁၇ ရက်တွင် ကျပ် ၁၂၂၃၀၀၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်တွင်မူတည်၍ ရွှေဈေးနှုန်း အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၇ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁၀.၂၀၁၉ | ၁၂၁၅၀၀၀ | ၁၄၇၀ |
| ၂ | ၂.၁၀.၂၀၁၉ | ၁၂၂၅၀၀၀ | ၁၄၈၃ |
| ၃ | ၃.၁၀.၂၀၁၉ | ၁၂၃၀၀၀၀ | ၁၅၀၂ |
| ၄ | ၄.၁၀.၂၀၁၉ | ၁၂၂၉၀၀၀ | ၁၅၁၀ |
| ၅ | ၅.၁၀.၂၀၁၉ | ၁၂၂၉၀၀၀ | ၁၅၀၅ |
| ၆ | ၇.၁၀.၂၀၁၉ | ၁၂၂၇၅၀၀ | ၁၅၀၁ |
| ၇ | ၈.၁၀.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၅၀၃ |
| ၈ | ၉.၁၀.၂၀၁၉ | ၁၂၂၅၀၀၀ | ၁၅၀၃ |
| ၉ | ၁၀.၁၀.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၅၀၈ |
| ၁၀ | ၁၁.၁၀.၂၀၁၉ | ၁၂၂၇၅၀၀ | ၁၄၉၃ |
| ၁၁ | ၁၅.၁၀.၂၀၁၉ | ၁၂၂၃၀၀၀ | ၁၄၉၇ |
| ၁၂ | ၁၆.၁၀.၂၀၁၉ | ၁၂၂၁၀၀၀ | ၁၄၈၃ |
| ၁၃ | ၁၇.၁၀.၂၀၁၉ | ၁၂၂၃၀၀၀ | ၁၄၈၆ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂၀-၉-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၆၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၆-၁၀-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၆၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့ သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 16-Oct-19 | 12.45 cts/lb | 12.64 cts/lb | 339.65 $/T | 15.41 cts/lb |
| 15-Oct-19 | 12.70 cts/lb | 12.64 cts/lb | 345.55 $/T | 15.67 cts/lb |
| 14-Oct-19 | 12.61 cts/lb | 12.60 cts/lb | 343.30 $/T | 15.57 cts/lb |
| 11-Oct-19 | 12.52 cts/lb | 12.55 cts/lb | 338.85 $/T | 15.37 cts/lb |
| 10-Oct-19 | 12.52 cts/lb | 12.50 cts/lb | 338.20 $/T | 15.34 cts/lb |
| 9-Oct-19 | 12.53 cts/lb | 12.45 cts/lb | 340.75 $/T | 15.46 cts/lb |
| 8-Oct-19 | 12.59 cts/lb | 12.40 cts/lb | 340.25 $/T | 15.43 cts/lb |
| 7-Oct-19 | 12.65 cts/lb | 12.34 cts/lb | 339.35 $/T | 15.39 cts/lb |
| 4-Oct-19 | 12.89 cts/lb | 12.29 cts/lb | 345.00 $/T | 15.65 cts/lb |
| 3-Oct-19 | 12.86 cts/lb | 12.21 cts/lb | 341.35 $/T | 15.48 cts/lb |
| 2-Oct-19 | 13.00 cts/lb | 12.12 cts/lb | 344.30 $/T | 15.62 cts/lb |
| 1-Oct-19 | 12.97 cts/lb | 12.02 cts/lb | 345.40 $/T | 15.67 cts/lb |
| 30-Sep-19 | 12.75 cts/lb | 11.93 cts/lb | 344.85 $/T | 15.64 cts/lb |
| 27-Sep-19 | 12.29 cts/lb | 11.85 cts/lb | 342.45 $/T | 15.53 cts/lb |
| 26-Sep-19 | 12.31 cts/lb | 11.81 cts/lb | 340.80 $/T | 15.46 cts/lb |
| 25-Sep-19 | 12.39 cts/lb | 11.77 cts/lb | 340.50 $/T | 15.44 cts/lb |
| 24-Sep-19 | 12.13 cts/lb | 11.73 cts/lb | 332.35 $/T | 15.08 cts/lb |
| 23-Sep-19 | 11.91 cts/lb | 11.71 cts/lb | 330.25 $/T | 14.98 cts/lb |
| 20-Sep-19 | 11.78 cts/lb | 11.71 cts/lb | 326.65 $/T | 14.82 cts/lb |

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ သကြားအဖွဲ့ (International Sugar Organization - ISO) ၏ တွက်ချက် ခန့်မှန်းချက်များအရ တရုတ်နိုင်ငံအစိုးရသည် သကြားများ တရားမဝင်တင်သွင်းခြင်းအပေါ် အရေးယူမှုများကြောင့် ၂၀၁၉-၂၀၂၀ ကြံရာသီတွင် တရုတ်နိုင်ငံမှ သကြား တန်ချိန် ၅ သန်းဝန်းကျင်သည် ပိုလျှံနေမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ကို သိရှိရပါသည်။

စာမျက်နှာ ၁၆ သို့

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်လုပ်ငန်းများနှင့် ရေထွက်ပစ္စည်းများမှ စက်တင်ဘာလ ပြည်ပတင်ပို့နိုင်မှုအခြေအနေ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်လုပ်ငန်းများဖြစ်သော Hakers Enterprise (Myanmar) Co.,Ltd (ပုသိမ်)မှ Pants & Jackets အမျိုးအစားအရေအတွက် ၁၅၄၄၄၄၄၊ အမေရိကန်ဒေါ်လာ ၄၁၈၃၂၁၃ ဒသမ ၃၀၊ Huabo Times Textile and Clothing Co.Ltd (ပုသိမ်) မှ shirts အမျိုးအစား အရေအတွက် ၁၉၅၄၂၇၂ အမေရိကန်ဒေါ်လာ ၃၉၆၈၅၉၀ အား ဥရောပသို့တင်ပို့ခဲ့ပြီး North Shore Group Co.,Ltd (ပုသိမ်) မှ Pants & Jackets အမျိုးအစား အရေအတွက် ၄၄၅၈၉၃၊ အမေရိကန်ဒေါ်လာ ၇၇၇၄၁၃ ဒသမ ၆၀ ကို ဂျာမနီနိုင်ငံသို့ တင်ပို့၍ He Shan (Myanmar) Garments Co.Ltd (ပုသိမ်)မှ Shirts, Pants အမျိုးအစား အရေအတွက် ၁၆၂၉၃၀၈၊ အမေရိကန်ဒေါ်လာ ၁၉၀၆၂၃၈ နှင့် Dong Long (Pathein) Co.,Ltd (ပုသိမ်)မှ Jackets, Trousers အမျိုးအစားအရေအတွက် ၂၁၂၀၄၀၅ အမေရိကန်ဒေါ်လာ ၉၈၇၈၈၁ ဒသမ ၈၂ကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ရေထွက်ပစ္စည်းများကို Texchem Marine Labutta Ltd (လပွတ္တာ)ရှိ အအေးခန်းလုပ်ငန်းမှ ကဏန်းပျော့တန် ၂၄၀ ကျပ်သန်း ၂၁၆၀ ကို အာဆီယံနိုင်ငံများသို့လည်းကောင်း ရွှေယမုံထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (လပွတ္တာ)အအေးခန်းလုပ်ငန်းမှ ပုစွန် တန် ၁၅၀ ကျပ်သန်း ၁၅၀၀ကို ဂျပန်၊ ဥရောပသမဂ္ဂ (EU)၊ အင်္ဂလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ တင်ပို့ခဲ့ပြီး BHI အအေးခန်းစက်ရုံ (ဒေးဒရဲ)မှ ငါးမုတ် ကျပ်သန်း ၁၇၃ ဒသမ ၀၃၂ ကိုတရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ ခဲ့ကာ ၂၀၁၉ စက်တင်ဘာလအတွင်း အထည်ချုပ်လုပ်ငန်းငါးခု၊ အအေးခန်း လုပ်ငန်းသုံးခုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၈၂၃၃၃၆ ဒသမ၇၂ နှင့် ကျပ်သန်း ၃၈၃၃ ဒသမ ၀၃၂ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို ပြည်ပမှကုန်ကြမ်းတင်သွင်းကာ ပြည်တွင်း၌ ကုန်ချောထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့သည့် CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် ထုတ်လုပ်မှုကဏ္ဍတွင် အထည်ချုပ်ကဏ္ဍ၌ အများဆုံးဝင်ရောက်လျက် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင် ၅၀၀ ကျော်ရှိကာ ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့ရောင်းချခြင်းဖြင့် ရေလုပ်ငန်းရှင်နှင့် ရေလုပ်သားများ ဝင်ငွေရရှိသလို အထည်ချုပ်လုပ်ငန်းများမှလည်း အခြေခံလူတန်းစားများအတွက် အလုပ်အကိုင်အခွင့်အလမ်း အများဆုံး ဖန်တီးပေးနိုင်ပြီး ပြည်ပဝင်ငွေ အများဆုံးရရှိလျက်ရှိကြောင်း သိရသည်။ **မင်းမင်းဦး (ပုသိမ်)**



# မော်လမြိုင်မြို့၌ အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်ကြာကျင်းပ

မွန်ပြည်နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မွန်ပြည်နယ်အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် Canadian Executive Service Organization (CESO)အဖွဲ့တို့ပူးပေါင်းကျင်းပသည့် Product Development and Technology Improvement in Handicraft Industry Workshop ကို မော်လမြိုင်ကုန်စည်ဒိုင်ခန်းမတွင် အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့ရာ သင်တန်းသား/သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ Workshop တွင် CESO မှ Mr. John Mccook က ဝါးမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းတို့ကို စာတွေ့လက်တွေ့ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **မိုးမိုး(မွန်)**

# ပေါက်ဦးပေါ်စ သဲကုန်းမြို့၏ မုန်လာဥ(ဖြူ) ဈေးကွက်

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင်အတွင်းရှိ သဲကုန်းမြို့နယ်အပိုင် ပုတီးကုန်း ဟင်းသီးဟင်းရွက် ကုန်စိမ်းဒိုင်တွင်ပဲသီး၊ ငရုတ်သီး၊ ဘူးသီး၊ ခရမ်းသီး၊ မုန်လာဥဖြူနှင့် ခရမ်းကြွပ်သီး စသည်ဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

ယခုအချိန်တွင် မုန်လာဥဖြူပေါ်ကာစဖြစ်သည့်အတွက် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဈေးကွက်သို့ လာရောက် ရောင်းချကြသလို ကုန်စိမ်းဝယ်သူများက စိုက်ကွင်းထဲဆင်းပြီး ဝယ်ယူတာလည်းတွေ့ရသည်။ မုန်လာဥဖြူများကို ပုတီးကုန်းမှတစ်ဆင့် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေးသို့ တင်ပို့ရောင်းချလျက်ရှိသည်။ မုန်လာဥဈေးနှုန်းများအနေဖြင့် ၂၅ လုံးပါ တစ်တွဲလျှင် ကျပ် ၂၀၀၀-၂၅၀၀ ဖြင့်တင်ပို့ရောင်းချပြီး တင်ပို့ရာတွင် ခြင်းကြား တစ်ခြင်းလျှင် မုန်လာဥတွဲ ၃၀ ပါပြီး တစ်နေ့လျှင်ခြင်း ၅၀ တင်ပို့ရောင်းချလျက်ရှိသည်။

**လွင်လွင်ဆန်း(ပြည်)**

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

တရုတ်နိုင်ငံအတွင်းသို့ တရားမဝင် မှောင်ခိုတင်သွင်းသည့် သကြားအများစု၏ မူရင်းနိုင်ငံများမှာ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး အဆိုပါသကြားများကို မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့နယ်စပ်ဖြတ်ကျော် တင်သွင်းကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခင်နှစ်က မှောင်ခိုတင်သွင်းသည့် သကြားပမာဏသည် တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ ဒသမ ၈ သန်းအထိ ရှိမည်ဟုခန့်မှန်းထားပြီး ယခုနှစ်တွင် တရုတ်အစိုးရ၏ အရေးယူမှုများကြောင့် တန်ချိန် ရှစ်သိန်းဝန်းကျင်သာရှိမည်ဟု ဈေးကွက် ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။ တရုတ်နိုင်ငံသည် ပြည်ပမှ သကြားတင်သွင်းသည့် အပေါ်အကောက်ခွန် တိုးမြှင့်ကောက်ခံခြင်းနှင့်အတူ တရားမဝင် တင်သွင်းခြင်းများကို အရေးယူ ဆောင်ရွက်ခဲ့ခြင်းကြောင့် သကြားသွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှာ စံချိန်တင်လျော့ကျသွားခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် သကြားသွင်းကုန်အပေါ် အကောက်ခွန်နှုန်းထား မြင့်မားစွာ သတ်မှတ်ပေးထားခြင်းသည် ပြည်တွင်းသကြားလုပ်ငန်းများကို ကာကွယ်ပေးရန်အတွက်ဖြစ်သော်လည်း ယခုကဲ့သို့အရေးယူ ဆောင်ရွက်သည့်အတွက် ပြည်တွင်းသကြားဈေးနှုန်းများကို မြင့်တက်စေခဲ့ကြောင်း သိရှိရသည်။

ယခင်နှစ်ကထက် သကြားဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်သွားခဲ့ပြီး တရုတ်အစိုးရသည် ပြည်တွင်းလိုအပ်ချက်ကိုပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းမည်ဖြစ်ပြီး လိုအပ်ပါက ပြည်ပမှ တင်သွင်းမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတွက် ခွဲတမ်းသတ်မှတ်ချက်ပြဋ္ဌာန်းထားမည်ဖြစ်ပြီး ခွဲတမ်းပြင်ပတင်သွင်းမှုများအပေါ် အကောက်ခွန် အပိုဆောင်းပြီး စည်းကြပ်မည်ဖြစ်ကြောင်းသိရှိရပါသည်။ လွန်ခဲ့သည့်နှစ်နှစ်ခန့်မှစ၍ ကမ္ဘာ့သကြားထုတ်လုပ်မှုသည် ဝယ်လိုအားထက်ပိုလျှံနေခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သကြားအဖွဲ့(ISO) ၏ အဆိုအရ ယခုနှစ်တွင် သကြားတန်ချိန် ၉၅ သန်း ပိုလျှံနေခဲ့ပြီး ယင်းပမာဏသည် အာရှသကြားသုံးစွဲမှု ခြောက်လစာနှင့်ညီမျှကြောင်း သိရှိရသည်။

သကြားကိုပြည်ပသို့တင်ပို့မှုပမာဏတွင် ကမ္ဘာ့ဒုတိယနေရာတွင်ရှိနေသည့် ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာကုန်၌ သိုလှောင်ရုံများတွင် သကြားတန်ချိန် ၇ သန်းနီးပါး ကျန်ရှိနေပြီး ယခင်နှစ်ကထက် တန်ချိန် ၁ ဒသမ ၁ သန်းခန့် ပိုများနေခြင်းကြောင့် သကြားအသစ်ပေါ်မည့် ရာသီမတိုင်မီရောင်းထွက်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရှိရသည်။ အာရှမှ ပိုလျှံနေသည့် သကြားများကြောင့် သကြားဈေးနှုန်းမှာ ကျဆင်းနိုင်ဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ သကြားအဖွဲ့(ISO) ခန့်မှန်းထားသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၁၁ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၅၀ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၄၈-၄၅၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၈-၅၉၀ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နိုင်ငံတွင် သကြားဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး အမေရိကန်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းများ အနည်းငယ်ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၄ဒေါ်လာဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၅၀၅ ဒေါ်လာရှိပြီး တရုတ် နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၁၁ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၃၀၆ ဒေါ်လာဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၉ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ၁၉၀၀ ကျပ်နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး မကွေး၊ တောင်ကြီး၊ မန္တလေး၊ ပျဉ်းမနား၊ ထားဝယ်၊ မော်လမြိုင်နှင့် ဘားအံမြို့တို့တွင် သကြား တစ်ပိဿာလျှင်ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၆၁ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.50 %၊ Annual Rate of Inflation 8.35 %၊ Year on Year Inflation 10.87 % ရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ်အတွင်း ဆက်တိုက်မြင့်တက်လာပြီး ဩဂုတ်လတွင် ၈ ဒသမ ၅၃ ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း လစဉ်ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ ဈေးနှုန်းများနှင့် အသား၊ ငါး၊ ဥ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ စားသောက်ကုန်မဟုတ်သော အခြားကုန်ပစ္စည်းများ ဈေးမြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှု မြင့်တက်ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုနှုန်းထားသည် ကုန်ဈေးနှုန်းကိုဖော်ပြသည့် ကိန်းဂဏန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်း ဆက်တိုက်မြင့်တက်နေသည်ကို ကိန်းဂဏန်းများက ဖော်ပြနေပြီး ဗဟိုစာရင်းအင်းအဖွဲ့က ယခုနှစ် ဇန်နဝါရီလ၌ ထုတ်ပြန်သော ငွေကြေးဖောင်းပွမှု ကိန်းဂဏန်းသည် ၆ ဒသမ ၃၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် ကိန်းဂဏန်းနှစ်ခုကို နှိုင်းယှဉ်မည်ဆိုပါက ယခုနှစ် ရှစ်လအတွင်း ၂ ဒသမ ၁၉ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။


အာရှဖွံ့ဖြိုးရေးဘဏ် အစီရင်ခံစာ၌လည်း ယခုနှစ်တွင် ငွေကြေးဖောင်းပွမှု ၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကုန်ဈေးနှုန်း ၉ ရာခိုင်နှုန်းအထိ မြင့်တက်နေသည်ဟု ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ စီးပွားရေးအရှိန် မြင့်တက်ခြင်းကြောင့်လည်း ငွေကြေးဖောင်းပွမှု မြင့်တက်နိုင်ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောကြားခဲ့ပါသည်။ စားသောက်ကုန်ဈေးနှုန်းများ ကျဆင်းစေမည့် နည်းလမ်းများကို အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီး ထုတ်ကုန်ကဏ္ဍ တိုးမြှင့်ရန် လက်ရှိအချိန်တွင် လိုအပ်နေကြောင်း၊ စိုက်ပျိုးရေးကဏ္ဍထုတ်ကုန်များ တိုးမြှင့်ပြီး ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်မည်ဆိုပါက မြင့်တက်လာသော ငွေကြေးဖောင်းပွမှုအတွက် စိုးရိမ်စရာမရှိကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားကြသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၇ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၁ ဒသမ ၈၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၁၇ ရက်တွင် ၁၅၃၃ ဒသမ ၁၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၀၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် အောက်တိုဘာ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်၊ အောက်တိုဘာ ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်၊ အောက်တိုဘာ ၁၇ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်အသီးသီးပေါက်ဈေးများဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။




**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၀-၁၀-၁၉ | ၁၆-၁၀-၁၉ | ၁၇-၁၀-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၃၁.၈ | ၁၅၃၂.၄ | ၁၅၃၃.၁ | ၀.၀၈ | ⬆ |
| ၂ | Thai Baht | THB | ၃၀.၄၂၅ | ၃၀.၄၁၅ | ၃၀.၃၁၅ | -၀.၃၆ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၈ | ၁.၃၇၃ | ၁.၃၆၇ | -၀.၈၀ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၉၄ | ၄.၁၉၄ | ၄.၁၈၄ | -၀.၂၄ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၅၂ | ၁၄၁၇၄ | ၁၄၁၄၈ | -၀.၀၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၁၂၆ | ၇.၁၀၂ | ၇.၀၇၉ | -၀.၆၆ | ⬇ |
| ၇ | Indian Rupee | INR | ၇၁.၀၇၈ | ၇၁.၅၄၄ | ၇၁.၂၄၁ | ၀.၂၃ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၇.၄၁၂ | ၁၀၈.၆၈၉ | ၁၀၈.၈၂၃ | ၁.၃၁ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၈၁ | ၁.၄၈၃ | ၁.၄၆၉ | -၀.၈၁ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၀၈ | ၀.၉၀၆ | ၀.၉၀၂ | -၀.၆၆ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၈၁၈ | ၀.၈၂၇ | ၀.၇၈၁ | -၄.၅၂ | ⬇ |

Source– Central Bank of Myanmar

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

စပါးအထွက်နှုန်း မြင့်မားသည့် ဗီယက်နမ်နိုင်ငံ၌ စပါးတစ်တန်လျှင် ဒေါ်လာ ၁၈၀ ဈေးရှိသဖြင့် စပါးတင်း ၁၀၀ (၂ ဒသမ ၁ တန်) လျှင် ၃၇၈ ဒေါ်လာနှုန်းဖြင့် (ကျပ် ငါးသိန်းခြောက်သောင်းကျော်) ဈေးရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၈၇၂ မှ ၂၀၅၂၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် အောက်တိုဘာ ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၅၀ နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၇ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၅၀၀၊ ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး စစ်တွေမြို့နှင့် ဘားအံမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၅၀၊ မော်လမြိုင်မြို့နှင့် မြိတ်မြို့တို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိ ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၄၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၀.၁၀.၂၀၁၉ | ၁၁.၁၀.၂၀၁၉ | ၁၆.၁၀.၂၀၁၉ | ၁၇.၁၀.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၆၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၈၀၀ |
| ၃ | သီးထပ် | 90(Raw) | ၁၉၄၀၀ | ၁၉၄၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၇၈၀၀ | ၁၇၅၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |
| ၇ | ကရင်မ | 90(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၈ | ကရင်မ | 80(Raw) | ၁၉၀၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၇၅၀ နှင့် ဒီဇယ် တစ်ဂါလန်လျှင်ကျပ် ၅၁၀၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလန် လျှင် ၄၇၂၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၅၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပခုက္ကူမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၃၉၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၁၀၀၊ ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၂၇၃ ကျပ်နှင့် ပုသိမ်မြို့တွင် ဓာတ်ဆီတစ် ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၄၅ ကျပ်၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၉၅၅ ကျပ်၊ အောက်တိန်း-92 တစ် လီတာလျှင် ၈၄၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၃၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# မြန်မာ့ငရုတ်ကောင်းနှင့် ငရုတ်သီးခြောက်စံချိန်စံညွှန်းများ ရေးဆွဲရန် အစည်းအဝေးကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင် ဦးဆောင်သော စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စံချိန်စံညွှန်း ရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၏ (၅/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် နည်းပညာဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်မောင်းက အမှာစကား ပြောကြားရာတွင် မိမိတို့နည်းပညာဆပ်ကော်မတီ အနေဖြင့် လယ်ယာထွက်ကုန်သီးနှံ ၂၇ မျိုးနှင့် ISO 712 တစ်ခု စုစုပေါင်း ၂၈ ခုကို အမျိုးသား စံချိန်စံညွှန်းကောင်စီသို့ အဆိုပြုလွှာများတင်သွင်း ခဲ့ပြီးဖြစ်ရာ အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ ၁၀-၇-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၈ ဖြင့်မြန်မာဆန်နှင့် အချို့သော ပဲစေ့ အမျိုးအစားကိုလည်းကောင်း ၂၁-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၂၂/၂၀၁၉ ဖြင့် ဖရဲသီး၊ ထောပတ်သီး၊ ၄က်ပျောသီး၊ ကျွဲကောသီး နှင့် ကော်ဖီစေ့စံချိန်စံညွှန်း များကိုထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ကျန်သီးနှံ ၁၄မျိုးနှင့် ISO 712 ကိုလည်း စံချိန်စံညွှန်း လုပ်ငန်းကော်မတီမှတစ်ဆင့် အများပြည်သူ သဘောထားမှတ်ချက် တောင်းခံထားပြီး ဖြစ်ကြောင်း၊ ယခုအခါ ပြည်ပတင်ပို့မှုရှိလာသည့် မြန်မာ့ငရုတ်ကောင်းနှင့် ငရုတ်သီး(ခြောက်) စံချိန်စံညွှန်းများကို ရေးဆွဲရန် လိုအပ်သည့်အတွက် ငရုတ်သီး (ခြောက်)နှင့် ငရုတ်ကောင်းတို့ကို စံချိန်စံညွှန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ (Working Group) ကို ၈-၁၀-၂၀၁၉ ရက်တွင် အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့မှ တင်ပြလာသော စံချိန်စံညွှန်းမူကြမ်းအပေါ်တွင် တက်ရောက်လာကြသော ပညာရှင်များမှ ဝိုင်းဝန်းဖြည့်စွက်အကြံပြုစေလိုပါကြောင်း၊ ဆက်လက်၍ စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေး ဆွဲရေးနည်းပညာဆပ်ကော်မတီမှ ပဲပုပ်၊ မန်ကျည်း၊ ခနဲဖူးနှင့် မြန်မာ့သနပ်ခါး စသည့်စံချိန်စံညွှန်းများကိုလည်း ရေးဆွဲနိုင်ရန် ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံအော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ မသန်းသန်းစိန်က မြန်မာ့လက်ဖက် (အစို/ အခြောက်/ အချိုခြောက်) နှင့် မြန်မာ့အော်ဂဲနစ်သီးနှံဆိုင်ရာ စံချိန်စံညွှန်း ရေးဆွဲရန်အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တက်ရောက်လာကြသော ဌာနဆိုင်ရာ အသီးသီးနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပါဝင်သည့် နည်းပညာဆပ်ကော်မတီ အဖွဲ့ဝင်များက ငရုတ်ကောင်းနှင့် ငရုတ်သီး (ခြောက်) စံချိန်စံညွှန်းများအပေါ်တွင် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ညနေ ၄ နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**မောင်မောင် (CTQM)**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ အမယ်သစ်ပို့ကုန် တမာကြိတ်မှုန့်

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပို့ကုန်အနေဖြင့် ဒေါ်လာသန်း ၃၅၀၀၊ သွင်းကုန်ဒေါ်လာသန်း ၁၅၀၀၊ ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၅၀၀၀ (၅ ဘီလီယံ) ဆောင်ရွက်ဖို့ လျာထားတယ်လို့သိရပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွက်တော့ ပို့ကုန် ၂၅၆ ဒေါ်လာသန်း၊ သွင်းကုန် ၁၀၉ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၃၆၅ ဒေါ်လာသန်း လျာထားကြောင်း လည်းသိရသည်။ အောက်တိုဘာ ၁၅ ရက်အထိ လုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ ပို့ကုန်မှာ ၉၀ ဒသမ ၉၀၅ ဒေါ်လာသန်း၊ သွင်းကုန် ၆၉ ဒသမ ၆၇၈ ဒေါ်လာသန်း၊ ကုန်သွယ်မှု ပမာဏ ၁၆၀ ဒသမ ၅၈၃ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့လို့ အောက်တိုဘာလ၏ လျာထားချက်အပေါ်မှာ ၄၃ ဒသမ ၉၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့တယ်လို့သိရပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရဲ့ဝါလကင်းလွတ် သီတင်းကျွတ်ကာလမှာတော့ အမယ်သစ်ပို့ကုန်အနေနဲ့ တစ်ဖက်နိုင်ငံဈေးကွက်ဝယ်လိုအားအရ တမာကြိတ်မှုန့် တန်ချိန် ၄၀ လောက် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီ တမာကြိတ်မှုန့်တွေဟာ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ပလိပ်တမာ ပိုးသတ်ဆေးစက်ရုံမှ ထုတ်လုပ်သော တမာကြိတ်မှုန့် (Neem Cake ) တွေဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေး၊ မကွေး၊ စစ်ကိုင်းစတဲ့တိုင်းဒေသကြီးတို့မှ ဝယ်ယူရရှိတဲ့ တမာသီးမှ အစေ့ကို ကြိတ်ခွဲထုတ်လုပ်ပြီးရရှိတဲ့ တမာကြိတ်မှုန့်ဖြစ်ကြောင်းနဲ့ မြန်မာ့ရွှေသီးနှံကုမ္ပဏီက လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲရဲ့ ထောက်ခံချက်နဲ့ ပြည်ပနိုင်ငံသို့ ကနဦးဈေးကွက်တိုးချဲ့တင်ပို့ခဲ့ခြင်းဖြစ်ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၀ နှုန်းဖြင့် တင်ပို့နိုင်ခဲ့ကာ တန်ဖိုးအားဖြင့် ၂၄၀၀၀ ဒေါ်လာ ရရှိခဲ့ကြောင်း သိရပါတယ်။

အဆိုပါ တမာကြိတ်မှုန့်ကို တစ်ဖက်နိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေဩဇာအဖြစ် အသုံးပြုမည်ဖြစ်ကြောင်းနဲ့ ဝယ်လိုအားအပေါ်မူတည်ပြီး ဆက်လက်တင်ပို့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**ကျော်သူဝင်း(မာတာ)**



## ပို့ကုန်ပမာဏတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကိုပါ ဖန်တီးပေးနေသည့် တာချီလိတ်ဒေသရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နှင့် တာလေမြို့ရှိ ဖြောင့်ဖြူးပျော်ရွှင်ကုမ္ပဏီသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်း လာရောက်လေ့လာရန် လုပ်ငန်းရှင်၏ဖိတ်ကြားချက်အရ တာချီလိတ်မြို့ မန်ပင်အုပ်စုသည် ကြားမနူးရွာသို့ သွားရောက်လေ့လာခဲ့ရာ ရော်ဘာ၊ ပျားလိမ္မော်နှင့် ဒေသနွား၊ နို့စားနွားမွေးမြူရေးလုပ်ငန်းတို့ကို တွဲဖက်လုပ်ကိုင်ထားကြောင်း၊ အဓိကအားဖြင့် ထိုင်းနိုင်ငံမျိုးရင်း ပျားလိမ္မော်သီး ဧက ၅၀၀ ခန့်ကို လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်ကတည်းက စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှစ၍ ဧက ၂၀၀ ခန့်ကို ရွှေရှင်း ပျားလိမ္မော် အမှတ်တံဆိပ်ဖြင့် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၁၈ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တန်ချိန် ၂၀၀၀ ခန့်ထုတ်လုပ်နိုင်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်အထိတင် ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တွင် ပျားလိမ္မော် တစ်ကီလိုလျှင် ဘတ် ၂၀၊ မြန်မာကျပ်ငွေ ၁၀၀၀ နှင့် ဗန်ကောက်ဈေးကွက်သို့ တင်ပို့ရာတွင် တစ်ကီလိုဘတ် ၅၀၊ မြန်မာကျပ်ငွေ ၂၅၀၀ ရရှိနေသည့်အတွက် ပြည်ပဈေးကွက်ကိုအားထား၍ ထုတ်ပိုးမှုမှ အစ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် သဘာဝမြေဩဇာ ထုတ်လုပ်မှု လုပ်ငန်းအတွက် နို့စားနွား ၇၀ ကောင်၊ ဒေသနွားအကောင် ၁၀၀ ကျော် တွဲဖက်မွေးမြူထားပြီး အသား၊ နွားနို့တို့ကိုပါ ဒေသတွင်းထုတ်လုပ်လျက်ရှိကာ ပေါင်းစည်းလယ်ယာမြေစနစ် (Integrated farm)အဖြစ် ဒေသအနီးဝန်းကျင်ကျေးရွာနေ ပြည်သူများနှင့် အခြားတိုင်းဒေသကြီးများ အပါအဝင် လူဦးရေ ၄၀၀ ခန့်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းပေးထားကြောင်း တွေ့ရသည်။ ၎င်းတို့ကုမ္ပဏီအနေဖြင့် ပျားလိမ္မော်နှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပါ တိုးချဲ့ထုတ်လုပ်နိုင်မည့် စက်ရုံ များပါ တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည့်အတွက် ရေရှည်ဈေးကွက်ခိုင်မာမှုရရှိစေရေး၊ အရည်အသွေး မီထုတ်လုပ်နိုင်စေရန် လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးသွားခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်နွယ်၍ ကုန်သွယ်မှုပမာဏ တိုးတက်လာနိုင်ပြီး ဒေသနေပြည်သူတို့အား အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကိုပါ ပိုမိုအထောက်အကူပေးနိုင်မည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း လေ့လာတင်ပြ အပ်ပါသည်။

**မျိုးအောင်(ကျိုင်းတုံ)**

# ၂၀၂၀ ခုနှစ်အတွက် စားနပ်ရိက္ခာတင်သွင်းမှု (ဂျုံ၊ ပြောင်း၊ ဆန်) Tariff Quota လျှောက်ထားခြင်းနှင့် Quota ခွဲဝေသတ်မှတ်ခြင်းဆိုင်ရာ သတ်မှတ်လုပ်ထုံးလုပ်နည်းများ တရုတ်ထုတ်ပြန်ကြေညာ

လယ်ယာထွက်ကုန် ပစ္စည်းများအတွက် Measures for Import Tariff Quota Management ဆိုင်ရာဥပဒေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီတို့၏ ၂၀၀၃ ခုနှစ် အမိန့်ကြေညာစာအမှတ် (၄) တို့အရ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် အမိန့်ကြေညာစာအမှတ် (၉/၂၀၁၉) ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီမှ ၂၀၂၀ခုနှစ်အတွက်စားနပ်ရိက္ခာ တင်သွင်းမှု Tariff Quota သတ်မှတ်ချက် ပမာဏနှင့် လျှောက်လွှာတင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

လျှောက်ထားမည့် ကုမ္ပဏီလုပ်ငန်းစုအနေဖြင့် နိုင်ငံပိုင်ကုန်သွယ်မှု Quota ပမာဏ နိုင်ငံပိုင်မဟုတ်သည့် ကုန်သွယ်မှု Quota ပမာဏ နိုင်ငံပိုင်/နိုင်ငံပိုင်မဟုတ်သည့်ကုန်သွယ်မှုQuota ပမာဏစသည့် သုံးမျိုးရွေးချယ်လျှောက်ထားနိုင်ကြောင်း၊ ၎င်းတို့အနက် ကုမ္ပဏီလုပ်ငန်းစုသို့ ခွဲဝေပေးသည့် နိုင်ငံပိုင်ကုန်သွယ်မှု Quota ပမာဏသည် နိုင်ငံပိုင် ကုန်သွယ်မှုလုပ်ငန်းကိုယ်စားလှယ်မှတစ်ဆင့် တင်သွင်းရန်ဖြစ်ပြီး၊ ၎င်းနှစ်၏ ဩဂုတ် ၁၅ ရက်မတိုင်ခင်ထိ သွင်းကုန်တင်သွင်းခြင်းဆိုင်ရာ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းမရှိသေးသည့် လုပ်ငန်းစုအနေဖြင့် ကုန်သွယ်မှုပြုလုပ်ရန် အခွင့်အရေးရှိသည့် မည်သည့်ကုမ္ပဏီလုပ်ငန်းစုကိုမဆို ကိုယ်စားလှယ်လွှဲအပ်၍တင်သွင်းနိုင်ကြောင်းသိရသည်။

၂၀၂၀ ခုနှစ်အတွက် ဂျုံ၊ ပြောင်း၊ ဆန် တင်သွင်းမှု Tariff Quota ပမာဏ ရရှိရန်အတွက် လျှောက်ထားမည့် ကုမ္ပဏီ လုပ်ငန်းစုအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မတိုင်မီ ဈေးကွက်ကြီးကြပ် စီမံခန့်ခွဲရေးဌာန၌ မှတ်ပုံတင်လျှောက်ထားရန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများအတွက် သတ်မှတ်ထားရှိသည့် Measures for Import Tariff Quota Management လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်မှုမရှိခြင်း အစရှိသည့် အချက်များနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ခုနှစ်အတွက် ဂျုံတင်သွင်းမှု Tariff Quota ပမာဏ လျှောက်ထားမည့် ကုမ္ပဏီလုပ်ငန်းစုအနေဖြင့် ၂၀၁၉ ခုနှစ်အတွက် ဂျုံတင်သွင်းမှု Tariff Quota ပမာဏရရှိခဲ့သည့်အပြင် တင်သွင်းမှုဆိုင်ရာ အထောက်အထားရှိသည့် ကုမ္ပဏီလုပ်ငန်းစု ဖြစ်ရန်နှင့် ၂၀၁၈ ခုနှစ်၊ နှစ်စဉ်ဂျုံ Processing ဆိုင်ရာ ထုတ်လုပ်နိုင်မှုစွမ်းအား တန်ချိန်နှစ်သိန်းနှင့်အထက်ရှိသည့် စားသောက်ကုန် ထုတ်လုပ်သည့်ကုမ္ပဏီလုပ်ငန်းစု ဖြစ်ရန်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၀ခုနှစ်အတွက် ပြောင်းတင်သွင်းမှု Tariff Quota ပမာဏလျှောက်ထားမည့် ကုမ္ပဏီလုပ်ငန်းစုအနေဖြင့် ၂၀၁၉ ခုနှစ်အတွက် ပြောင်းတင်သွင်းမှု

ဒေါက်တာနုနုခိုင်

Tariff Quota ပမာဏရရှိခဲ့သည့်အပြင် တင်သွင်းမှုဆိုင်ရာ အထောက်အထားရှိသည့် လုပ်ငန်းစုဖြစ်ရန် ၂၀၁၈ ခုနှစ်၊ နှစ်စဉ်ပြောင်း Processing ဆိုင်ရာ ထုတ်လုပ်နိုင်မှုစွမ်းအား တန်ချိန် နှစ်သိန်းနှင့် အထက်ရှိသည့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်သည့်လုပ်ငန်းစုဖြစ်ရန်နှင့် ၂၀၁၈ ခုနှစ်၊ နှစ်စဉ်ပြောင်း Processing ဆိုင်ရာ ထုတ်လုပ်နိုင်မှုစွမ်းအားတန်ချိန် ၄၅၀၀၀၀ နှင့်အထက်ရှိသည့်အခြားသော ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းစုဖြစ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၀ ခုနှစ်အတွက် ဆန်တင်သွင်းမှု Tariff Quota ပမာဏလျှောက်ထားမည့် ကုမ္ပဏီလုပ်ငန်းစုအနေဖြင့် ဆန်လုံးအရွယ် အစားခွဲ၍လျှောက်ထားရန်လိုအပ်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွက်ဆန်တင်သွင်းမှု TariffQuota ပမာဏရရှိခဲ့သည့်အပြင် တင်သွင်းမှုဆိုင်ရာ အထောက်အထားရှိသည့်လုပ်ငန်းစုဖြစ်ရန်နှင့် ၂၀၁၈ ခုနှစ် နှစ်စဉ်ဆန် Processing ဆိုင်ရာ ထုတ်လုပ်နိုင်မှုစွမ်းအား တန်ချိန် တစ်သိန်းနှင့်အထက်ရှိသည့် အစားအစာထုတ်လုပ်သည့်ကုမ္ပဏီလုပ်ငန်းစုဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ကြေညာစာပါအတိုင်းခွဲဝေသတ်မှတ်ပေးမည့် စုစုပေါင်းသွင်းကုန် Tariff Quotaပမာဏသည် ကုမ္ပဏီလုပ်ငန်းစုများမှ လျှောက်ထားလာသည့် စုစုပေါင်း Quota ပမာဏနှင့် ကိုက်ညီပါက ကုမ္ပဏီလုပ်ငန်းစုများမှ လျှောက်ထားလာသည့် Quota ပမာဏအတိုင်း ခွဲဝေပေးမည်ဖြစ်ကြောင်း၊ သို့သော် ခွဲဝေသတ်မှတ်ပေးမည့် စုစုပေါင်းသွင်းကုန် Tariff Quota ပမာဏသည် ကုမ္ပဏီလုပ်ငန်းစုများမှ လျှောက်ထားလာသည့် စုစုပေါင်း Quota ပမာဏနှင့်မကိုက်ညီပါက သွင်းကုန်တင်သွင်းခဲ့ဖူးခြင်း အထောက်အထားရှိသည့် ကုမ္ပဏီလုပ်ငန်းစုမှ ပြီးခဲ့သည့်နှစ် Quota ပမာဏ တင်သွင်းမှုပမာဏထက် မလျော့နည်းဘဲ Quota ရရှိနိုင်မည် ဖြစ်ကြောင်း၊ Quota ပမာဏ ကျန်ရှိနေသေးပါက ထုတ်လုပ်မှုနှင့် Processing ဆိုင်ရာ ထုတ်လုပ်နိုင်မှု စွမ်းအားတို့အပေါ် အခြေခံ၍ ပြီးခဲ့သည့်နှစ်အတွင်း တင်သွင်းခဲ့ဖူးခြင်းမရှိသည့် ကုမ္ပဏီလုပ်ငန်းစုအား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ခုနှစ် နိုင်ငံပိုင်ကုန်သွယ်မှု Quota ပမာဏခွဲဝေပေးရာတွင် ကုမ္ပဏီလုပ်ငန်းစု၏ ၂၀၁၉ ခုနှစ် သွင်းကုန် တင်သွင်းမှု အခြေအနေနှင့် ၂၀၁၈ ခုနှစ်၏ ထုတ်လုပ်မှုနှင့် Processing ဆိုင်ရာ ထုတ်လုပ်နိုင်မှု စွမ်းအားတို့အပေါ် မူတည်၍ ခွဲဝေသတ်မှတ်ပေးမည်ဖြစ်ကြောင်း၊ အချို့သော နိုင်ငံပိုင် ကုန်သွယ်မှု Quota ပမာဏများအတွက် ကုမ္ပဏီလုပ်ငန်းစု၏ ထုတ်လုပ်မှုနှင့် Processing ဆိုင်ရာ ထုတ်လုပ်နိုင်စွမ်းရှိသည့်အပြင် ယခင် နိုင်ငံပိုင်နှင့် နိုင်ငံပိုင်မဟုတ်သည့် ကုန်သွယ်မှု Quota ပမာဏရရှိခဲ့ဖူးခြင်းမရှိသည့် ကုမ္ပဏီလုပ်ငန်းစုအား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကုမ္ပဏီ လုပ်ငန်းစုများအနေဖြင့် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်နောက်ပိုင်းအထိ ရရှိထားသည့် သွင်းကုန် Tariff Quota ပမာဏအတိုင်း အပြည့်အဝ တင်သွင်းနိုင်ခြင်းမရှိပါက လယ်ယာထွက်ကုန်ပစ္စည်းများ၏ Measures for Import Tariff Quota Management ဆိုင်ရာဥပဒေနှင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး၂၀၂၀ ပြည့်နှစ်စားနပ်ရိက္ခာတင်သွင်းမှု Tariff Quota ပမာဏအတွက် လျှောက်လွှာတင်သွင်းရမည့်ကာလ သတ်မှတ်ချက်မှာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အထိဖြစ်ကာ တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ (NDRC)၏ အာဏာအပ်နှင်းခြင်း ခံရသည့် သက်ဆိုင်ရာအဖွဲ့အစည်းတွင် လျှောက်ထားရန်ဖြစ်ကြောင်းနှင့် NDRC ၏ တရားဝင် website ဖြစ်သည့် (http://www.ndrc.gov.cn) တွင်လည်းလျှောက်လွှာပုံစံရယူကာလျှောက်ထားနိုင်ကြောင်း၊ တရုတ်နိုင်ငံ NDRC ၏ အာဏာအပ်နှင်းခံရသည့် အဖွဲ့အစည်းအနေဖြင့် လျှောက်လွှာများကို တာဝန်ယူလက်ခံဆောင်ရွက်ပေးမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ အဆိုပါ လျှောက်လွှာများကို တရုတ်နိုင်ငံ NDRC သို့ ပေးပို့ရန်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ မိတ္တူပေးပို့ရမည်ဖြစ်ကာ သတ်မှတ်ကာလကျော်လွန်ပါက လျှောက်လွှာများအား လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဖော်ပြပါရှိသည်။

## စစ်တွေ ကုန်သွယ်ရေးစခန်းမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အစတွင် ကြက်သွန်နီ အဓိကတင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အဓိက ပို့ကုန်ပစ္စည်းများအဖြစ် လယ်ယာထွက်ပစ္စည်း ချင်း( စို )၊ မန်ကျည်းစေ့၊ မန်ကျည်းဖက်၊ ဆီးသီးခြောက်၊ ရေထွက်ပစ္စည်း၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်၊ တိရစ္ဆာန်ထွက် နွား(အရှင်)၊ စက်မှုကုန်ချောပစ္စည်း ဆီးယိုထုပ်နှင့် အဓိကသွင်းကုန်ပစ္စည်းများအဖြစ် တီရှပ်၊ ရေတိုင်ကီတို့ တင်သွင်းလျက်ရှိသည်။

ယခုဘဏ္ဍာနှစ်အစတွင် အဓိကတင်ပို့လျက်ရှိသော ပို့ကုန် ပစ္စည်းတစ်မျိုးမှာ ကြက်သွန်နီဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကြက်သွန်နီ ၅၂၈ တန်၊ တန်ဖိုးသုည ဒသမ ၂၀၆ ဒေါ်လာသန်း တင်ပို့ခဲ့ပြီး ယခုဘဏ္ဍာနှစ် အစတွင် အောက်တိုဘာ ၄ ရက်အထိ အကောက်ခွန် အမှန်တင်ပို့/တင်သွင်းစာရင်းအရ ကြက်သွန်နီ ၂၃၉ တန်၊ တန်ဖိုး သုည ဒသမ ၁၀၀ ဒေါ်လာသန်းဖိုး တင်ပို့ပြီးဖြစ်ကြောင်း သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အဓိက ကြက်သွန်နီ၊ ကြက်သွန်ဖြူတင်သွင်းနေသော အိန္ဒိယနိုင်ငံတွင် မိုးများပြီး ရေကြီးရေလျှံသဖြင့် ကြက်သွန်နီ အထွက်နှုန်း နည်းသွားသောကြောင့် မြန်မာနိုင်ငံမှမှာယူ တင်သွင်းနေရခြင်းဖြစ်ကြောင်း ကုန်သည်များထံမှသိရှိရသည်။

စစ်တွေကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ မြန်ဆန်ရေးတို့အတွက် ကုန်သည်များ၏အခက်အခဲကို လုပ်ထုံး လုပ်နည်းနှင့်အညီ လွယ်ကူမြန်ဆန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**ညီညီအောင် (စစ်တွေ)**

## တရိပ်ရိပ်တိုးတက်လာသော ချင်းရွှေဟော်ကုန်သွယ်မှု

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၄၀၀၊ သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၅၀၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၄၅၀ သန်း လျာထားဆောင်ရွက်လျက် ရှိရာမှာ ဘဏ္ဍာနှစ်အစဖြစ်သည့် အောက်တိုဘာလအတွက် ပို့ကုန်အမေရိကန်ဒေါ်လာ ၃၀ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ လေးသန်း လျာထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ လျာထား ဆောင်ရွက်လျက်ရှိရာမှာ ယခု အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၇၂၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄၀ သန်းဖြစ်တဲ့အတွက် စုစုပေါင်းအမေရိကန် ဒေါ်လာ ၂၅ဒသမ ၉၆၂ သန်း ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သည်။

ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်မည်ဆိုလျှင် ပို့ကုန်ပိုင်းမှာ ၁၁ ဒသမ ၇၈၁သန်းပိုမို တင်ပို့နိုင် ခဲ့ပြီးသွင်းကုန်ပိုင်းမှာ သုညဒသမ ၀၁၈ သန်း လျော့နည်းခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏမှာ ၁၁ဒသမ ၇၆၃ သန်း ပိုမိုခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်း၊ မြေပဲ၊ ပြောင်း၊ ဆန်၊ ရော်ဘာတို့ကို အများဆုံးတင်ပို့နိုင်ခဲ့ပြီးဓာတ်မြေဩဇာ၊ အချိုမှုန့်နှင့် ဆပ်ပြာမှုန့်တို့ကို အများဆုံး တင်သွင်းနိုင်ခဲ့သည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုလျာထားချက်ကို ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါကုန်သွယ်မှု အခြေအနေများအရ ကုန်သွယ်မှုမှာ တရိပ်ရိပ်တိုးတက်လာနိုင်မည့် အလားအလာကောင်းများကို တွေ့မြင်နေရပါကြောင်း သုံးသပ်တင်ပြလိုက်ရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

# အကောက်ခွန် ကင်းလွတ်ခွင့်ခံစားနိုင်သည့် Form-D ကို အွန်လိုင်းဖြင့် ဆောင်ရွက်နိုင်တော့မည်




လက်ရှိအာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု ပြုလုပ်ရာတွင် အကောက်ခွန် ကင်းလွတ်ခွင့်များအား ခံစားနိုင်ရန်အတွက် အာဆီယံပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form-D) လဲလှယ်ခြင်းကို အီလက်ထရောနစ်နည်းဖြင့် လာမည့် နိုဝင်ဘာလတွင် စတင်ကျင့်သုံးတော့မည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ညွှန်ကြားရေးမှူးဖြစ်သူ ဦးဝင်းသန့်က ပြောသည်။

အောက်တိုဘာ ၁၇ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ပြုလုပ်သည့် ASEAN Single Window တွင် ဝင်ရောက် ချိတ်ဆက်၍ ATIGA e-Form Ds လဲလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များအား အများပြည်သူသို့ အသိပေးကြေညာခြင်း (Public Awareness) အခမ်းအနားတွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"အခု အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်းမှာ လွတ်လပ်စွာ ကုန်သွယ်မှု ဧရိယာတွေ ထူထောင်ထားတာ ရှိတယ်။ Asean Single Window ကို ဝင်ရောက် ချိတ်ဆက်မယ်။ အီလက်ထရောနစ်နည်းတွေနဲ့ သွားကြမယ်ဆိုပြီး ရှိပါတယ်။ အရင်က Form-D ကို manual နည်းလမ်းတွေနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လဲလှယ်ကြတယ်။ အခုတော့ မြန်မာက ဖိလစ်ပိုင်နဲ့အတူတူ နိုဝင်ဘာမှာ အာဆီယံရဲ့ Form-D လဲလှယ်တဲ့ လင့်ခ်ကို အတူတူဝင်ရောက်ပြီး ချိတ်ဆက်ဆောင်ရွက်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု ဦးဝင်းသန့်က ပြောသည်။

အာဆီယံ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှု ပြုလုပ်ရာတွင် အကောက်ခွန်ကင်းလွတ်ခွင့်များကို ခံစားနိုင်ရန်အတွက် ပင်ရင်းနိုင်ငံ၏ ကုန်ပစ္စည်းဖြစ်ကြောင်း သက်သေခံ လက်မှတ်များ ထုတ်ပေးခြင်းကို Form-D ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။ ယင်း Form-D ကို Exporting Country မှ သက်ဆိုင်ရာ အာဏာပိုင်က ထုတ်ပေးလိုက်သည့်အခါ Importing Country တွင် အကောက်ခွန်ဦးစီးဌာနကို တင်ပြရခြင်းဖြစ်ကာ အဆိုပါ စာရွက်စာတမ်းပေါ် မူတည်၍ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နိုဝင်ဘာလထဲမှာ စတင်လဲလှယ်နိုင်အောင် ကြိုးစားပါမယ်လို့ ကတိကဝတ်ပေးခဲ့ပါတယ်။ အဲဒီကတိအတိုင်းပဲ အချိန်မီ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စမ်းသပ်မှုတွေ အကုန်လုပ်ပြီးပါပြီ။ လာအိုနိုင်ငံမှအပ ကျန်တဲ့နိုင်ငံတွေ အားလုံးနဲ့ စမ်းသပ်တဲ့ အခါမှာ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အသင့်ဖြစ်နေပါပြီ။ အာဆီယံက သတ်မှတ်တဲ့ နိုဝင်ဘာမှာ သူတို့ကစပါဆိုတဲ့ ရက်မှာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပြီး ဖြစ်ပါတယ်" ဟု ဦးဝင်းသန့်က ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ အရှေ့တောင်အာရှ အာဆီယံကုန်သွယ်ဖက် နိုင်ငံများအကြား Asean Single Window ၏ ကုန်သွယ်မှု လျင်မြန်လွယ်ကူ ချောမွေ့စေရေးဆိုင်ရာစနစ်မှတစ်ဆင့် အာဆီယံ ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် (Form-D) ကို အီလက်ထရောနစ်နည်းဖြင့် ချိတ်ဆက်လဲလှယ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ နည်းပညာအတွက် အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီ (USAID) မှ ငွေကြေးနှင့် နည်းပညာပိုင်းကို ပံ့ပိုးပေးထားပြီး ပြည်တွင်းနည်းပညာကိုသုံး၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။ Asean Single Window စနစ် ရှိခြင်းအားဖြင့် ကုန်သွယ်ရေးဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ ထိန်းသိမ်းပေးထားနိုင်မည်ဖြစ်ကာ အာဆီယံ ဒေသအတွင်း လွတ်လပ်စွာ ကုန်စည်စီးဆင်း လည်ပတ်နေမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ကုန်စည်တင်ပို့သူများအနေနှင့်လည်း ဒေသတွင်း ဈေးကွက်များအထိ ချဲ့ထွင်နိုင်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရာ၌ ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သွင်းကုန်၊ ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် မည်သည့်အဆင့်ထိ လိုက်ပါ ဆောင်ရွက်နိုင်မည်လဲဟူသော အချက်များကို သိရှိထားရန် လိုအပ်သည့်အပြင် လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်း ပံ့ပိုးမှုများကိုလည်း ပြုလုပ်ပေးရန် လိုအပ်ကြောင်း ဦးဝင်းသန့်က ပြောဆိုသည်။ ပြည်ပနိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် စသည့်နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း Asean Single Window စနစ်တွင်ပါဝင်လာသည့်အတွက် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် Form-D ကို အဆင်ပြေလွယ်ကူစွာ ရရှိနိုင်ပြီး ဖောင်ဖြည့်နိုင်မည်ဖြစ်၍ အချိန်နှင့် ကုန်ကျစရိတ်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## အစားအသောက်လိုင်စင် အပါအဝင် လုပ်ငန်းလိုင်စင်များကို Operating Procedure (SOP) ရေးဆွဲ အကောင်အထည်ဖော်မည်


ရန်ကုန်တိုင်းဒေသကြီးအတွင်း ခွင့်ပြုထားသည့် အစားအသောက်လိုင်စင်အပါအဝင် လုပ်ငန်းလိုင်စင်များကို Operating Procedure (SOP) ရေးဆွဲ၍ ယခုလမှစကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းစဉ်အရ လိုင်စင်အသစ်များကို ၁၀ ရက်မှ ၁၄ ရက်အတွင်းနှင့် သက်တမ်းတိုးလိုင်စင်များကို ငါးရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး မလိုအပ်သည့် အထောက်အထားများကိုလည်း ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းအစိုးရ စီမံ/ဘဏ္ဍာ ဝန်ကြီး ဦးမြင့်သောင်းက "လုပ်ငန်းလိုင်စင်၊ အစားအသောက်လိုင်စင် စသည့် လိုင်စင်များကို သတ်မှတ်ချက်အတိုင်း Standard Operating Procedure (SOP) ရေးဆွဲ၍ ၁-၁၀-၂၀၁၉ ရက်နေ့ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ မဖြစ်မနေ လိုအပ်တဲ့ ပတ်ဝန်းကျင်ထောက်ခံချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန် ပေးဆောင်ပြီးစီးကြောင်း အထောက်အထား၊ မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်တို့ကို အဓိကရယူဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ထို့ပြင် လိုအပ်ချက်အရ အချို့လုပ်ငန်းများကိုသာ FDA ထောက်ခံချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူကာ အထောက်အထားများ စုံလင်ပြီး အထူးသဖြင့် ပတ်ဝန်းကျင်ထောက်ခံချက် ပြည့်စုံမှန်ကန်မှုရှိပါက လိုင်စင်အမြန်ဆုံးထုတ်ပေး ဆောင်ရွက်နေကြောင်းလည်း သိရသည်။ **ချောစု**

## ဝဥစိုက်ကဏ္ဍ ပိုမိုတိုးတက်လာစေရေး ချင်းပြည်နယ်၌ စီမံကိန်းများ ချမှတ်ဆောင်ရွက်နေ



ပြည်တွင်းရှိ ဝဥစိုက်ကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFPV) နှင့် ခန facility တို့ ပူးပေါင်း၍ ချင်းပြည်နယ်တွင် စီမံကိန်းများ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဖွဲ့အစည်းများ၏ ပူး ပေါင်း ဆောင်ရွက်မှုဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ ချင်းပြည်နယ် တောင်ပိုင်းတွင် ထောပတ်၊ ကော်ဖီနှင့် ဝဥကို စီမံကိန်း သီးနှံများအဖြစ် တိုးချဲ့လုပ်ဆောင်နေပြီး ဒေသခံ တောင်သူများထံသို့ စိုက်ပျိုးနည်းပညာများ၊ တန်ဖိုးမြင့် ထုတ်ကုန်များနှင့် ထုတ်လုပ်ခြင်း နည်းပညာများကို ဖြန့်ဝေနေသည့်အပြင် တစ်ရက်လျှင်တန် ၂၀ ခန့် ထွက်ရှိမည့် အခြောက်ခံစက်ရုံကိုလည်း တည်ဆောက်လျက်ရှိကြောင်း MFPV အတွင်းရေးမှူး ဦးကျော်သူက အောက်တိုဘာ ၁၃ ရက်တွင် ပြောသည်။

"ဒီ စီမံကိန်းက တောင်သူ ၃၀၀၀ ကျော်ပါဝင်တဲ့ စီမံကိန်းကြီးတစ်ခုဖြစ်ပြီးတော့ အသင်းအနေနဲ့ ပထမဆုံး ဆောင်ရွက်တဲ့ စီမံကိန်းလည်း ဖြစ်ပါတယ်။ ၂၀၂၀ နှစ်လယ်ပိုင်းအထိ လုပ် ဆောင်သွားမှာပါ" ဟု ဦးကျော်သူက ပြောသည်။ ဝဥမှာ လက်ရှိပြည်တွင်း၌ ဈေးကောင်း ရရှိနေသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု အခြေအနေမှာ ဝဥက ပြည်တွင်းပြည်ပ အဝယ်လိုက်တယ်။ ပြည်ပကအဝယ်ဆိုရင် ကျွန်တော်တို့ အပိုင်းက လိုအပ်ချက်ကို ပြည့်မီအောင် မဖြည့်ပေးနိုင်သေးဘူး။ တရုတ်ဆိုရင် ကျွန်တော်တို့နိုင်ငံကထွက်တဲ့ ဝဥကို အရမ်းကြိုက်တယ်။ ဈေးကွက်အရ အဆင်ပြေပေမယ့် လိုသလောက် တော့ မပေးနိုင်သေးဘူး။ ဝဥက အခြားအသီးတွေလို အစိမ်း ရောင်းတာမဟုတ်ဘူး။ ပြန်လည်ပြုပြင်ထုတ်လုပ်ရသေးတယ်။ အခြောက်ခံတဲ့ စနစ်အပေါ် မူတည်ပြီးတော့ ဈေးအနည်းငယ်ကွာခြားတာရှိတယ်"ဟု ဦးကျော်သူက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဝဥအမျိုးအစား အနီ၊ အဝါနှင့်အဖြူဟူ၍ သုံးမျိုး ထွက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ ပြည်ပနိုင်ငံများသို့ တစ်နှစ်လျှင် တန်ချိန် ၁၀၀၀ ခန့် တင်ပို့လျက်ရှိကာ လက်ရှိတွင် ဝဥအခြောက်များကို ပိုမိုတင်ပို့နေရပြီး စက်ဖြင့် အခြောက်ခံထားသည့် ဝဥဖြစ်ပါက ပုံမှန်ထက် ဈေးပိုရရှိ၍ ဝယ်ယူမှုလည်း များပြားကြောင်း သိရသည်။ လက်ရှိတွင် ဈေးကွက်၌ ဝဥဈေးရရှိမှု ကောင်းမွန်နေပြီး တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၁၅၀၀ အထိ ပေါက်ဈေး ရှိနေသောကြောင့် ချင်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်အများစုတွင် ဝဥစိုက်ပျိုးမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။ **ပန်းဆု**

# သကြားကဏ္ဍ၊ ငါးကဏ္ဍစျေးကွက်

## တိုးချဲ့တင်ပို့ရေး တွေ့ဆုံညှိနှိုင်းခဲ့ကြသည်

| မောင်လွင်ပြင် |

သကြားကဏ္ဍနှင့် ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တောင်သူ လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

သကြားကဏ္ဍနှင့် ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်းသည် တစ်မျိုးထူးနေသည်ဟု ထင်ကောင်းထင်မိသည်။ အချို့ကလည်း အဆက်အစပ်မရှိဟု အတွေးပေါ်လိမ့်မည်။ သို့သော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအကြောင်း အသေအချာလေ့လာသောအခါ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်မားရေး နိုင်ငံတော်က နည်းလမ်းရှာဖော်ဆောင်ပေးနေသည်ကို သွားတွေ့ရသည်။ ယခင်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အစိုးရလက်ထက်က စပါးစိုက်တောင်သူများအကျိုး တိုးပွား စေရန် စပါးနှင့် ငါး တွဲ၍ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး နည်းပေးလမ်းပြ အားပေးဖူးသည်။ စပါးစိုက်ခင်းထဲ ငါးသားပေါက်ထည့် မွေးမြူစေခြင်းဖြစ်သည်။ စပါးသီးနှံလည်းရ၊ ငါးကလည်း ဝင်ငွေ တိုးစေသည့် သဘောမျိုးဖြစ်သည်။ သို့သော် ယင်းစပါးနှင့် ငါးတွဲဖက် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ခြင်းသည် နေရာဒေသအချို့တွင် အနည်းအကျဉ်းသာအောင်မြင်ပြီး ဒေသအများစုတွင် တွဲဖက်စိုက်ပျိုးမွေးမြူ၍ မရသည့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ လယ်ကွက်ထဲ စပါးနှင့် ရောပြီး ငါးမွေးမြူရေးကိစ္စသည် တကယ်တော့ မလွယ်ကူမှန်း သိသွားကြ၍ နောက်ပိုင်း မှေးမှိန်သွားသည်။

ယခု သကြားကဏ္ဍနှင့်ငါးကဏ္ဍလုပ်ငန်း ညှိနှိုင်းခြင်းကိစ္စသည် တွဲလျက် ထုတ်လုပ်ရမည်ဟု မဆိုလို။ သီးခြားစီထုတ်လုပ်ပြီး တောင်သူ အကျိုးစီးပွားကို မြှင့်တင်ရေးဆွေးနွေးကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးထုတ်ကုန်အချို့ လက်ရှိကာလတွင် အခိုက်အတန့် ဈေးကွက်ကန့်သတ်ချက်အချို့နှင့် ရင်ဆိုင်နေရသည်။ ယင်းကို ကျော်လွှားရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မှာကြားသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ၎င်းက မိမိတို့နိုင်ငံသည် စိုက်ပျိုး ရေး အခြေခံသည့်နိုင်ငံဖြစ်သည်။ ဆန်စပါး၊ ပဲ၊ ပြောင်းနှင့်ကြံတို့ကို အဓိက စိုက်ပျိုးထုတ်လုပ်သည်။ စိုက်ပျိုးရေးသီးနှံများနှင့် ပတ်သက်လျှင် ဈေးကွက်လေ့လာကြည့်ရာ ဈေးကွက်ကန့်သတ်မှုများ ရှိနေသည်။ ဆန်စပါးနှင့်ပတ်သက်လျှင် ဈေးကွက်ကန့်သတ်ချက်များရှိသဖြင့် ဆန်စပါး အသင်းချုပ်တာဝန်ရှိသူများနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ ပဲနှင့်ပတ်သက်လျှင် ဈေးကွက်ကန့်သတ်ချက် ရှိသော်လည်း အဓိကဝယ်ယူသည့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကို မူတည်ပြီး ဆောင်ရွက်နေရသည်။

ကြံနှင့်ပတ်သက်လျှင် ဈေးကွက်ကန့်သတ်ချက်များရှိလာသည်ကို သိလာရသည်။ စက်တင်ဘာ ၁၉ ရက်က သကြားဖိုရမ် (Sugar Forum) ကျင်းပခဲ့သည်။ သကြားဖိုရမ်တွင် ကြံစတင်စိုက်ပျိုးသည်မှ ဈေးကွက်ရောက်သည်အထိ ဟန်ချက်ညီဆောင်ရွက်နိုင်မည့် မူဝါဒများ ဆွေးနွေးခဲ့ကြသည်ကို သိရသည်။ ဖိုရမ်တွင် ကြံစိုက်ပျိုးခြင်းမှသည် ဈေးကွက်အထိ ဟန်ချက်ညီ ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများချမှတ် ဆောင်ရွက်နိုင်ခဲ့ရာ ကာလတို (Short term) ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ငါးရပ်၊ ကာလလတ် (Medium term) ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ငါးရပ်၊ ကာလရှည် (Long term) ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှစ်ရပ် စုစုပေါင်းလုပ်ငန်းစဉ် ၁၂ ရပ် ဖော်ထုတ်နိုင်ခဲ့သည်ကို သိရသည်။ ယင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆက်လက်ဆွေးနွေးကြရန်ဖြစ်သည် စသည်ဖြင့် အမှာစကားပြောကြားခဲ့သည်။

ထို့ကြောင့် ယင်းသကြားကဏ္ဍနှင့် ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသည် ကျင်းပပြီးခဲ့သော သကြားဖိုရမ်၏ နောက်ဆက်တွဲ အစည်းအဝေးဟု မှတ်ယူနိုင်သည်။ ငါးကဏ္ဍထည့်သွင်းဆွေးနွေးကြခြင်းကတော့ မြန်မာ့ရေထွက်ပစ္စည်း ငါး၊ ပုစွန်တို့သည် ဈေးကွက်ကန့်သတ်ချက် အနည်းဆုံးပို့ကုန်ဖြစ်နေ၍ တိုးချဲ့တင်ပို့နိုင်ရေး ထည့်သွင်းဆွေးနွေးကြခြင်းဖြစ်သည်။ ငါးကဏ္ဍနှင့် ပတ်သက်၍လည်း ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ယခုလို အမှာစကား မြွက်ကြားခဲ့သည်။ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်ပစ္စည်းအမယ် (အမည်) များတွင် အလားအလာအကောင်းဆုံးနှင့်ဈေးကွက် ကန့်သတ်ချက် အနည်းဆုံးဖြစ်သည့်ပို့ကုန်သည် ရေထွက်ပစ္စည်းဖြစ်သော ငါးနှင့် ပုစွန်မွေးမြူထုတ်လုပ်ခြင်းဖြစ်သည်။ ကြံ၊ သကြားနှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ လက်ရှိဖြစ်ပေါ်နေသည့် အဖြစ်အပျက်များနှင့် အကြံဉာဏ်များ ရယူ ဆွေးနွေးကြရန်ဖြစ်သည်။ ရရှိသည့် အချက်အလက်များကို အခြေခံပြီး အစည်းအဝေးထပ်မံကျင်းပခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း စသည်တို့ လုပ်ဆောင်သွားရမည်ဆိုခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိုးလင်းက နှစ်စဉ်ပြည်တွင်း သကြားထုတ်လုပ်မှု၊ သကြားစက်ရုံများမှ အီသနောထုတ်လုပ်မှု၊ ကြံသကြားကဏ္ဍနှင့် ပတ်သက်ပြီး ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ ကြံသကြားစက်မှုလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများ၏ သကြား ထုတ်လုပ်မှုအခြေအနေ၊ သကြားစက်ရုံများ၏ ဘေးထွက်ပစ္စည်းများမှ တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်မှုအခြေအနေ၊ အစားထိုးလောင်စာစွမ်းအင် ထုတ်လုပ်မှုနည်းပညာနှင့် စွမ်းရည်ဖွံ့ဖြိုးမှုအခြေအနေ၊ သကြားစက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချမှု အခြေအနေများနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသွားသည်။ ထို့ပြင် မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းအဖွဲ့ဝင် ဦးတင်မောင်က ကြံတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု၊ သကြားစက်ရုံများ တည်ဆောက်ထားရှိမှု၊ ကြံမှအီသနောထုတ်လုပ်မှု၊ တင်လဲရည်ထုတ်လုပ်မှု၊ ပြည်ပသို့တင်ပို့ရောင်းချမှု၊ ကြံဘေးထွက်ပစ္စည်းများ အသုံးချနိုင်မှု၊ ကြံနှင့် သကြားစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ အလုပ်အကိုင်ရရှိမှုတို့ကိုလည်း တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းထုတ်လုပ်မှု အခြေအနေ၊ ငါး၊ ပုစွန် ဖမ်းဆီးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ခေတ်မီကိရိယာများ လိုအပ်မှုအခြေအနေ၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များအတွက် စက်ရုံများလိုအပ်မှုအခြေအနေ၊ မွေးမြူရေးနည်းစနစ်များ ခေတ်မီရေး၊ ငွေကြေးအရင်းအနှီးများရရှိရေးနှင့် ဈေးကွက်တွင် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ဈေးကောင်းရရှိရေး ဆောင်ရွက်ရန် လိုအပ်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အကြီးတန်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ရေလုပ်ငန်းအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ မိရိုးဖလာမွေးမြူရေးစနစ်မှ ခေတ်မီမွေးမြူရေးစနစ်သို့ မဖြစ်မနေ ပြောင်းလဲရန် လိုအပ်မှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံများနည်းတူ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည့်အခြေအနေများနှင့် ခေတ်မီမွေးမြူရေးလုပ်ငန်း စမ်းသပ်ဆောင်ရွက်မှု အခြေအနေများကို တင်ပြ ဆွေးနွေးခဲ့သည်သိရ၏။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးသန့်စင်လွင်တို့က သကြားကဏ္ဍနှင့် ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်ပတ်သက်ပြီး ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်ဟုလည်း သိရသည်။ ဈေးကွက်အကန့်အသတ်ရှိနေလျှင် သက်ဆိုင်သူများ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပါကြောင်း သကြားကဏ္ဍ၊ ငါးကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးက သက်သေပြခဲ့ပါကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

■

Commerce ကာတွန်း



# ကြက်၊ ဝက်အရှင်နှင့် ငါးအရှင် တွဲဖက်မွေးမြူမှုအတွက် အစိုးရ၏တုံ့ပြန်မှု မရရှိသေး

ကြက်ခြံ၊ ဝက်ခြံတို့နှင့်အတူ ငါးတွဲဖက်မွေးမြူခြင်းများအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ လုပ်ငန်းရှင်များက အစိုးရထံကန့်ကွက် တင်ပြထားသော်လည်း တုံ့ပြန်မှုမရရှိသေးကြောင်း သိရသည်။

ထိုကဲ့သို့ ကန့်ကွက်တင်ပြရခြင်းမှာ ကြက်၊ ဝက်များနှင့်အတူ ငါးတွဲဖက်မွေးမြူသောကြောင့် ငါးများတွင် ဆေးယဉ်ပါး ရောဂါဖြစ်ပွားနိုင်သည့်အတွက် အဆိုပါ မွေးမြူရေးစနစ်ကို ပြန်လည်သုံးသပ်ရန် အစိုးရထံ တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဟာကလေ ဥပဒေနဲ့သွားရတော့မယ့်အပိုင်း ဖြစ်နေတယ်။ တို့နိုင်ငံမှာက ဥပဒေမရှိဘူး ဖြစ်နေတယ်။ ဒါကို ဦးတို့ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ဝန်ကြီးဌာနထံ တင်ပြထားတယ်။ ပြောလည်း ပြောပြထားပါတယ်။ ဒီနှစ် နှစ်စထဲမှာပဲ တင်ပြထားတယ်။ ဝန်ကြီးဌာနက တုံ့ပြန်အကြောင်းကြားလာတော့ မရှိသေးဘူး။ ဒါက ဝန်ကြီးဌာနကနေ ဆုံးဖြတ်ပေးရမယ့်ကိစ္စပါ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာမြင့်စိန်က ပြောသည်။

ထို့ပြင် အများပြည်သူအတွက် စားသုံးမှု မပြုသင့်သည့်အပြင် ဈေးကွက်တွင်းမှာလည်း ဈေးပေါပေါနှင့် ဝင်ရောက်နေသောကြောင့် ငါးမွေးမြူရေးတစ်မျိုးသာ လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များအနေဖြင့် ထိခိုက်လာနိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ မွေးမြူခြင်းကို ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ငါးမွေးမြူရေးကန်များ၌ ကျင့်သုံး ဆောင်ရွက်နေသည့်အတွက် ပြည်တွင်းငါးလုပ်ငန်း ကဏ္ဍအပြင် ရေထွက်ပို့ကုန်လုပ်ငန်းများကိုပါ ဆိုးကျိုး သက်ရောက်လာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းကပ်လျက်ဖြစ်သည့် တရုတ်နိုင်ငံတွင် ၂၀၁၀ ခုနှစ်၌ ကြက်နှင့် ငါးတွဲဖက် မွေးမြူခြင်းကို လုံးဝ မမွေးသင့်ဟုဆိုကာ ဥပဒေထုတ်ကန့်သတ်လိုက်ပြီး မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ် နောက်ပိုင်း၌ ငါးကန်များပေါ်မှာ ခြံများအခိုင်အမာတည်ဆောက် လုပ်ကိုင်လာခြင်းဖြစ်ကြောင်း သိရသည်။ **ချောစု**

## စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စံပြငါးဈေးတွင် အောက်တိုဘာ ၁ ရက်မှ ၁၀ ရက်အထိ ငါးမျိုးစုံပိဿာချိန် ၂၃၁၂၂၃၆ နှင့် ပုစွန်ပိဿာချိန် ၄၀၃၇၁ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာကျပ် ၇၅၀၀-၁၂၀၀၀ ဈေးနှင့် အဝင် ၃၅၀၀ ပိဿာ၊ ငါးရံ့ တစ်ပိဿာကျပ် ၇၀၀၀-၁၁၀၀၀ ဈေးနှင့် အဝင် ၂၇၆၁ ပိဿာ၊ ငါးရှဉ့် တစ်ပိဿာ ကျပ် ၇၀၀၀-၉၀၀၀ ဈေးနှင့် အဝင် ၁၂၇၆ ပိဿာ၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၃၀၀၀-၄၅၀၀ ဈေးနှင့် အဝင် ၇၀၄၇၂၀ ပိဿာ၊ ငါးကြင်း တစ်ပိဿာကျပ် ၄၅၀၀-၆၅၀၀ ဈေးနှင့် အဝင် ၅၃၃၀၅၂ ပိဿာ၊ ငါးခေါင်းပွ တစ်ပိဿာကျပ် ၂၀၀၀-၄၀၀၀ ဈေးနှင့် အဝင် ၁၀၇၈၅၈ ပိဿာ၊ ငါးသလောက် တစ်ပိဿာကျပ် ၁၃၀၀၀-၂၅၀၀၀ ဈေးနှင့် အဝင် ၃၁၀၃၁ ပိဿာ၊ ငါးတန် တစ်ပိဿာကျပ် ၃၀၀၀-၅၅၀၀ ဈေးနှင့် အဝင် ၄၂၈၁၅၄ ပိဿာ၊ ကကတစ် တစ်ပိဿာကျပ် ၉၀၀၀-၁၁၀၀၀ ဈေးနှင့် အဝင် ၅၆၇၆ ပိဿာ၊ ကသပေါင်း တစ်ပိဿာကျပ် ၉၀၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၁၈၂၀ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာ ကျပ် ၂၀၀၀-၇၅၀၀ ဈေးနှင့် အဝင် ၄၉၂၃၈၈ ပိဿာ၊ ပုစွန်ကြော့ တစ်ပိဿာကျပ် ၃၅၀၀-၄၀၀၀ ဈေးနှင့် အဝင် ၃၅၁၇၄ ပိဿာ၊ ပုစွန်စပ်ထုပ် တစ်ပိဿာကျပ် ၁၅၀၀၀-၂၀၀၀၀ ဈေးနှင့် ၂၆၅၉ ပိဿာ၊ ပုစွန်ထုပ်ကြီး စတစ် ပိဿာကျပ် ၂၅၀၀၀-၂၇၀၀၀ ဈေးနှင့် အဝင် ၂၅၃၈ ပိဿာ ဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်း တစ်ပိဿာ ကျပ် ၉၀၀၀-၁၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၅၀၀၀၊ ပုစွန်ကြော့ တစ်ပိဿာကျပ် ၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်လဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိ၊ ဈေးနှုန်းတည်ငြိမ်နေကြောင်း စုံစမ်းသိရှိရသည်။ **ခင်မာဌေး (ရန်ကုန်)**

## အလုံမြို့နယ်ရှိ သိပ္ပံဈေး (သို့) ဆင်မင်းဈေးကို Market Operator နှင့် လုပ်ကိုင်သွားမည်

အလုံမြို့နယ်ရှိ သိပ္ပံဈေး (သို့) ဆင်မင်းဈေးသည် စည်ကားသည့် ဈေးဖြစ်သော်လည်း မြေပိုင်ဆိုင်မှုနဲ့ တွက်ပါက အစိုးရအတွက် ဝင်ငွေနည်း နေသေးသောကြောင့် ရသင့်ရထိုက်သည့် ဝင်ငွေရရှိရန် Market Operator နှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်သွားရန် စီစဉ် ရခြင်းမှာ အလုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က မေးမြန်းခဲ့သည့်အတွက် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက "ဈေးကြီးက စည်ကားတဲ့ဈေးဖြစ်ပေမယ့် အစိုးရ၏ ဝင်ငွေကိုတွက်ချက်ရာမှာ တစ်လလျှင် ၁၉ သိန်းသာ ရရှိပါတယ်။ မြေပိုင်ဆိုင်မှုနှင့်တွက်လျှင် နည်းပါးနေပါတယ်၊ တစ်နှစ်လျှင်ဈေး၏ ဝင်ငွေသည် ၂၂၈ သိန်းဖြစ်ပါတယ်၊ နေကမ္ဘာမြန်မာနှင့် PPP အကျိုးတူပူးပေါင်း ဆောင်ရွက်ထားတဲ့ ဈေးဖြစ်တဲ့အတွက်ကြောင့် ရသင့်ရထိုက်တဲ့ ဝင်ငွေရရှိရန် Market Operator နှင့် လုပ်ရန် အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

ဈေးအတွင်း လေဝင်လေထွက် ကောင်းမွန်စေရန် သား/ငါးတန်း၌ Exhaust Fan တစ်လုံး တပ်ဆင်ထား ပြီး လေကာမှန်များနေရာတွင် သံဆန်ခါတပ်ဆင်ရန်နှင့် စားသောက်တန်းနှင့် ကုန်ခြောက်တန်းဆိုင်ခန်းနေရာတွင် Exhaust Fan များ ထပ်မံတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သိပ္ပံဈေးသစ် တည်ဆောက်သည့် နေကမ္ဘာ မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့်ညှိနှိုင်း၍ ပညာရှင်များနှင့် တိုင်ပင်၍ လေကောင်းလေသန့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

## မိုးရာသီအကုန်ကားဈေးကွက် အလားအလာကောင်းများတွေ့မြင်ရ

အောက်တိုဘာလကာလများတွင် သီတင်းကျွတ် မီးထွန်းပွဲတော် ပိတ်ရက်များနှင့် ကျောင်းပိတ်ရက်များ ငါးရက်ခန့်ရရှိသဖြင့် ယင်းကာလများတွင် ယာဉ်အရောင်း အဝယ်များ ခရီးသွားလာမှုများသဖြင့် ခေတ္တအေးစက်သလိုဖြစ်ခဲ့သော်လည်း ဝါကျွတ်ကာလ နောက်ပိုင်းရက်များတွင် ကားပွဲစားတန်းနှင့် အခြားနေရာများတွင် သာမက ပြည်တွင်းဆင်ကားသစ်များရောင်းချရာ ကားရှိုးရွှမ်းများတွင် လူအဝင်အထွက်များပြားလာပြီး ယာဉ်အရောင်းအဝယ်များ ယခင်လကထက် ပိုမိုဖြစ်လာကြောင်း သိရသည်။

ယင်းသို့အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာရခြင်းမှာ အောက်တိုဘာ ၁ ရက်မှစတင်၍ သက်ဝင်မည့် ကုန်သွယ်ခွန်ဥပဒေ ရာခိုင်နှုန်းလျှော့ချမှုအကြောင်းခြင်းရာ အဓိကအပါအဝင်ဖြစ်ပြီး နောက်တစ်ကြောင်းမှာ မိုးရာသီကာလကုန်ဆုံးပြီး ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရန်ကုန်ကားဈေးကွက်ထဲသို့ မြို့ခံများသာမက နယ်ဝယ်လက်များပါ အဆင်းပြန်များလာခြင်း အကြောင်းခြင်းရာကြောင့်ဖြစ်ကြောင်း လှိုင်မြို့နယ်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝါရင့်အကျိုးဆောင်ကိုမြင့်ကျော်မှ ပြောသည်။

အဓိကအားဖြင့် ပြည်တွင်းတပ်ဆင် ဂျပန်ဘယ်မောင်းကားများ၏ တံဆိပ်အသီးသီးမှာ မူလကတည်းက လူသုံးများသည့် တံဆိပ်များဖြစ်ပြီး ပုံမှန်ရောင်းအားရှိခဲ့သော်လည်း ယခုအခါ အခွန် ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့သဖြင့် ထမ်းဆောင်ခွန်များစွာလျှော့ကျခဲ့ကာ အက်စ်ကေဒီ ဂျပန်ထုတ်ကားများသာမက တရုတ်နိုင်ငံထုတ်၊ ကိုရီးယားနိုင်ငံထုတ် ကားတံဆိပ်အသစ်များပါ မြို့နေလူအများစုမှ စိတ်ဝင်စား မှုမြင့်တင်လာပြီးအမှာစာတင်သွင်းမှု၊ အရစ်ကျဝယ်ယူမှုများလည်း လုပ်ဆောင်လာကြသဖြင့် အရောင်းအဝယ်ထိပ်ဆုံးမှာရှိနေပြီး ဂျပန်ညာမောင်းကား တပတ်ရစ်ကားများ ကဏ္ဍမှာလည်း လျော့ကျမသွားပဲ ဂျပန်ညာမောင်းကားသာ သီးသန့်သုံးစွဲလိုသည့် Customer များမှလည်း ဈေးတန်းမလျော့ကျသည့်တိုင် ဝယ်ယူမှုများရှိနေသဖြင့် ကားလေးများထဲတွင် ဟွန်ဒါဖစ်၊ တိုရိုတာဗစ်၊ ဟွန်ဒါဒီမီယို၊ ဘယ်လ်တာ စသည့် ကားများ အင်ဂျင်ပါဝါအလယ်အလတ် ဝက်ဂွန်များထဲတွင် မိုဒယ်လ်မြင့် ကလူဂျာ၊ စီအာရ်ဗွီ၊ ဗန်းဂက် စသည့် ဝက်ဂွန်ကားများနှင့် ၂၀၀၃ ထုတ် အာလ်ဖတ်ကဲ့သို့ ရုပ်ခံကောင်းသောကားများ အဝယ်ရှိနေကြောင်း သိရသည်။ **SN**



## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်(၂၀၁၂) | K | ၂၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | စီအာရ်ဗွီ (၂၀၀၆) | J | ၃၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၆) | L | ၄၉၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အာလ်ဖတ် (၂၀၀၃) | E | ၃၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဘယ်လ်တာ (၂၀၀၇) | E | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဒီမီယို (၂၀၁၀) | J | ၁၅၈ သိန်း | ၁ ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၂၆၈ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | မတ် (စ်)တူး (၂၀၀၂) | G | ၂၂၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (မတ်(စ်)တူး) | - | ၁၂၀ သိန်း | ကားကောင်း |

## ရွှေဘိုခရိုင် ရေသန့်လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၇ ရက်က ရွှေဘိုခရိုင်အတွင်းရှိ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူများအား ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စားသုံးသူကာကွယ်ရေး ဥပဒေ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များနှင့် အသင်းအဖွဲ့ ရေရှည်တည်တံ့ရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ကြရန်ရှင်းလင်း ဆွေးနွေးခဲ့ရာ ရေသန့်လုပ်ငန်းရှင် ၁၁ ဦး တက်ရောက်ခဲ့ကြသည်။



အဆိုပါအစည်းအဝေးတွင် ရွှေဘိုခရိုင်ဦးစီးမှူး ဦးကျော်ငွေက ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သော စားသုံးသူကာကွယ်ရေးဥပဒေ၏ အခန်း(၁၈)ပါပြဋ္ဌာန်းချက်များသည် ထုတ်ပြန်သည့်နေ့မှ တစ်နှစ်ပြီးမြောက်သည့်နေ့တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခန်း(၁၈)ပါကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ၁၅-၃-၂၀၂၀ ရက်နောက်ပိုင်းတွင် ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော ရေသန့်လုပ်ငန်းရှင်များအား အသိပေး အကြောင်းကြားစာများ ဖြန့်ဝေခဲ့၍ အသင်းရေရှည်တည်တံ့ရေးကိစ္စများ ဆွေးနွေးခဲ့ရာ လုပ်ငန်းရှင်များကလည်း စိတ်ပါဝင်စားစွာ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးသီဂီစိုး(ရွှေဘို)**

## ပုသိမ်မြို့ ကွန်ပျူတာတက္ကသိုလ်တွင် e-Government အထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်

ပုသိမ်မြို့ ကွန်ပျူတာတက္ကသိုလ်တွင် e-Government အထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်၁/၂၀၁၉ ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ကျင်းပ ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကား ပြောကြားရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာပြီး ICT နည်းပညာကျွမ်းကျင်ဝန်ထမ်းများ ထွက်ပေါ်လာစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှာ လက်ရှိဆောင်ရွက်နေသည့်ဝင်စာ စာရွက်စာတမ်း Hard Copy များအစား Soft Copy များနှင့် သက်ဆိုင်ရာအဆင့်ဆင့်ဖြတ်သန်းပြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဝန်ကြီးများ၊ ဝန်ကြီးချုပ်အထိ Computer System ဖြစ် လည်းကောင်း cabinet အစည်းအဝေးများမှာ e-meeting system ဖြင့် လည်းကောင်း အစိုးရအဖွဲ့ဝင်များအချင်းချင်း Video Conferencing System ဖြင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်းသာမက အစိုးရဌာနအားလုံး ရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး e-Government စနစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ e-Government အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ပါမောက္ခ၊ ဌာနခွဲမှူး၊ ဆရာ၊ ဆရာမများနှင့် အစိုးရဌာနဆိုင်ရာများ သင်တန်းသား/သူ ဝန်ထမ်း ၁၃၅ ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ရောမြေ (ပုသိမ်)**

## ရန်ကုန်မြို့တွင်းရှိ ခရီးသွားနေရာများအား ပြန်လည်ဖော်ထုတ်နိုင်ရန် Yangon Hotel Expo 2019 ကျင်းပ

ရန်ကုန်မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ခရီးသွားနေရာများ ပြန်လည်ဖော်ထုတ်နိုင်ရန်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်၍ Yangon Hotel Expo 2019 ပြပွဲကို အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza တွင် ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါပြပွဲကို မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်နေသော အခြားသော လုပ်ငန်းကဏ္ဍများကိုပါ ချိတ်ဆက်ပူးပေါင်းနိုင်သည့် ပြပွဲကြီးဖြစ်ကြောင်း သိရသည်။

"ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရင် တခြားနယ်ပယ်ကဏ္ဍတွေမှာလည်း အလိုလို ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဘက်ပေါင်းစုံမှာလည်း အခွင့်အလမ်းတွေပေါ်ပေါက်လာမှာပါ။ အခုနောက်ပိုင်းဆိုရင် ခရီးသွားကဏ္ဍနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေလည်း လုပ်ပေးနေပါတယ်။ အဲဒီလိုပဲ ခရီးသွားကဏ္ဍထဲမှာပါဝင်နေတဲ့ ညီနောင်ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ဖို့ကလည်း အရေးကြီးပါတယ်။ အခုဆို ရန်ကုန်မြို့ရဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးဖို့ကို ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ကို လာရောက်လည်ပတ်တဲ့သူတွေ ညဘက်တွေမှာပါ လည်စရာနေရာရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့ကို ရောင်းမယ့်သူရော ဝယ်မယ့်သူပါ ပါလာနိုင်တဲ့ နေရာမျိုးဖြစ်အောင် လုပ်သွားမှာပါ။ အဲဒီလို လုပ်နိုင်ရင် ဆက်စပ်ကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးတိုးတက်သွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံတွင်း ရှိဟိုတယ်နှင့် အပန်းဖြေစခန်းများ၊ ပြည်တွင်း၊ ပြည်ပမှ Travel & Tour လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်သည့် ထုတ်ကုန်ရောင်းချသူများ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုကို ပေးနေသည့် ဘဏ်များ၊ အာမခံကုမ္ပဏီများ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအပြင် ရန်ကုန်မြို့၏ သမိုင်းကြောင်းများ၊ အထင်ကရနေရာများကို ရှင်းလင်းပြသမည့် ပြခန်းများ စသည့် ပြခန်းပေါင်း ၂၅၀ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်ကျော်ကြားသူတို့၏ အတွေ့အကြုံများ၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

**ချောစု**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနန်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ခုနှစ်ရက် သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၁-၁၀-၂၀၁၉ မှ ၂၇-၁၀-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လူတိုင်းနှင့်ရောနှောခြင်းမရှိသော်လည်း မိမိဆက်ဆံရသူတိုင်းကို ပြေလည်အောင်ပေါင်းသင်းတတ်သည်။ စီးပွားရေးလုပ်ငန်းတို့သည် ကောင်းမလိုလိုနှင့်မကောင်းပါ။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံ စားသောက်ကုန်များသင့်တင့်မည်။ ပညာရေးကို ဦးစားပေးသင့်သည်။ အချစ်ရေးကံမကောင်းသေးပါ။ အိမ်ထောင်ရှိပြီးသူများသည် အိမ်ထောင်ရေးသာယာအောင်ကြိုးစားနေရမည်။ ကျန်းမာရေးအနည်းငယ်ညံ့နေတတ်သည်။ စိတ်ဖိစီးမှုများနေလိမ့်မည်။
**ယတြာ။ သံဃာတော်များကို ဆွမ်းလောင်းပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုရေးပတ်ဝန်းကျင်တွင် လူမျိုးမရွေးဘာသာမရွေး ပေါင်းသင်းဆက်ဆံတတ်ပြီး အနိမ့်အမြင့် မခွဲခြားတတ်ပါ။ စီးပွားရေးတွင် ဖိမ်ခံပစ္စည်းများ၊ တွင်းထွက်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးတွင် ရေကြောင်းသိပ္ပံပညာရပ်အောင်မြင်မည်။ အချစ်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေမည်။ ကျန်းမာရေးတွင် အဆုတ်အအေးမိခြင်း၊ ရင်ဘတ်နာခြင်း၊ လေနာရောဂါ ဖြစ်တတ်သည်။ **ယတြာ။ သက်ကြီးရွယ်အိုတို့ကို ဆေးဝါးလှူပါ ။**



**အင်္ဂါသားသမီးများအတွက်** မိသားစုသဖွယ် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပေါင်းသင်းဆက်ဆံတတ်သည်။ လျှို့ဝှက်မှုမထားတတ်ပါ။ စီးပွားရေးအဓိက လုပ်ငန်းများတွင် တွင်းထွက်ဓာတ်သတ္တုပစ္စည်းများ၊ သွပ်၊သံ၊ ခဲ၊ နီလာတို့ အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးကောင်းသည်။ ချစ်သူနှင့်အဆင်ပြေမည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေး အစာမကြေရောဂါ၊ ဆီး၊ ကျောက်ကပ်ရောဂါတို့ သတိထားသင့်ပါသည်။ **ယတြာ။ အာဟာရဒါနပြုပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် ပုံနှိပ်ထုတ်ဝေသော ဂျာနယ်-မဂ္ဂဇင်းလုပ်ငန်းတို့ အကျိုးပေးမှုကောင်းသည်။ လက်အောက်ငယ်သားများနှင့်ပြဿနာများ ဖြေရှင်းရမှုရှိတတ်သည်။ ပညာရေးအောင်မြင်နိုင်သည်။ အချစ်ရေးတွင် စိတ်သဘောမတိုက်ဆိုင်မှုများရှိနေမည်။ ငွေကြေးပစ္စည်းများ ပြန်လည်ဝင်လာတတ်သည်။ ကျန်းမာရေးတွင် အစာမကြေရောဂါ၊ အူရောင်ခြင်းရောဂါတို့ ဖြစ်တတ်ပါသည်။ **ယတြာ။ ဘုရားတွင် ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးတိုင်ကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့နှင့်ပတ်သက်ပြီး လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများမှ အောင်မြင်မှုရရှိလိမ့်မည်။ ကုန်သွယ်မှုလုပ်ငန်းများ အထူးအကျိုးပေးပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် အဝေးရောက်ချစ်သူ၏ ပြန်ကြားမှုရရှိလိမ့်မည်။ ကျန်းမာရေး အပူအအေး မမျှသော ဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။
**ယတြာ။ ဘုရားတွင် ပေါက်ပေါက်ပွင့်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် စိတ်ထဲကမပါပေမဲ့၊ မပြောခြင်ပေမဲ့ ဟန်ဆောင်၍ ပြောဆိုဆက်ဆံနေရတတ်ပါသည်။ ရတနာပစ္စည်းများနှင့် ပတ်သက်သော စိန်၊ ဥဿဖယား၊ ပုလဲ၊ နီလာ၊ ရွှေ၊ ငွေ ရတနာများ စသည်တို့နှင့်လည်း အကျိုးပေးပါသည်။ ပညာရေးတွင် တဇွတ်ထိုးလုပ်တတ်သောစိတ်ကြောင့် အောင်မြင်မှုအားနည်းတတ်ပါသည်။ အချစ်ရေးတွင် ကြင်နာတတ်သူနှင့်တွေ့မည်။ ကျန်းမာရေး အနည်းငယ်ချူချာနေတတ်သည်။
**ယတြာ။ သံဃာတော်အား သင်္ကန်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းသစ်များ ရင်းနှီးမတည်ရန် စုဆောင်းငွေများ သိမ်းဆည်းထားရမည်။ စီးပွားရေးလုပ်ငန်းရှယ်ယာဝင်တို့သည် အထင်ကြီးလေးစားကြလိမ့်မည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးတွင် စီမံခန့်ခွဲမှုပညာ ထူးချွန်မည်။ အချစ်ရေးကောင်းတတ်သလို အိမ်ထောင်ရေးတွင်လည်း စန်းပွင့်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေနာရောဂါဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ဖိနပ်လှူပါ။**

# ကလေးဒေသဖောင်းပြင်၌ ဝဥတူးဖော်ရောင်းဝယ်သူ များပြားလာ

ဖောင်းပြင်မြို့နယ်၌ ဝဥဝယ်ယူပြီး လုပ်ငန်းဆောင်ရွက်သူ (၄ - ၅) ဦးခန့် ရှိသည်။ ဖောင်းပြင်မြို့နယ်၌ ဝဥပင်များကို စနစ်တကျ စိုက်ပျိုးသောတောင်သူများမရှိပါ။ တောတောင်များတွင် အလေ့ကျပေါက်သော ဝဥပင်များမှ ဝဥတူးဖော်ရောင်းချသူ လက်လုပ်လက်စားများ ယခုနှစ်တွင် များပြားလာကြောင်း သိရှိရသည်။ ဝဥများ တူးဖော်၍ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းများအတွက် သစ်တောဦးစီးဌာနမှ လွတ်လပ်စွာရောင်းချနိုင်ပြီး၊ မျှောစာများ ကင်းလွတ်ခွင့်ပေးထားမှုကြောင့် ဝဥတူးဖော်သူ၊ ဝယ်/ရောင်း လုပ်ကိုင်သူ များပြားလာသည်။

ဝဥဝယ်ယူသူများလာခြင်းကြောင့် အပြိုင်အဆိုင် ဈေးပိုမှုများလည်း ရှိသည်။ ယခင်နှစ်က ဝဥအစို တစ်ပိဿာကျပ် ၈၀၀ သာပေါက် ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၄၀၀ အထိ ပေါက်ဈေးရှိလာသဖြင့် ဒေသခံ ဝဥတူးဖော်သူများ နေ့စဉ် ဝင်ငွေကောင်းတစ်ခုရရှိနေသည်။ ဈေးကွက်အနေဖြင့် မန္တလေးမြို့သို့တင်ပို့ကြသည်။ ဖောင်းပြင်မြို့နယ် ဝဥဝယ်ယူသူ ဒေါ်ငြိမ်းအိခိုင်အနေဖြင့် ယခုအချိန် ဝဥအစို ပိဿာ ၅၀၀၀ ဝယ်ယူထားပြီး ဖောင်းပြင်မြို့နယ်အားလုံးတွင် ဝယ်ယူထားမှုမှာ ပိဿာ ၂၀၀၀၀ မှ ၂၅၀၀၀ ခန့်အထိ ဝယ်ယူထားပြီးဟု ခန့်မှန်းပြောကြားခဲ့သည်။

ယခင်နှစ်က ဖောင်းပြင်မှ မန္တလေးမြို့သို့ တင်ပို့နိုင်မှုမှာ ပိဿာ ၈၀၀၀၀ ကျော်ခန့်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ရာသီကုန်အထိ ပိဿာ ၅၀၀၀၀ ခန့်သာတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝဥလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်လှ၏ ပြောကြားချက်အရ သိရှိရသည်။ ယခုနှစ်တွင် ဝဥအထွက် နည်းခဲ့ကြောင်း၊ အထွက်နည်းရခြင်းမှာ ဝဥအပင်ဖြစ်မည့်အချိန် မိုးဦးကာလတွင် မိုးနည်းခြင်း၊ ဝဥများဥဆင်းချိန်မှ မိုးကောင်းခြင်းကြောင့် အပင်အားပေးပြီး ဝဥများဥကြီးထွားမှုနည်းပါးခြင်းဖြစ်ကြောင်း သိရ သည်။ ဝဥအစို ပိဿာ ၁၀ လျှင် အခြောက်တစ်ပိဿာခန့်သာရရှိကြောင်း သိရှိရသည်။

ဖောင်းပြင်မြို့နယ် ဝဥများ အလေ့ကျပေါက်မှ ယခုကဲ့သို့ တူးယူရောင်းချမှုလုပ်ငန်းတွင်ကျယ်၍ စီးပွားဖြစ်သီးနှံဖြစ်ခြင်းကြောင့် ဒေသခံတောင်သူများ ဝဥကိုစနစ်တကျ စိုက်ပျိုးသင့်သော သီးနှံဖြစ်သည်။

**ကျော်သန်းစိန် (ဖောင်းပြင်)**

# Gmail and Google Account Security Seminar ကျင်းပ

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် US ICT Council တို့ပူးပေါင်း၍ Gmail and Google Account Security Seminar ကို အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည်။

"US ICT Council ဆိုတာက အမေရိကန် ICT နည်းပညာကုမ္ပဏီတွေ စုပေါင်းထားတာဖြစ်ပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နဲ့လည်း MOU ရေးထိုးထားပါတယ်။ စီးပွားရေးနယ်ပယ်မှာ IT အသုံးပြုတဲ့ကိစ္စကို ကူညီပေးဖို့ဖြစ်ပြီး ဒီနေ့အခမ်းအနားကလည်း MOU ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်က ပြောသည်။




မြန်မာပြည်သူများသုံးစွဲမှု များပြားသည့် Gmail, Google Search, Google Map, Google Translate, Youtube စသည့် Google Products များ အသုံးပြုသည့်အခါ Security နှင့်ပတ်သက်၍ Google Public Policy Head ဖြစ်သော Mr.Jirawatu Google Account ဖန်တီးခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ထိန်းသိမ်းခြင်း၊ လုံခြုံရေးစနစ်များ၊ Cyber Security ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ယခုအောက်တိုဘာလကိုနိုင်ငံတကာတွင် Cyber Security Month အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာ ၁၈ ရက်ကို Myanmar Security Month အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ **သန်းထိုက်အောင်**

# မြန်မာနိုင်ငံအတွင်းရှိ ကျွဲ၊ နွားများအား တရုတ်က တရားဝင်လက်ခံခြင်းမရှိသေး

ပြည်တွင်းရှိ ကျွဲ၊ နွားများအား မြန်မာနိုင်ငံဘက်မှ တရားဝင်တင်ပို့ခွင့် ရရှိပြီဖြစ်သော်လည်း တရုတ်နိုင်ငံဘက်က တရားဝင်လက်ခံခြင်း မရှိသေးကြောင်း မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က အောက်တိုဘာ ၁၁ ရက်တွင် ပြောသည်။ သို့ဖြစ်၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေဖြင့် လက်ရှိတွင် မြန်မာ့ ကျွဲ၊ နွားများအား တရုတ်နိုင်ငံဘက်က တရားဝင်လက်ခံလာနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခု တရုတ်က တရားဝင်လက်ခံလာနိုင်ဖို့ ညှိနှိုင်းနေတယ်။ မြန်မာနိုင်ငံကတော့ တင်ပို့ခွင့်ကို တရားဝင်ပေးလိုက်ပြီ။ တရုတ်ကတော့ တရားဝင် လက်မခံသေးဘူး။ အခုလက်ရှိက တရားမဝင်လမ်းကြောင်းကနေပဲ ပို့နေရတဲ့ ပုံစံ။ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကတော့ ညှိနှိုင်းနေတုန်းပဲ တရုတ်က တရားဝင်ဝယ်ဖို့တော့ရှိတယ်။ အောက်ပိုင်းလေးတွေမှာ ညှိတဲ့သဘောပေါ့။ ဘယ်လိုအခြေအနေမှာ နွားကိုလက်ခံမလဲ။ အဓိကကတော့ ကျန်းမာရေးပေါ့။ ခွာနာ၊ လျှာနာ ကင်းစင်ဖို့ ကင်းစင်တဲ့ ကျွဲ၊ နွားတွေကို ဘယ်လိုဝယ်ယူမလဲဆိုတဲ့အပိုင်းတွေ ညှိနေတာမျိုးတွေရှိတယ်"ဟု ဒေါက်တာကျော်ထင်က ပြောသည်။

အိန္ဒိယနယ်စပ်မှ မြန်မာပြည်သို့ ကျွဲ၊ နွားများယူလာပြီး တရုတ်သို့ပြန်လည်ပို့ဆောင်သည်ဟူသော အချက်ကြောင့် မြန်မာကုန်သည်များအနေ ဖြင့် ယင်းတင်ပို့မှုတွင် အခက်အခဲများရှိနေကြောင်း သိရသည်။ "ဒီ တရားမဝင် ကျွဲ၊ နွားတင်ပို့မှုတွေကြောင့် မြန်မာကုန်သည်များအနေနဲ့ ကျွဲ၊ နွားတွေကို တရုတ်ဘက်ကို အရင်ဆုံးပေးလိုက်ရပါတယ်။ တရုတ်ကုန်သည်တွေက နောက်တစ်ကြိမ် ပိုက်ဆံပြန်ရှင်းမှသာ မြန်မာကုန်သည်တွေက ငွေရရှိတာပါ။ ငွေမရှင်းဘူးဆိုရင်တော့ ကျွဲ၊ နွားတွေလည်းဆုံး၊ ငွေလည်းဆုံးပေါ့"ဟု ၎င်းက ပြောဆိုသည်။ ကျွဲ၊ နွားတင်ပို့မှု တရားဝင်ဖြစ်ပါက စာချုပ်စာတန်းများကြောင့် အကောင်အရေအတွက် မိမိလိုလားချက်များ ညှိနှိုင်းယူ၍ရကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် ပြည်ပသို့ ကျွဲ၊ နွား တရားဝင်တင်ပို့ခွင့်ရရှိခဲ့ပြီး အမိန့်စာထုတ်ပြီးသည့်အချိန်ကာလမှ ယနေ့အထိ ကျွဲ၊ နွားအကောင်ရေ လေးသိန်းကျော် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ပန်းဆု**



# အကျပ်အတည်းကြားက ရုန်းကန်နေရတဲ့ မြန်မာ့ဆန်စပါးဈေးကွက်

**အောင်ဆန်း (စိုက်ပျိုးရေး)**

မြန်မာနိုင်ငံမှာ ဆန်စပါးကို ပြည်တွင်းရောင်းဝယ်ဖောက်ကားတဲ့အပိုင်းနဲ့ ပြည်ပတင်ပို့ရောင်းဝယ်ဖောက်ကားတဲ့ အပိုင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ပြည်တွင်းရောင်းဝယ်ဖောက်ကားတဲ့နေရာမှာ ပြည်သူပြည်သား စားသုံးမှုအတွက် ဝယ်ခြင်း၊ ရောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းတွေ ဝဲလည်နေတာဖြစ်ပါတယ်။

ပြည်တွင်း စပါးဆန်ရောင်းဝယ်ဖောက်ကားမှု ဈေးကွက်မှာ ဆန်စပါးဈေးဟာ တက်လိုက်၊ ကျလိုက်နဲ့ ဈေးမတည်ငြိမ်မှု ဖြစ်နေတာ တွေ့ရပါတယ်။ ဆန်စပါးဈေး တက်လိုက်ကျလိုက်နဲ့ ဈေးမတည်ငြိမ်မှု ဖြစ်နေတာကတော့ ပြည်တွင်း ဆန်လက်ကျန်ပမာဏအပေါ် တည်မှီနေပါတယ်။ မြန်မာနိုင်ငံဟာ တစ်နှစ်ဆန် မက်ထရစ်တန်ချိန် သန်းပေါင်း ၁၃ သန်းကျော် ထွက်နိုင်ပြီး ပြည်ပကို ဆန် မက်ထရစ်တန်ချိန် သန်းပေါင်း ၂ ဒသမ ၅ သန်းကျော်သာ တင်ပို့နိုင်ပါတယ်။ ဒီတော့ ပြည်တွင်းမှာ ဆန်လက်ကျန် ပြည်တွင်းစားသုံးမှု အပါအဝင် မက်ထရစ်တန်ချိန် ၁၀-၁၁ သန်းကျော် ရှိနေပါတယ်။ မြန်မာဆန်စပါးဈေးဟာ မိုးစပါးပေါ်ချိန် အောက်တိုဘာလကုန်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလတွေမှာ စပါးများများပေါ်ပြီး ပြည်တွင်းရောင်းဝယ်ဖောက်ကားမှု အေးနေတဲ့အချိန် ဆန်စပါးဈေး ထိုးဆင်းတာတွေ့ရပါတယ်။ တစ်ဖန် နွေစပါးပေါ်တဲ့အချိန် မတ်၊ ဧပြီ၊ မေလတွေမှာ ပြည်တွင်းဆန်စပါးဈေးအေးခြင်း၊ ပူခြင်းဟာလဲ ပြည်တွင်းဆန်စပါး လက်ကျန်ပေါ်မှာ မှီခိုနေတာတွေ့ရပါတယ်။

မြန်မာပြည်တွင်း ဆန်စပါးဈေးကို ကိုင်လှုပ်နေတာကတော့ ပြည်ပပို့ကုန် ဆန်စပါး အနုတ်အသိမ်းက ချုပ်ကိုင်ထားခံရပြန်ပါတယ်။ ပြည်ပပို့ကုန် အနုတ်အသိမ်း အေးနေရင် ပြည်တွင်းဝယ်လက်ကုန်သည်ကြီးများ Exporter ကြီးများ ဆန်စပါးဝယ်ဖို့ လက်တွန့်ပြီး ငုတ်တုတ်ထိုင်နေကြပါတယ်။ ဒီအချိန်မှာ ဆန်စပါးဈေးတွေ ထိုးကျပြီး တောင်သူလယ်သမားကြီးများလည်း ငိုရတော့မလိုလို ရယ်ရတော့မလိုလိုနဲ့ ဘဝပျက်မတတ် ဒုက္ခခံစားနေကြပါတယ်။ ပြည်ပပို့ကုန် အနုတ်အသိမ်းလေး ခပ်သွက်သွက်ဖြစ်လာပြီဆိုရင်တော့ ကုန်သည်ကြီးများရော Exporter ကြီးများရော ပျာယာခတ်ပြီး ဆန်စပါးဈေးကွက်ထဲမှာ အလုအယက်ဝယ်နေကြပါတယ်။ ဝယ်သူတွေ ခြေချင်းလိမ်နေတဲ့အချိန် ဆန်စပါးဈေးကလည်း အထွတ်အထိပ်ရောက်လာပါတယ်။ တောင်သူလယ်သမားကြီးများလည်း ပျော်ရွှင်ကြည်နူးမဆုံး ဖြစ်နေကြရပြန်တော့တာပါပဲ။ မြန်မာနိုင်ငံရဲ့ ဒီလိုလည်ပတ်ဖြစ်ပေါ်နေတဲ့ ဆန်စပါးဈေးကွက် ဝဲဩဃ သံသရာကြီးဟာ တစ်နှစ်လည်းမဟုတ် နှစ်စဉ်ရာသီချိန်ဆို ပေါ်လာမြဲပါပဲ။

ဒီလိုမြန်မာဆန်စပါးဈေးကွက်ကြီးရဲ့ နှစ်စဉ်ပေါ်လာနေတဲ့ ဝဲဩဃသံသရာကြီး ဖြစ်ပေါ်ရတာဟာ အကြောင်းနှစ်ချက်က လွှမ်းမိုးနေတာ တွေ့ရပါတယ်။ နံပါတ် (၁) အချက်ကတော့ တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းရဲ့ အတားအဆီး အပိတ်အဖွင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပြည်ပပို့တဲ့ ဆန်စုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းဟာ တရုတ်နယ်စပ်ကသွားတာ ဖြစ်ပါတယ်။ မြန်မာဘက်ကတရားဝင် ကုန်သွယ်ရေးဖြစ်သော်လည်း တရုတ်ဘက်က တရားမဝင်ကုန်သွယ်ရေးဖြစ်နေတဲ့အတွက် တရုတ်နယ်စပ်ကုန်သွယ်ရေးဟာ တရုတ်နိုင်ငံရဲ့ အရုပ်ကြိုးဆွဲသလို ခံနေရခြင်းပါပဲ၊ ပိတ်ချင်ရင်ပိတ်၊ ဖွင့်ချင်ရင်ဖွင့်ဆိုတော့ မြန်မာဆန်ကုန်သည်ကြီးများ ထိုင်ရတော့မလို ထရတော့မလို ဖြစ်ကုန်ကြရပါတယ်။

မြန်မာဆန်စပါးအရည်အသွေး ကျဆင်းတဲ့အတွက် တရုတ်နိုင်ငံက မြန်မာဆန် မက်ထရစ်တန်ချိန် တစ်သိန်းဝယ်ပေးပါ့မယ်လို့ မီးစိမ်းပြလိုက်တာတောင်မှ ပြည်တွင်းမှာ အရည်အသွေးပြည့်မီတဲ့ဆန်ကို ကျားကုတ်ကျားခဲနဲ့ ဝယ်နေရတဲ့ ဒုက္ခနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့နေကြရပြီ ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဆန်တင်ပို့ဖို့ ကိုယ်တာ နှစ်စဉ်ပုံမှန်ခွဲတမ်းရနေဖို့အတွက် ကုန်သွယ်မှု ယုံကြည်ချက်တည်ဆောက်ရေးမှာ ငြိငြင်စရာဖြစ်လာမှာတောင် စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။ အလိုလိုမှ ဆန်ပြည်ပတင်ပို့မှု ကျားကုတ်ကျားခဲ ကြိုးပမ်းနေရတဲ့အချိန်မှာ ဘူးလေးရာဖရုံဆင့်ခံရသလို ဖြစ်နေရပြန်ပါတယ်။ ပြည်တွင်းဈေးကွက်တည်ငြိမ်မှုနဲ့ နိုင်ငံတကာ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုကို အဟန့်အတားဖြစ်စေမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ဆန်စပါးထုတ်လုပ်မှုမှာ လုပ်သားရှားပါးမှု၊ ဈေးကြီးမြင့်မှု၊ သွင်းအားစုများ ဈေးနှုန်းကြီးမြင့်နေမှု၊ ဆိပ်ကမ်းတင်ပို့မှု၊ စရိတ်များကြီးမြင့်နေမှုများနဲ့ရင်ဆိုင်နေရပြန်ပါတယ်။ ယူရီးယား ဓာတ်မြေဩဇာတစ်တန်ကို ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၄၀၀ ခန့်၊ ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၃၈၀ ခန့်ရှိနေချိန်မှာ မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၄၄၅ ဒေါ်လာ ကျော် ဈေးရှိနေပါတယ်။ ကွန်ပေါင်းမြေဩဇာ တစ်တန်ကို ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၃၇၀ ခန့်၊ ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၃၃၀ ကျော်ခန့် ရှိနေချိန်မှာ မြန်မာနိုင်ငံတွင် အမေရိကန် ဒေါ်လာ၅၂၀ ကျော်ခန့်ဈေးဖြစ်နေတာ တွေ့ရပါတယ်။ စပါးဈေးနှုန်းကို ပြန်ကြည့်ရင်လည်း ထိုင်းနိုင်ငံမှာ ကွင်းဈေးတစ်တန် အမေရိကန်ဒေါ်လာ ၃၂၀ ခန့်၊ ဗီယက်နမ်နိုင်ငံမှာ အမေရိကန်ဒေါ်လာ ၂၃၀ ခန့် ဈေးပေါက်နေချိန်မှာ မြန်မာနိုင်ငံရဲ့ စပါးကွင်းဈေးဟာ တစ်တန်အမေရိကန်ဒေါ်လာ ၁၉၀ သာ ပေါက်ဈေးရှိတဲ့အတွက် ကုန်ကျစရိတ်များပြီး စပါးဈေး နိမ့်ကျတဲ့ပြဿနာနဲ့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ စပါးဈေးတစ်ခုတည်း ကောင်းအောင် ဆောင်ရွက်ရုံဖြင့် မလုံလောက်ဘဲ စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်ပါ ကျဆင်းအောင် ဆောင်ရွက်ဖို့လည်း လိုအပ်လာပါတယ်။

မြန်မာ့ဆန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းအရ ပြည်ပတင်ပို့တဲ့ နေရာမှာလည်း အီးယူနိုင်ငံများက ဆန်လုံးရှည်အချွန်ကို အကောက်ခွန် ကင်းလွတ်ခွင့် ရုပ်သိမ်းခံလိုက်ရတဲ့ဖြစ်စဉ်မှာ မြန်မာ့ညှော်မထဆန်လုံးရှည် အချွန်များဟာ အီးယူက သတ်မှတ်တဲ့အရွယ်အစားထက်ငယ်နေတဲ့အတွက် ဝယ်ယူပေးဖို့ကိုလဲ အကြိတ်အနယ်ညှိနှိုင်းနေရတဲ့ အခြေအနေမှာ ရှိပါတယ်။ လွယ်လွယ်နဲ့ ဈေးကွက်ဖွင့်မပေးတော့ ငြိမ်နေရတဲ့ သဘောရှိပါတယ်။ မြန်မာဆန်စပါးအသင်းချုပ်က မကြာမီ အီးယူကို တစ်ဖွဲ့သွားရောက်ညှိနှိုင်းဖို့ စီစဉ်နေပါတယ်။ တစ်ဖန် အိုင်ဗရီကို့စ်နိုင်ငံက မြန်မာဆန်တွေစားသုံးရန် မသင့်လို့ ဖျက်ဆီးခံခဲ့ရတဲ့ပြဿနာမှာလည်း မြန်မာဘက်က ဘယ်လောက်မှန်တယ်ပဲပြောပြော အခြားဝယ်လက်နိုင်ငံတွေဆီ ရိုက်ခတ်နေတဲ့ အဲဒီလှိုင်းတန်ဖိုးဟာ အငွေ့အသက်ကျန်နေသေးတာ အမှန်ပါပဲ။ အဲဒီတော့ အဲဒီနိုင်ငံတွေကလည်း မြန်မာဆန်ကို ဝယ်ယူဖို့ လက်နှေးနေကြတာဖြစ်ပါတယ်။ အလိုလိုမှ မြန်မာဆန်ဈေးကွက် မရ၊ ဈေးနှိမ်ခံရတဲ့အဖြစ်နဲ့ ကြုံတွေ့နေရချိန်မှာ ဒီဖြစ်စဉ်ဟာလည်း လဲရာသူခိုးထောင်းခံရသလို ဖြစ်နေပြန်ပါတယ်။

နောက်တစ်ချက်ကတော့ ပြည်ပတင်ပို့ဆန်ကြိတ်ခွဲရေးအပိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆန်စက်ပေါင်း ၃၀၀၀၀ ကျော်ရှိတဲ့အနက် အဆင့်မြင့် တန်းဝင်ဆန်ရရှိအောင် ကြိတ်နိုင်တဲ့ ဆန်စက်ဟာ အလုံးရေ ၉၀၀ ခန့်သာ ရှိပါတယ်။ ဆန်တန်ချိန် သိန်းနဲ့သန်းနဲ့ချီပြီး အချိန်မီပေးပို့ဖို့အတွက် ကြိတ်ရတော့မယ်ဆိုရင် ဒီစက်အလုံး ၉၀၀ လောက်နဲ့ ဘယ်လိုမှနိုင်အောင် မကြိတ်ပေးနိုင်တော့ပါဘူး။ ဒီတော့ အဆင့်နိမ့်တဲ့ ဆန်စက်တွေနဲ့ အောက်ဆင်းကြိတ်ရတဲ့အခါ အရည်အသွေးအဆင့်မီ ဆန်မရရှိနိုင်တော့ပါ။ အဆိုပါ အဆင့်မမီဆန်တွေနဲ့ အရည်အသွေးအဆင့်မီ ဆန်တွေ ရောနှောရောင်းတဲ့အခြေအနေ ရောက်သွားပါတယ်။ ဒီလိုဆန်အရောအနှော ပြဿနာကြောင့် နိုင်ငံတကာ ဈေးကွက်မှာ စကားပြောခဲ့ရတဲ့ အကြိမ်ပေါင်း မနည်းတော့ပါ။ ယခုတရုတ်နိုင်ငံကို ဆန်တန်ချိန် တစ်သိန်းတင်ပို့ဖို့မြန်မာ့ဆန်စက် အလုံး ၁၀၀ ကို အစစ်ဆေးခံခဲ့ရာမှာ ဆန်စက် ၁၁ လုံးသာ သတ်မှတ်ချက်နဲ့ အဆင့်မီတယ်လို့ ရွေးချယ်ခံရတာဟာလည်း မြန်မာ့ဆန်စက်တွေရဲ့ ချို့ယွင်းချက်၊ အားနည်းချက်၊ ပြုပြင်ရမယ့် အချက်တွေကိုမီးမောင်းထိုးပြခံနေရခြင်း ဖြစ်ပါတယ်။ ဒါဟာလည်း မြန်မာဆန်၊ ပြည်ပတင်ပို့ဖို့အတွက် နောက်ထပ် ဖရုံတစ်လုံး တပ်ဆင့်ခံနေရခြင်းပါပဲ။

နောက်တစ်ခုကတော့ မြန်မာ့ဆန် ပြည်ပတင်ပို့ဖို့ ဆိပ်ကမ်းမလုံလောက်တဲ့ ဖြစ်စဉ်ပါပဲ။ ရန်ကုန်ဆိပ်ကမ်းဟာ တစ်ကြိမ်မှာ ဆန်တန်ချိန် ၂၀၀၀၀-၃၀၀၀၀ သာ တင်ပို့နိုင်တာ ဖြစ်ပါတယ်။ ဆန်တန်ချိန် သိန်းနဲ့ သန်းနဲ့ချီပြီး အချိန်မီတင်ပို့ဖို့ လိုလာတဲ့အခါ နှောင့်နှေးကြန့်ကြာတယ်။ စရိတ်တက်တယ်ဆိုတဲ့ ဒုက္ခကြုံကြရတာ အမှန်ပါပဲ။ ဒါကြောင့် သီလဝါလိုနေရာမှာ တန်ချိန် ၅၀၀၀၀ လောက် တင်ပို့နိုင်တဲ့ ဆိပ်ကမ်းတစ်ခု တည်ဆောက်ဖို့ လိုအပ်ပါတယ်။ တစ်ဖန် ကိုလိုနီခေတ် ဆန်တန်ချိန်သုံးသန်း တင်ပို့စဉ်က အသုံးပြု ခဲ့တဲ့ စစ်တွေဆိပ်ကမ်း၊ ပုသိမ်ဆိပ်ကမ်းတွေကိုလည်း အဆင့်မြှင့်တင်ဖို့ စဉ်းစားသင့်ပါတယ်။

အကျပ်အတည်းကြားက ရုန်းကန်နေရတာကတော့ ပြည်ပပို့မယ့် ဆန်ထည့်ဖို့ ကွန်တိန်နာမရရှိတဲ့ အခက်အခဲပါပဲ။ မိုးရာသီဆိုတော့ သင်္ဘောဝမ်းထဲ ဆန်အိတ်တိုက်ရိုက်တင်လို့ မရပါဘူး။ ကွန်တိန်နာထဲထည့်ပြီး တင်မှရတာ ဖြစ်ပါတယ်။ Import အဝင်နည်းနေတော့ ကွန်တိန်နာလည်း မရောက်ရှိလို့ ဆန်ပြည်ပတင်ပို့မယ့် Exporter ကြီးများက ကွန်တိန်နာ အလှည့်ကျ ထိုင်စောင့်နေကြရတယ်။ စရိတ်လည်းတက်ကုန်တဲ့ ဒဏ်ခံနေကြရပါတယ်။

■

# MyCOတွင် နှစ်စဉ်အစီရင်ခံစာ တင်ပြရမည့်ရက်စွဲကို ဖော်ပြပေးထားရာ ကုမ္ပဏီများ ဂရုပြုရန်လိုအပ်

Online ကုမ္ပဏီမှတ်ပုံတင်စနစ် ဖြစ်သည့် MyCo တွင် သက်ဆိုင်ရာ ကုမ္ပဏီ Profile ၌ နှစ်စဉ်အစီအရင်ခံစာ တင်ရမည့်ရက် (Annual Return Due Date)ကို ဖော်ပြပေးထားရာ ကုမ္ပဏီများအနေဖြင့် ဂရုစိုက်ကြည့်ရှုပေးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)က တိုက်တွန်းထားသည်။

Online System ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် စက္ကန့်ပိုင်းမျှ ကျော်လွန်သွားပါကလည်း နောက်ကျကြေး (Late Fee)အလိုအလျောက် သတ်မှတ်မည်ဖြစ်ခြင်းကြောင့် ကုမ္ပဏီများ၏ Annual Return Due Date ကို ဂရုစိုက်သင့်ကြောင်း၊ အဆိုပါရက် ကျော်လွန်ပါက နောက်ကျကြေးစတင်ပေးဆောင်ရမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် ၁၉၅၀ ခုနှစ်၊ အထူးကုမ္ပဏီများ အက်ဥပဒေနှင့်အညီ MyCO မှတ်ပုံတင်စနစ်တွင် အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ၊ အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ ခံဝန်ချက်အားဖြင့် တာဝန်ကန့် သတ်ထားသည့်ကုမ္ပဏီ၊ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့၊ ၁၉၅၀ ခုနှစ်အထူးကုမ္ပဏီ အက်ဥပဒေအရ အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၊ ၁၉၅၀ ခုနှစ်အထူးကုမ္ပဏီ အက်ဥပဒေအရ အစုအားဖြင့် တာဝန် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ၊ ပြည်ပကော်ပိုရေးရှင်းတို့ကို မှတ်ပုံတင် တည်ထောင်နိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ပြည်ပရောက်နိုင်ငံသားများအနေဖြင့် ပြည်တွင်းသို့ တရားဝင်လမ်းကြောင်းမှ ငွေလွှဲပို့ရန် တိုက်တွန်း

ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ ဝင်ငွေများကို တရားဝင် လမ်းကြောင်းမှသာ ငွေလွှဲပို့ခြင်းကို အလေးထားဆောင်ရွက်ရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ အပါအဝင် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် မိမိတို့ဝင်ငွေများကို မိသားစုထံလွှဲပို့ရာတွင် သက်ဆိုင်ရာနိုင်ငံရှိ ဘဏ်များမှ တစ်ဆင့် တရားဝင်လမ်းကြောင်းမှ လွှဲပို့ခြင်းဖြင့် လုံခြုံစိတ်ချစွာ လွှဲပို့နိုင်သကဲ့သို့ နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)ကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် တရားဝင်လမ်းကြောင်းမှ ငွေလွှဲပို့ခြင်းကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မှတ်ပုံတင်ထားသောပြည်ပအလုပ် အကိုင်အကျိုးဆောင် အေဂျင်စီများမှတစ်ဆင့် ပြည်ပရောက် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများနှင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများက မြန်မာနိုင်ငံရှိ မိသားစုများထံသို့လွှဲပြောင်းပေးပို့ငွေမှာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်၊ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၇၀ ကျော်၊ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၆၀ ကျော်၊ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၃၀ ကျော်၊ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော်နှင့် ၂၀၁၉ ခုနှစ် ဇွန်လအထိ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာရင်းအရ သိရသည်။

၁၉၉၀ ပြည့်နှစ်မှစတင်၍ ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများ စတင်သွားရောက်ခဲ့ရာ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရန် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ **သန်းထိုက်အောင်**

# အခြေခံစပါးဈေး တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း သတ်မှတ်

အခြေခံစပါးဈေး တင်းတစ်ရာလျှင်ကျပ်ငါးသိန်း သတ်မှတ်လိုက်ပြီဖြစ်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ကြေညာလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတ်မှတ်ရာတွင် အစိုဓာတ် ၁၄ ရာခိုင်နှုန်း၊ ဖုန်၊ သဲ ကင်းစင်ပြီး အရည်အသွေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ကို အခုလို စပါးဈေးအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု သတ်မှတ်လိုက်သည့် အခြေခံစပါးဈေးနှုန်းမှာ ၂၀၁၉ မိုးစပါးနှင့် ၂၀၂၀ နွေစပါးတို့အတွက် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အနေဖြင့် ယခုနှစ်အတွက် အခြေခံစပါးဈေး တင်း ၁၀၀ ကို ကျပ် ၄၈၀၀၀၀၊ ၅၀၀၀၀၀ နှင့် ၅၂၀၀၀၀ ဟူ၍ ယင်းသုံးမျိုးမှ သင့်လျော်သည်ကို သတ်မှတ်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှတစ်ဆင့် အစိုးရထံ တင်ပြခဲ့ကြောင်း သိရသည်။

ယခု သတ်မှတ်ပေးလိုက်တဲ့ အခြေခံရည်ညွှန်း စပါးနှုန်းနဲ့ ရောင်းချရန် အခက်အခဲရှိသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။ **ချောစု**

# ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း ယခုနှစ် ပညာသင်နှစ် ဝင်ခွင့်ခေါ်ယူ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သော ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan-Myanmar Aung San Vocational Training Institute)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ [Automotive Technology (Maintenance)]နှင့် စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်နည်းပညာ[Electrical Engineering(Industry)] သင်တန်းများအတွက် AGTI ပထမနှစ်သင်တန်းသားခေါ်ယူနေကြောင်း သိရသည်။

လျှောက်ထားလိုသူများသည် နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် ကုမ္ပဏီ/စက်ရုံများသို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာ သာရပ်များပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ထားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်ပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတစ်ခုစီအတွက် သင်တန်းသား ၂၀ ဦး လက်ခံမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးနှစ်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်ကြောင်း၊ AGTI သုံးနှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါကနည်းပညာတက္ကသိုလ်များ၏ သက်ဆိုင်ရာ တတိယနှစ်သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်မည်ဟု သိရသည်။

အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်ရှိ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း ဖုန်း- ၀၉-၄၀၆၀၅၃၁၂၄ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**




# ဗီယက်နမ်နိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံသို့ လွယ်ကူစွာသွားနိုင်မည့် ဝန်ဆောင်မှု စတင်

ဗီယက်နမ်လေကြောင်းလိုင်း Vietjet သည် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အိုဆာကာမြို့သို့ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့မှတစ်ဆင့် သွားရောက်နိုင်သည့်ခရီးစဉ်များ စတင်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၆ ရက်တွင် သတင်း ထုတ်ပြန်သည်။

မြန်မာခရီးသွားများအနေဖြင့် ဂျပန်နိုင်ငံသို့ Vietjet နှင့် ပျံသန်းသွားလာရင်း ထူးခြားသည့် လေကြောင်းခရီးအတွေ့အကြုံနှင့် ဝန်ဆောင်မှုများကို အသက်သာဆုံးနှုန်းထားများဖြင့် ရရှိစေလိုခြင်း ရည်ရွယ်ကြောင်း သိရသည်။

"မြန်မာလူမျိုးတွေအနေနဲ့ ဂျပန်ပြည်ကို အပျော်ခရီးသွားဖို့၊ ပညာသင်ဖို့ ဒါမှမဟုတ် အလုပ်လုပ်ဖို့ ပိုပြီးစိတ်ဝင်စားလာတာနဲ့အမျှ ဂျပန်ကိုသွားလာဖို့အတွက် အဆင်ပြေသက်သာတဲ့ ခရီးစဉ်တွေ၊ ဈေးနှုန်းချိုသာတဲ့ လက်မှတ်ခနဲ့ နွေးထွေးတဲ့ ဝန်ဆောင်မှုတွေပေးနိုင်တဲ့ Vietjet လေကြောင်းလိုင်းကို မိတ်ဆက်ပေးရတာ ဝမ်းမြောက်မိပါတယ်။ ဗီယက်နမ်နိုင်ငံဟာ သဘာဝရှုခင်းအလှအပတွေ၊ စုံလင်တဲ့ ယဉ်ကျေးမှုဓလေ့တွေ၊ ကမ္ဘာ့အကောင်းဆုံး အစားအသောက်တွေနဲ့ ပြည့်စုံနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ မြန်မာခရီးသွားတွေအနေနဲ့ ဂျပန်ကို သွားရောက်လည်ပတ်ရင်း ဗီယက်နမ်မှတစ်ဆင့် ဝင်ရောက်လည်ပတ်ရရင်လည်း မမေ့နိုင်တဲ့ ပျော်စရာခရီးသွား အတွေ့အကြုံတွေရမယ်လို့ ယုံကြည်ပါတယ်"ဟု Vietjet ၏ Vice President ဖြစ်သူ Nguyen Thanh Son က ဆိုသည်။

Vietjet သည် ဟန္နွိုင်း-ရန်ကုန် ခရီးစဉ်များကိုလည်း ရက်သတ္တပတ်တစ်ပတ်လျှင် ငါးကြိမ် ပျံသန်းပို့ဆောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ Yangon Convention Center ၌ အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပသော ၂၀၁၉ မြန်မာ-ဂျပန်ပြပွဲကြီးတွင်လည်း Vietjet ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# အခြေခံစပါးဈေးနှုန်းထက် ဈေးလျှော့ဝယ်ယူမှုများ ရှိနေ၍ တောင်သူများ အခက်တွေ့နေ

အစိုးရကထုတ်ပြန် ကြေညာထားသည့် အခြေခံရည်ညွှန်းစပါးဈေးနှုန်းထက် စပါးကုန်သည်များမှ ဈေးလျှော့ဝယ်ယူမှုများရှိနေသောကြောင့် လယ်သမားများအနေဖြင့် အခက်အခဲများကြုံတွေ့နေရပြီးယင်းအတွက် အစိုးရအနေဖြင့် တာဝန်ယူမှုများရှိစေလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်မှ လယ်သမားများက ပြောသည်။

အခြေခံဈေးအောက်တွင် ဖြစ်ပေါ်သော စပါးအမျိုးအစားများအတွက် အခြေခံဈေးနှုန်းဖြစ်သည့် သတ်မှတ်အရည်အသွေးစံနှုန်းနှင့် ကိုက်ညီပြီး အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိသော ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ဝယ်ယူပေးရန် အစိုးရက ယခုအောက်တိုဘာ ၁၅ ရက်က ထုတ်ပြန် ကြေညာထားသော်လည်း ကျောက်တန်းမြို့နယ်တွင် ကုန်သည်များက ၄ သိန်း ၃ သောင်း၊ ၅၅ ပေါင်ကိုက်ဖြင့်သာ ပေးဝယ်နေကြကြောင်း ယင်းမြို့နယ် ကျုံကန်ကျေးရွာမှ တောင်သူတစ်ဦးဖြစ်သူ ဦးကြည်သောင်းက ပြောသည်။

"အခုအစိုးရအနေနဲ့ သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းအတိုင်းဖြစ်မလာတော့ ဒီအဖြစ်အပျက်တွေအပေါ် ဘယ်လိုမျိုး တာဝန်ယူပေးမလဲဆိုတာကို သိချင်တယ်။ ကုန်သည်တွေက ၄ သိန်း ၃ သောင်းနဲ့ ၅၅ ပေါင်နဲ့ပဲ ဝယ်ပေးတယ်။ သတ်မှတ်ချက်ကိစ္စကို ပြောတဲ့အခါကျတော့ မကျေနပ်ရင် နေပြည်တော်မှာ သွားရောင်းငါးသိန်းရမယ် ပြောတယ်။ စပါးက မရောင်းပြန်ရင်လည်း ပဲစိုက်ဖို့ အရင်းက မရှိပြန်ဘူး။ အစိုးရအနေနဲ့ တောင်သူတွေကို တစ်ခုခုဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ဦးကြည်သောင်းက ပြောသည်။

စပါးလာရောက် ဝယ်ယူသူကုန်သည်များသည် ကုန်သည်လက်မှတ် ရရှိထားသူများမဟုတ်ဘဲ လက်မှတ်ရကုန်သည်ကြီးများ၏ ညွှန်ကြားမှုဖြင့် လာရောက်ဝယ်ယူသူများဖြစ်ကာ လက်ရှိတွင် စပါးဈေးကျဆင်းမှုကြောင့် တောင်သူများအနေဖြင့် အခက်အခဲ ပိုမိုဖြစ်ပေါ်နေကြောင်း အဆိုပါမြို့နယ်၊ မြကိုင်းကျေးရွာမှ လယ်သမားဦးညိုဝင်းက ပြောသည်။

"ဒီနှစ်မှာ ရာသီဥတုဒဏ်ကြောင့် အထွက်နှုန်းကလည်း နည်းတဲ့အပြင် စပါးဈေးကလည်း ကျနေတယ်။ အဲဒီမှာမှ အခုလိုဈေးလျှော့ ဝယ်ယူခံရမှုတွေကြောင့် အစိုးရအနေနဲ့ သတ်မှတ်တဲ့ နှုန်းထားအတိုင်း မဖြစ်ပေါ်လာတဲ့အပေါ် တာဝန်ယူပေးစေလိုပါတယ်"ဟု ဦးညိုဝင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အဆိုပါဈေးသတ်မှတ်မပေးခင်က စပါးတင်း ၁၀၀ လျှင် ခြောက်သိန်းကျော် ရရှိခဲ့သည်ဟု ဆိုသည်။

ယခုကဲ့သို့ အခြေခံရည်ညွှန်းစပါးဈေးသတ်မှတ်ခြင်းကို ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့ရာတွင်လည်း စပါးဈေးကျဆင်းချိန်တွင် ဝယ်ယူရေးအပိုင်း၌ အခက်အခဲများရှိခဲ့သည့်အပြင် ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင်လည်း စပါးဈေးကျဆင်းခဲ့သည့်အတွက် အခြေခံစပါးဈေးဖြင့် ဝယ်ယူမည်ဟု လယ်သမားများက မျှော်လင့်ခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။ **မြသဲ**

# ဗိုလ်ဗထူးအိမ်ရာစီမံကိန်းမှ တိုက်ခန်းအချို့ နိုဝင်ဘာလကုန် အပ်နှံနိုင်မည်



ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ U-600 တိုက်ခန်းများကိုယခု ၂၀၁၉ ခုနှစ် နိုဝင်ဘာလအကုန်တွင် အပ်နှံနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အလားတူယင်းစီမံကိန်းရှိ U-900 တိုက်ခန်းများကိုလည်း ၂၀၂၀ ဇူလိုင်လကုန်တွင် အပ်နှံနိုင်မည်ဖြစ်ပြီး မြေပြင်တွင် တတိယထပ် (3rd Floor) အထိ ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ U-600 တိုက်ခန်းဝယ်ယူခွင့် ရရှိသူများအနေဖြင့် ပဉ္စမအရစ်အထိကျသင့်ငွေ ပေးသွင်းရန်နှင့် U-900 တိုက်ခန်းဝယ်ယူခွင့် ရရှိသူများကို ဒုတိယအရစ်အထိ ကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းရန် YCDC က နှိုးဆော်အကြောင်းကြားထားသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈) ရပ်ကွက်ဗိုလ်မှူးဗထူးလမ်းဘေးရှိ ယင်းအိမ်ရာစီမံကိန်းကို YCDC ၏ ကြီးကြပ်မှုနှင့် Myanmar V-Pile Co.,Ltd. က ဆောင်ရွက်နေခြင်း ဖြစ်သည်။

အဆိုပါ စီမံကိန်းဒုတိယအဆင့်တွင် လေးခန်းတွဲ၊ ရှစ်ထပ်တိုက် ၂၇လုံး၊ အခန်း ၈၆၄ ခန်းပါဝင်ပြီး ဒုတိယအဆင့် စီမံကိန်းတွင် U-900 နှင့် U-600 ဟူ၍ အခန်းအမျိုးအစား နှစ်မျိုးပါဝင်ကြောင်း သိရသည်။

ထို့ပြင် အခန်းအရေအတွက်အနေဖြင့် U-900 အခန်းအမျိုးအစားတွင် Type-A (927) စတုရန်းပေ ၅၇၀ ခန်းရှိပြီး တန်ဖိုးမှာတစ်ခန်းလျှင် ကျပ် ၃၇၇ သိန်းနှင့် Type-A (877) စတုရန်းပေ ၃၈ ခန်းရှိကာတစ်ခန်းလျှင် ကျပ် ၃၅၉ သိန်းဖြစ်ကြောင်း သိရသည်။

U-600 အမျိုးအစားတွင် Type-A (614) စတုရန်းပေ ၂၄၀ ခန်းရှိပြီးတစ်ခန်းလျှင် ကျပ် ၂၈၅ သိန်းနှင့် Type-B (565) စတုရန်းပေ ၁၆ ခန်းရှိကာ တစ်ခန်းလျှင် ကျပ် ၂၆၇ သိန်းဖြစ်သည်။

ယင်းတိုက်ခန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရမည် ဖြစ်သော်လည်း တိုက်ခန်းများ မဲဖောက် ရောင်းချစဉ်က တိုက်ခန်းဝယ်ယူခွင့် ရရှိသူ ၅၀ ရာခိုင်နှုန်းကသာ ပထမအရစ် ပေးသွင်းနိုင်ခဲ့ပြီး ကျန် ၅၀ ရာခိုင်နှုန်းမှာ ပေးသွင်းနိုင်ခြင်းမရှိသဖြင့် ဝယ်ယူခွင့် ဖျက်သိမ်းပြီး အခြားဝယ်ယူမည့်သူများအား နိုင်ငံပိုင် သတင်းစာများတွင် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း ကြေညာရောင်းချခဲ့ရသောကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု ရှိခဲ့ကြောင်း သိရသည်။ **မြသဲ**

# မြန်မာနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်ကို Cyber Security Month အဖြစ် သတ်မှတ်

အောက်တိုဘာလကို တစ်ကမ္ဘာလုံးတွင် Cyber Security Month အဖြစ်သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာ ၁၈ ရက်ကို Myanmar Security Month အဖြစ် သတ်မှတ်ထားကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ သိရသည်။

ကုန်သည်စက်မှု အသင်းချုပ်နှင့် US-ICT Council တို့ ပူးပေါင်း၍ Gmail and Google Account Security Seminar ကိုအောက်တိုဘာ ၁၈ ရက်က ယင်းအသင်းချုပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည်။

"US-ICT Council ဆိုတာက အမေရိကန် IT နည်းပညာကုမ္ပဏီတွေစုပေါင်းထားတာဖြစ်ပြီး ကုန်သည်စက်မှုအသင်းချုပ်နဲ့လည်း MoU ရေးထိုးထားပါတယ်။ စီးပွားရေးနယ်ပယ်မှာ IT အသုံးပြုတဲ့ ကိစ္စကိုကူညီပေးဖို့ဖြစ်ပြီး ဒီနေ့ အခမ်းအနားကလည်း MoU ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်"ဟု အဆိုပါ အသင်းချုပ်ဒုတိယဥက္ကဌ ဦးသောင်းတင်က ပြောသည်။

ယင်း Seminar ကို မြန်မာနိုင်ငံတွင် အသုံးများသည့် Gmail, Google Search, Google Map, Google Translate, Youtube စသည့် Google Product များ အသုံးပြုသည့်အခါ Security နှင့် ပတ်သက်ပြီး သိထားသင့်သော ကိစ္စရပ်များအတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း ဦးသောင်းတင်က ပြောသည်။

နည်းပညာ တိုးတက်လာသည်နှင့်အမျှ Cyber Security ပတ်သက်သည့် အသိပညာပေးမှုများစွာ လုပ်ဆောင်ပေးရန် လိုအပ်နေသေးကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် အစိုးရ၊ ဆက်သွယ်ရေးကုမ္ပဏီများ၊ NGO၊ INGO အဖွဲ့အစည်းများက Cyber Security နှင့် ပတ်သက်သော အသိပညာပေးမှုများကို လုပ်ဆောင်ပေးနေသော်လည်း ပြည်သူများကြားတွင် Cyber Crime များစွာ ဖြစ်ပေါ်လျက် ရှိနေသောကြောင့် အသိပညာပေးမှု များများ လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်သည်ဟုဆိုသည်။

အဆိုပါ Cyber Security Awareness အားနည်းမှုကို အသုံးချကာ ပြည်သူများကြားတွင် ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှုများ၊ အရှက်ခွဲခံရမှုများ၊ စော်ကားခံရမှုများ၊ ငွေညှစ်ခံရမှုများနှင့် ခြိမ်းခြောက်ခံရမှုများစသည့် Cyber Crime များစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**မြသဲ**

# ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်များရှိ တောင်သူများ လယ်ယာသုံးစက်ကိရိယာ သုံးစွဲလုပ်ကိုင်ဆောင်ရွက်နိုင်မှု အခြေအနေ

ကလေးမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် စပါးစိုက်ပျိုးနိုင်မှုမှာ ၁၀၃၂၅ ဧကရှိသည်။ ယခုအခါ ကလေးမြို့နယ်မှ စပါးစိုက်တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများသုံးစွဲမှုမှာ ဘီးထွန်စက် ၃၃၂ စီး၊ လက်တွန်းထွန်စက် ၃၉၀၂ စီး၊ စပါးခြွေလှေ့စက် ၁၁၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၅၇ စီး ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ကလေးခရိုင်၊ စက်မှုလယ်ယာဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးကျော်လွင်ထံမှ သိရှိရသည်။

ကလေးဝမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်၊ စပါးစိုက်ဧက ၁၈၅၂၆ ရှိပြီး ဘီးထွန်စက် ၁၃ စီး၊ လက်တွန်းထွန်စက် ၃၉၀ စီး၊ စပါးရိတ်စက် သုံးစီး၊ စပါးခြွေလှေ့စက် ၇၇ စီးဖြင့် ဒေသတောင်သူများ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

မင်းကင်းမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စပါးစိုက်ဧက ၃၃၃၂၀ ဧကရှိပြီး ဘီးထွန်စက် ၄၇ စီး၊ လက်တွန်းထွန်စက် ၉၉၈ စီး၊ စပါးခြွေလှေ့စက် တစ်စီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဆန်/စပါးလုပ်ငန်းရှင်အဖွဲ့ဝင် ဦးကိုဦး၏ ပြောကြားချက်အရ သိရှိရသည်။

ကလေးခရိုင် စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ဒေသခံတောင်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရစ်ကျစနစ်ဖြင့် ရောင်းဝယ်ရေး အဆင်ပြေအောင် တောင်သူနှင့် ကုမ္ပဏီများအား ချိတ်ဆက်ပေးပါကြောင်း၊ လယ်ယာသုံး စက်ကိရိယာများ သုံးစွဲမှုနှင့် ပတ်သက်၍လည်း မောင်းနှင်မှုများကို စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် အခါအားလျော်စွာ သင်တန်းပေးခြင်း၊ စက်ကိရိယာများ ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း ဆောင်ရွက်ပါကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးကျော်လွင်၏ ပြောပြချက်အရ သိရှိရသည်။

**စန္ဒာမွန် (ကလေး)**

# မြောင်းမြပညာရေးကောလိပ်၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

စားသုံးသူရေးရာဦးစီးဌာန မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် အောက်တိုဘာ ၉ ရက်တွင် မြောင်းမြမြို့ပညာရေးကောလိပ်၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့သည်။

မြောင်းမြမြို့ပညာရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲတွင် မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒု-ခရိုင်ဦးစီးမှူးဦးတင့်လွင်၊ ဌာနခွဲမှူးဦးလှထွဋ်ဦးတို့က ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း၊ စားသုံးသူပြည်သူများဘေး အန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိ၍ အာမခံချက်ရှိသည့် အရည်အသွေးမီသော စားသောက်ကုန်ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် အခန်း(၁၈)တွင်ပါဝင်သည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြရခြင်းနှင့်ပတ်သက်၍ မဖြစ်မနေ ဖော်ပြရမည့် သတ်မှတ်ချက်များစားသုံးသူများသိသင့်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူတို့၏ အဓိပ္ပာယ်၊ အခွင့်အရေး တာဝန်များအကြောင်း ဟောပြောပြီး ဓာတုဆိုးဆေးအန္တရာယ်၊ တာရှည်ခံဆေး၊ ပိုးသတ်ဆေး အန္တရာယ်များကို ဆရာ/ဆရာမများ၊ သင်တန်းသား ဆရာ/ဆရာမများအား အသေးစိတ် ဟောပြောဆွေးနွေးခဲ့ကာ စားသုံးသူများ နစ်နာမှုများရှိလာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံရေးစင်တာ (CICC) သို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေလာရောက်တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့သည်။ ဟောပြောဆွေးနွေးပွဲသို့ဆရာ/ဆရာမနှင့် သင်တန်းသား ဆရာ/ဆရာမ ၂၆၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်း (မြောင်းမြ)**

# အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရှမ်းရွာ၊ အိုးသည်ကုန်းရွာ၊ လေးတဲရွာ၊ ကျွန်းကောက်ပင်ရွာများမှ တောင်သူ ၂၅၀ ဦးအား အောက်တိုဘာ ၈ ရက်တွင် အုတ်ဖိုမြို့နယ် တာဝန်ခံ ဦးအေးဇော်ထိုက်နှင့် ဝန်ထမ်းများ၊ မဟာမိတ်အဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ စားသုံးသူ ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အုတ်ဖိုမြို့နယ်တာဝန်ခံ ဦးအေးဇော်ထိုက်က စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ်မတ် ၁၅ ရက်တွင်ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉/၂၀၁၉)ဖြင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အခန်း(၂၅)ခန်း၊ ပုဒ်မခွဲ(၈၄)ခုပါရှိကြောင်း၊အခန်း(၉)ပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များတွင် စားသုံးသူများရရှိမည့် အခွင့်အရေးရှစ်ချက်နှင့် တာဝန်(၄)ချက်အကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ လက်ထောက်ကြီးကြပ်ရေးမှူးဦးအောင်သိန်းက စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုစပ်လျဉ်း၍ စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ နာမည်ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင်ဆိုင်မှုတစ်ရပ်ကိုဖြစ်စေ ဥပဒေနှင့်မညီသော ထိခိုက်မှုများဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)သို့ ဖုန်းဆက်၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူတို့ဘက်မှ တိုင်ကြားရာတွင် ပါဝင်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်ခိုင်ရီ**

# ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်များ၌ အာဖရိက ဝက်အပြင်းဖျားရောဂါဆိုင်ရာ အသိပညာပေးဆွေးနွေး



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် ကျိုင်းတုံမြို့နယ်များတွင် အောက်တိုဘာ ၁၁ ရက်နှင့် ၁၃ ရက်များတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ပြည်နယ်၊ ခရိုင်များရှိ မိတ်ဖက်ဌာနများအား ဖိတ်ကြားဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးချက်များ အရနယ်စပ်ဒေသများဖြစ်သည့်အလျောက် ဆောင်ရွက်သွားရမည့် ဇီဝလုံခြုံမှုဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ နိုင်ငံခြားတိုင်းပြည်များတွင် ဝက်အပြင်းဖျား ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ဆောင်ရွက်နေမှုများ၊ ဒေသတွင်း စားသုံးသူများအား အသိပညာပေးရာတွင် ဆောင်ရွက်သွားရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ရောဂါကူးစက်ပြန့်ပွားနိုင်မှုမှာ နောင်ငါးနှစ်တာကာလအထိရှိနေနိုင်မည်ဖြစ်၍ ဇီဝလုံခြုံမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမှာဖြစ်ပြီး ဈေးကွက်တွင်း၌လည်း စနစ်တကျ စစ်ဆေးထုတ်လုပ်ရောင်းချမှုဖြင့် စားသုံးသူကို ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးမှုရှိစေရန်လိုအပ်ကြောင်း၊ ၎င်းအပြင် အသားထုတ်လုပ်မှု ကျဆင်းမှုမရှိစေရေး ခေတ်မီသားသတ်ရုံများကို (Pravite Sector) များမှ ဆောင်ရွက်သွားမည့် အစီအမံများ၊ ဝက်သားထုတ်လုပ်မှုအပြင် အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ကို ထုတ်လုပ်ပြီးကုန်သွယ်မှုပြုနိုင်ရေးတို့အတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် ဝက်ခြံများကို ဇီဝလုံခြုံမှုစနစ်များဖြင့် ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)ဖြင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကိုပြောကြားပြီး တက်ရောက်လာသူများကလည်း ဒေသအတွင်းဌာနများအလိုက် အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်များအပေါ် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးကြကြောင်း သိရသည်။ **ရန်နောင် (ကျိုင်းတုံ)**

# ဖျာပုံ၌ ငါးသလောက် အရများပြီး ဈေးကောင်းရနေ



ဖျာပုံမြို့နယ်သည် ဆန်စပါးနှင့် ရေလုပ်ငန်းကို အဓိကအားထား လုပ်ကိုင်လျက်ရှိသော မြို့တစ်မြို့ဖြစ်ပြီး ယခုအချိန်အခါသည် ငါးဖမ်းလရာသီဖြစ်သကဲ့သို့ ငါးသလောက်ပေါ်သော အချိန်ကာလလည်းဖြစ်သည်။ ရေလုပ်ငန်းရှင်များအနေဖြင့် ယခင်နှစ်များထက် ငါးသလောက်အမိအရ များပြီး ဈေးကွက်တွင် ဈေးကောင်းရနေကြောင်း သိရသည်။

"ငါးလုပ်ငန်းဦးစီးဌာနက ပင်လယ်ပြင်ငါးဖမ်းရေယာဉ်တွေကို ဇွန်လကနေ ဩဂုတ်လအထိ မထွက်ရ တားမြစ်ချက်ထုတ်ပြန်ကြေညာလိုက်တဲ့အတွက် (၉) လပိုင်းနောက်ပိုင်းရေ ယာဉ်များ ပြန်ထွက်ချိန်မှာ ငါးအမိအရ ပိုရလာသလို ငါးအကောင်ကြီးတွေလည်း ရပါတယ်။ ငါးအကောင်ကြီး တွေရတော့ဈေးကွက်မှာ ဈေးပိုရလာပါတယ်။ ဒီနှစ်ကတော့ ရေလုပ်ငန်းရှင်တွေအနေနဲ့ အားလုံး အဆင်ပြေကြပါတယ်"လို့ အဝယ်ဒိုင်ပိုင်ရှင် ဦးထွန်းသိန်းက ပြောသည်။

ဈေးကွက်တွင် ရောင်းချနေရသော ငါးသလောက်ဈေးနှုန်းများကို ဂရမ် အလိုက်ခွဲခြား၍ ဈေးနှုန်းသတ်မှတ်ထားကြောင်းသိရသည်။ နှစ်ဂရမ်မှ သုံးဂရမ်အထိ ကျပ် ၄၅၀၀၊ သုံးဂရမ်မှ ငါးဂရမ်ထိ ကျပ်၇၅၊ ငါးဂရမ်မှ ရှစ်ဂရမ် အထိကျပ်၁၁၀၀၀၊ ရှစ်ဂရမ်မှ ၁၀ ဂရမ် အထိ ကျပ် ၁၈၅၀၀၊ ၁၀ ဂရမ်မှ ၁၂ ဂရမ်အထိ ကျပ် ၂၈၀၀၀၊ ၁၂ ဂရမ်မှ၁၅ ဂရမ်အထိ ကျပ် ၃၃၀၀၀ အသီးသီးရှိပြီး တစ်ပိဿာအထက် ကျပ် ၃၅၀၀၀ ရှိကြောင်းနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကာ ဒေသအတွင်း စားသုံးသူများကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# ကလေးမြို့ပေါ်ရှိ ဆေးဆိုင်များ ရှောင်တခင် ကွင်းဆင်းစစ်ဆေး

ကလေးမြို့ပေါ်ရှိ ဆေးနှင့် ဆေးပစ္စည်းဆိုင်များသို့ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်တိုင်းရင်းဆေး၊ ခရိုင် FDA၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေး ကော်မတီ၊ မြို့မရဲစခန်းတို့နှင့် ပူးပေါင်း ၍ အဖွဲ့ဝင် ၁၀ ဦးဖြင့် အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဆေးနှင့် ဆေးပစ္စည်းဆိုင် ခုနစ်ဆိုင်သို့ စစ်ဆေးရာတွင် အနောက်တိုင်း ဆေးနှင့် တိုင်းရင်းဆေးများမှတ်ပုံတင်ထားခြင်း ရှိ/မရှိ၊ သက်တမ်းလွန်/ မလွန်နှင့် သုံးစွဲရန်မသင့် ကြော်ငြာထားသော သစ္စာရှင်အမှတ်တံဆိပ်၊ ရွှေဆေးအမှတ် တံဆိပ်နှင့် ငွေနတ်သားအမှတ်တံဆိပ် ပါ တိုင်းရင်းဆေးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြသည်။ ဆေးနှင့် ဆေးပစ္စည်းအရောင်း ဆိုင်များမှ တာဝန်ရှိသူများကို စားသုံးသူ ရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက ဆေးဝါးများ ရောင်းချရာတွင် စားသုံးသူကာကွယ်ပေးရေး ဥပဒေပါ သတိပြုရမည့် အချက်များ ပညာပေး ပြောကြားခဲ့ပြီး ခရိုင်တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေးများအား မှတ်ပုံတင်ကြည့်ရှုနည်းများနှင့် တိုင်းရင်းဆေးဥပဒေပါ အကြောင်းအရာများ ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ငွေနတ်သားအမှတ်တံဆိပ်များရောင်းချသည်ကိုတွေ့ရှိ၍ ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ကြသည်။

ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်တာဝန်ခံက ဆေးဝါးရောင်းချခွင့်လိုင်စင်၏ သက်တမ်းများ ကုန်ဆုံးမှုရှိ/မရှိ၊ ဆေးဝါးများ စနစ်တကျရောင်းချပေးရန်၊ သက်တမ်းလွန်ဆေးဝါးများ မရောင်းချရန်နှင့် ကာကွယ်ဆေးများ ရောင်းချရာတွင် ထားသို ရောင်းချရမည့်နည်းစနစ်များအား စစ်ဆေးခဲ့ကြပြီး သက်တမ်းလွန် ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ ၁၀ မျိုးထက် ကျော်လွန်အောင် စစ်ဆေးတွေ့ရှိပါက ဆေးဝါးရောင်းချခွင့် လိုင်စင်သုံးလ ပိတ်သိမ်းမည်ဖြစ်ကြောင်း ပညာပေး ပြောကြားခဲ့သည်။

**သိမ့်သိမ့် (ကလေး)**

# ထိုင်းတွင် အုန်းသီးဈေးကောင်းလာသောကြောင့် မြန်မာ့အုန်းသီးများ ပြန်လည်တင်ပို့မည်



ထိုင်းနိုင်ငံတွင် အုန်းသီးဈေး ပြန်လည် ကောင်းလာသောကြောင့် မြန်မာ့အုန်းသီးများ တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူများအသင်းမှ သိရသည်။

အဆိုပါ ထိုင်းနိုင်ငံ၌ လက်ရှိတွင် အုန်းသီးခြောက် တစ်လုံးလျှင် ထိုင်းဘတ်ငွေ ၂၀ ခန့် ပေါက်ဈေးရှိနေပြီး ၂၀၁၈ ခုနှစ်က ထိုင်းဘတ်ငွေ ၁၀ ဘတ်မှ ၁၅ ဘတ်အထိသာ ပေါက်ဈေးရှိခဲ့ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးမျိုးဝင်းက အောက်တိုဘာ ၁၈ ရက်တွင် ပြောသည်။

"ပြီးခဲ့တဲ့နှစ်မှာ ကုန်သည်တွေက မူဆယ်ဘက်ကိုပဲ တင်ပို့ကြပါတယ်။ ဒီနှစ် ဈေးပြန်ကောင်းလာလို့ ပြန်ပြီး တင်ပို့ဖြစ်တာပါ။ အုန်းသီးဈေးနှုန်းနဲ့ တင်ပို့ရမယ့် တန်ချိန်ကိုတော့ ညှိနှိုင်းနေတုန်းပါ။ နောက်လမှာ အပြီးသတ် စာချုပ်ချုပ်ဆိုမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းသို့ အုန်းသီးတင်ပို့ရန် စာချုပ်ကိုနိုဝင်ဘာလတွင် ချုပ်ဆိုမည်ဖြစ်ပြီး မေလအထိတင်ပို့မည်ဖြစ်ကာ ပြည်တွင်း၌ အုန်းသီးထွက်ရှိမှု နည်းပါးသဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုရာတွင် ကာလတို သတ်မှတ်ချက်ဖြင့်သာ ချုပ်ဆိုနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

အုန်းသီးကို ၂၀၁၅ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ တရားဝင် တင်ပို့ရောင်းချမှုများ ပြုလုပ်ခဲ့ပြီး အသင်းအနေဖြင့် စာရင်းအတိအကျ ကောက်ယူထားမှု မရှိသော်လည်း ပြည်တွင်းအုန်းသီးစိမ်းသောက်သုံးမှု များပြားလာသဖြင့် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အုန်းသီးစိမ်းရောင်းချရမှုမှာ နှစ်ဆခန့် တိုးမြင့်လာနိုင်ကြောင်း ၎င်းက သုံးသပ်သည်။

ယခုအချိန်တွင် ပြည်တွင်း၌ အုန်းသီးအထွက်နှုန်းလျော့လာသဖြင့် မျိုးကောင်း၊ မျိုးသန့် အုန်းသီးမျိုးများ စိုက်ပျိုးနိုင်ရန် အုန်းသီးအစုအဖွဲ့က တောင်သူများကို စည်းရုံးပညာပေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ပြည်တွင်း၌ အုန်းသီးခြောက် လက်လီပေါက်ဈေးမှာ ငွေကျပ် ၅၀၀ မှ ၈၀၀ အထိပေါက်ဈေးရှိနေသည်။ မြန်မာနိုင်ငံတွင် အုန်းသီးစိုက်ဧက ၁၃၀၀၀၀ ကျော်ရှိပြီး အုန်းသီးဆွတ်ခူးနိုင်ပြီဖြစ်သည့် အုန်းသီးစိုက်ဧကမှာ တစ်သိန်းကျော်ရှိကြောင်း အသင်း၏ စာရင်းများတွင် ဖော်ပြထားသည်။

စိုက်ပျိုးသည့်အုန်းသီးအမျိုးအစား၊ ပြုပြင်ထိန်းသိမ်းမှုပေါ် မူတည်၍ တစ်ဧကလျှင် အုန်းသီးအလုံးရေ ၁၀၀၀ ကျော်မှ ၅၀၀၀ ကျော်အထိထွက်ရှိပြီး အုန်းသီးထွက်ရှိမှု အများဆုံးဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး အုန်းသီးထွက်ရှိမှု အနည်းဆုံးဒေသမှာ ကယားပြည်နယ်ဖြစ်ကြောင်း သိရသည်။

**မြသဲ**

## မော်လမြိုင်မြို့ ရတနာထွန်း ငါးဈေးရှိ ဈေးနှုန်းများ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရတနာထွန်းငါးဈေးတွင် အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ တစ်ပတ်အတွင်း ငါးမျိုးစုံ ပိဿာချိန် ၁၂၆၀၀၀ ခန့်၊ ပုစွန် ပိဿာချိန် ၁၇၂၀၀ ခန့်ဝင်ရောက်ခဲ့ကြောင်း သိ ရသည်။

ငါးတစ်ပိဿာဈေးနှုန်းများမှာ ငါးတန် ကျပ် ၂၁၀၀-၃၅၀၀၊ ငါးကြင်း ကျပ် ၃၈၀၀-၅၂၀၀၊ ငါးပါးကူ ကျပ် ၁၉၀၀-၂၇၀၀၊ တီလားပီးယား ကျပ် ၄၀၀၀-၄၅၀၀၊ ကကတစ် ကျပ် ၁၀၀၀၀-၁၁၀၀၀၊ ငါးကြင်းခွဲသား ကျပ် ၇၀၀၀-၇၅၀၀၊ ပင်လယ်ငါးခူ ကျပ် ၃၂၀၀-၄၀၀၀၊ ဒေသထွက်ငါးခူ ကျပ် ၄၂၀၀-၄၅၀၀၊ ငါးကွန်းရှပ် ကျပ် ၉၀၀၀-၉၅၀၀၊ ငါးပြား ကျပ် ၄၀၀၀-၄၅၀၀၊ ပလာတူး ကျပ် ၃၈၀၀-၄၀၀၀၊ ငါးဖယ်ကျပ် ၁၀၅၀၀-၁၁၀၀၀၊ ငါးရွှေ ကျပ် ၂၅၀၀-၃၀၀၀၊ ငါးပုတ်သင် ကျပ် ၅၈၀၀-၆၅၀၀၊ ငါးခေါင်းပွ ကျပ် ၃၀၀၀-၆၅၀၀၊ ကင်းမွန် ကျပ် ၈၅၀၀-၁၂၀၀၀၊ ပုစွန်ကြော့ ကျပ် ၁၃၀၀၀-၁၄၀၀၀၊ ပုစွန်တုပ် ကျပ် ၂၅၀၀၀-၃၅၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ငါး၊ ပုစွန်များမှာ ထားဝယ်၊ ကျိုက္ခမီ၊ သံဖြူဇရပ်၊ စက်စဲနယ်ဘက်မှ ဝင်ရောက်ကြောင်း သိရှိရသည်။ **မိုးမိုး (မွန်)**

## ပြည်မြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ် အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး၊ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်မြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၉ ရက်တွင် ပြည်မြို့နယ်အတွင်းရှိ တရုတ်မော်တော်ဆိုင်ကယ် ရောင်းချသောဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကွင်းဆင်းစစ်ဆေးရာတွင် ဈေးကွက်အတွင်းရှိ တရုတ်မော်တော်ဆိုင်ကယ် အသုံးပြုသူများအနေဖြင့် ဈေးနှုန်းထက် ဆိုင်ကယ်အရည်အသွေးများကို ကြည့်ရှု၍ ရွေးချယ်ဝယ်ယူလာခြင်းများရှိကြောင်း၊ တရုတ်မော်တော်ဆိုင်ကယ်များသည် မြန်မာနိုင်ငံ၌ တန်ဖိုးနည်း (သို့မဟုတ်) တန်ဖိုးသင့်တင့်သော ဈေးနှုန်းများနှင့် စတင်ဈေးကွက်ဖောက်၍ တင်သွင်းရောင်းချလာသော်လည်း ယခုနောက်ပိုင်းကာလများတွင် ဈေးကွက်အတွင်း၌ အခြားနိုင်ငံထုတ် မော်တော်ဆိုင်ကယ်များနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ ရှိလာသောကြောင့် တရုတ်နိုင်ငံထုတ် တချို့ အမျိုးအစား မော်တော်ဆိုင်ကယ်များသည် ဆိုင်ကယ် အရည်အသွေးပိုင်းများနှင့် ပတ်သက်၍မြှင့်တင်လာပြီး ဝယ်ယူအသုံးပြုသူအား အာမခံကာလပေးသော ဆိုင်ကယ်များလည်း ဈေးကွက်တွင် ရောင်းချမှုများရှိလာကြောင်း ဈေးနှုန်းအနေဖြင့်လည်း ဈေးကောင်းလျက်ရှိပြီး ဈေးကွက်တွင် ဝင်ရောက်မှုရှိကြောင်း သိရပါသည်။ အခြား တရုတ်မော်တော်ဆိုင်ကယ် အမျိုးအစားများမှာ အင်ဂျင်ပိုင်းဆိုင်ရာများတွင် ခြားနားကွာဟချက် အနည်းငယ်မျှသာရှိသောကြောင့် ရောင်းအားအကောင်းဆုံး ဆိုယ်ကယ်အမျိုးအစားများလည်း ရှိသည်ဟု သိရှိရသည်။

ဈေးကွက်အတွင်းရှိ တရုတ်မော်တော်ဆိုင်ကယ် ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ တွင်ပါဝင်သော စားသုံးသူများရရှိမည့်အခွင့်အရေး (၈)ချက်၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်အညွှန်း အမှတ်အသား ဖော်ပြချက်များကို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာရန် ပြဋ္ဌာန်းထားပြီးဖြစ်သည်များကို ရှင်းလင်း ပြောကြားပြီး ပြည်ခရိုင်ဦးစီးမှူးရုံး၌ CICC (စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ) ၏ လုပ်ငန်း ဆောင်ရွက်နေမှုများ ဥပဒေပါပြစ်မှုပြစ်ဒဏ်များ အကြောင်း အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **အေးမြတ်သီတာ (ပြည်)**

## စစ်ကိုင်းမြို့နယ်ရှိ ခေါက်ဆွဲစက်နှင့် သောက်ရေသန့်လုပ်ငန်းများအား ရှောင်တခင်စစ်ဆေး

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ချိုချိုဝင်း ဦးဆောင်၍ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးရှိ ဝန်ထမ်းများ၊ စစ်ကိုင်းမြို့နယ်တာဝန်ခံ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စစ်ကိုင်းမြို့နယ်၊ ပါရမီရပ်ကွက်ရှိ ရွှေငါးခေါက်ဆွဲစက်နှင့် နန်းတော်ရာရပ်၊ OK Thein သောက်ရေသန့်လုပ်ငန်းများအား အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရေးအဖွဲ့သည် ရွှေငါးခေါက်ဆွဲစက်နှင့် OK Thein သောက်ရေသန့်လုပ်ငန်းရှင်များအား တွေ့ဆုံစစ်ဆေးခဲ့ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းကို စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ စားသုံးသူတို့ကို မိမိထုတ်လုပ်သည့်ကုန်စည်အပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များပေးရန် လိုအပ်ကြောင်း၊ ထုတ်လုပ်မှု အဆင့်တိုင်း မှန်ကန်စွာ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ အရည်အသွေး၊ အရေအတွက်၊ စံချိန်းစံညွှန်း ပြည့်ဝမှန်ကန်ရမည်ဖြစ်ကြောင်း၊ ရေဘူးများကို စင်ပေါ်တွင် စနစ်တကျတင်ထားရန်နှင့် ရေဘူးများကို သေချာသန့်စင် စစ်ဆေး ဆေးကြောပြီးမှ ရေများကို ထည့်သွင်းရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနတွင်ဖွင့်လှစ်ထားရှိသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်တန်းမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)အား တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးနေကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဌာန၏ လုပ်ငန်းလိုင်စင်ရှိ/မရှိ၊ ထုတ်လုပ်သည့်လုပ်ငန်းရှင်အမည်နှင့် ဆက်သွယ်ရန်လိပ်စာများ ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ/မရှိ၊ Expire Date များ ထည့်သွင်းဖော်ပြထားခြင်း ရှိ/ မရှိရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **ယဉ်အောင် (DOCA ၊ စစ်ကိုင်း)**



# လာလီဂါထက် ချန်ပီယံလိဂ်ပြိုင်ပွဲက ပိုအရေးကြီးကြောင်း မက်ဆီဖွင့်ဟ

ဘာစီလိုနာအသင်း၏ တိုက်စစ်မှူးဖြစ်သူ မက်ဆီက မိမိတို့အသင်းမှာ လာလီဂါ ချန်ပီယံဖြစ်ရေးထက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဖိုလ်စွဲရေးက ပိုပြီးအရေးကြီးကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။

မက်ဆီက 'ကျွန်တော်တို့အသင်းအနေနဲ့ စပိန်လာလီဂါ ချန်ပီယံဆုကို ရယူဖို့ထက် ချန်ပီယံလိဂ်မှာ ဖိုလ်စွဲဖို့ပိုပြီး အရေးကြီးပါတယ်။ ဒီနှစ်ရာသီမှာ နည်းပြ အပါအဝင် ကစားသမားအားလုံးက ချန်ပီယံလိဂ်ပြိုင်ပွဲကို ပိုပြီး အာရုံစိုက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်က လီဗာပူးအသင်းကို ရှုံးခဲ့ရတာကိုလည်း သင်ခန်းစာ ကောင်းကောင်းယူနိုင်ခဲ့ကြပါတယ်။ အဲဒီလိုအမှားမျိုးကို ကျွန်တော်တို့ နောက်ထပ်ဘယ်တော့မှ ကျူးလွန်တော့မှာ မဟုတ်တော့ပါဘူး။ ဒီနှစ်မှာ ကျွန်တော်တို့အသင်းရဲ့ အဓိကပစ်မှတ်က ချန်ပီယံလိဂ်မှာ ဖိုလ်စွဲဖို့ပါပဲ'ဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် လီဗာပူးအသင်းကို ပထမအကျော့ အိမ်ကွင်းတွင် ၃-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် လီဗာပူးအသင်းကို ၄-၃ဂိုးဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

လက်ရှိအချိန်တွင်လည်း ဘာစီလိုနာအသင်းသည် စပိန်လာလီဂါတွင် ရလဒ်ကောင်းမွန်ရေးအတွက် ရုန်းကန်နေရပြီး ရီးရဲလ်မက်ဒရစ်အသင်း၏နောက်တွင် ဒုတိယနေရာကို ရောက်ရှိနေသည်။ ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်မူ အုပ်စု(F)၌ ပါဝင်နေပြီး အင်တာမီလန်၊ ဒေါ့မွန်၊ ဆလားဗီးယားပရာဟာ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂)အပြီးတွင် ဘာစီလိုနာအသင်းသည် ဒေါ့မွန်အသင်းကို ဂိုးမရှိသရေသာ ကစား နိုင်ခဲ့သော်လည်း အင်တာမီလန်အသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရထားခြင်းကြောင့် ဒေါ့မွန်အသင်းနှင့် ရမှတ်တူ ဒုတိယနေရာတွင် ရပ်တည်နေသည်။



## အသင်းကို အကြီးစား ပြုပြင်ပြောင်းလဲမှုလုပ်ရန် ဆိုးလ်ရှား တောင်းဆိုထား

မန်ယူအသင်း နည်းပြ ဆိုးလ်ရှားအနေဖြင့် အသင်းကို အကြီးစား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အသင်းပိုင်ရှင်ထံ တောင်းဆိုထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက လာမည့် အပြောင်းအရွှေ့ရာသီနှစ်ခုတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူသွားရန် ပြင်ဆင်ထားကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး အသင်းပိုင်ရှင်ထံ တင်ပြထားကြောင်း၊ မန်ယူအသင်း၏ လက်ရှိကစားသမားများကို အနည်းငယ်သာ ပြောင်းလဲမှုမျိုးမဟုတ်ဘဲ အကြီးစားပြောင်းလဲမှုမျိုးပြုလုပ်ရန် ရည်မှန်းထားကြောင်း၊ အပြောင်းအရွှေ့တစ်ရာသီနှင့် မလုံလောက်ပါက နှစ်ရာသီပေါင်းခေါ်ယူမှုပြုလုပ်နိုင်ပါက အသင်းမှာ များစွာ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

'မန်ယူအသင်းက မဖြစ်မနေ အပြောင်းအလဲလုပ်ဖို့လိုအပ်နေပါပြီ။ လက်ရှိကစားသမားတွေနဲ့ ပြိုင်ပွဲဝင်လို့ မရနိုင်ပါဘူး။ အသင်းမှာ အဆင့်အတန်းမီ ကစားသမားတွေ လိုအပ်နေပါတယ်။ တိုက်စစ်ပိုင်းသာမကဘဲ ကွင်းလယ်နဲ့ တောင်ပံကစားသမားတွေကိုလည်း ဝယ်ယူဖြည့်တင်းဖို့ လိုအပ်နေပါတယ်။ အပြောင်းအရွှေ့ နှစ်ရာသီပေါင်း ကစားသမားရှစ်ဦးလောက် ခေါ်ယူနိုင်မှသာ လာမယ့်ရာသီမှာ မန်ယူအသင်းဟာ ကြီးလေးကြီးစာရင်းမှာ ပြန်လည်ပါဝင်လာနိုင်မှာဖြစ်သလို ချန်ပီယံဆုကိုလည်း စိန်ခေါ်လာနိုင်မှာဖြစ်ပါတယ်'ဟု မန်ယူအသင်း နည်းပြ ဆိုးလ်ရှားက ထပ်မံပြောဆိုခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီတွင် နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံး ရလဒ်ပိုင်းကို ရင်ဆိုင်နေရပြီး ပွဲစဉ်(၈)အပြီးတွင် ရမှတ် ကိုးမှတ်ဖြင့် အဆင့်(၁၂)သို့ ရောက်ရှိနေသည်။

ဟန်နေသစ် စုစည်းသည်



## ပရီးမီးယားလိဂ်တွင်သာမကဘဲ ချန်ပီယံလိဂ်တွင်ပါ ရလဒ်ကောင်းအောင် ကြိုးပမ်းမည်ဟု လမ်းပတ်ပြော

ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်က မိမိတို့အသင်းအနေဖြင့် ပရီးမီးယားလိဂ်တွင် ရာသီကုန်၌ အဆင့် (၄)နေရာ ဝင်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်သလို ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အောင်မြင်မှုရရှိအောင် အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

လမ်းပတ်က 'ကျွန်တော်တို့အသင်းမှာ အခက်အခဲတွေ အများကြီးကြုံခဲ့ရပါတယ်။ ကစားသမား ခေါ်ယူခွင့်မရရှိတာက ကြီးမားတဲ့ ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့အသင်းက အသင်းမှာရှိတဲ့ ကစားသမားတွေကို လူငယ် ကစားသမားတွေနဲ့ပေါင်းစပ်ပြီး ရာသီသစ်ကို တိုက်ပွဲဝင်နေရတာပါ။ လူငယ်ကစားသမားတွေ ခြေစွမ်းပြနေလို့သာ ကျွန်တော် ကံကောင်းနေတာပါ။ ဒီလူငယ်တွေ ရဲ့ အားနဲ့ပဲ ပြိုင်ပွဲအရပ်ရပ်တိုင်းမှာ ရလဒ်ကောင်းအောင် အားလုံးပူးပေါင်းပြီး ကြိုးပမ်းသွားမှာပါ'ဟု ပြော ဆိုခဲ့သည်။

အပြောင်းအရွှေ့ကာလတွင် ရာသီသစ်အတွက် ကစားသမားခေါ်ယူဖြည့်တည်းခွင့်မရရှိခဲ့သည့် ချယ်လ်ဆီးအသင်းတွင် လူငယ်ကစားသမားများဖြစ်သည့် ကွင်းလယ်ကစားသမား မာဆွန်မောင့်နှင့် တိုက်စစ်မှူး အေဘရာဟမ်တို့ ခြေစွမ်းပြနေကြသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၈)အပြီးတွင် ရမှတ် ၁၄ မှတ်ရရှိပြီး အဆင့်(၅)တွင်ရပ်တည်နေသည်။ ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စု(H)၌ အေဂျက်၊ ဗလန်စီယာ၊ လိုင်လီတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ လက်ရှိ အုပ်စုပွဲစဉ် (၂) အပြီးတွင် ချယ်လ်ဆီးအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပေါ် ထွက်ထားပြီး အုပ်စု တတိယနေရာကို ရောက်ရှိနေသည်။

## ပြင်သစ်ကစားသမားနှစ်ဦးကို ခေါ်ယူရန် ဇီဒန်း လက်မလျှော့သေး

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းသည် ပြင်သစ်ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် မန်ယူအသင်းမှ ပေါ့ဂ်ဘာနှင့် ချယ်လ်ဆီးအသင်းမှ ကန်တီတို့ကို ခေါ်ယူရန် လက်မလျှော့သေးဘဲ ၎င်းကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားဦးမည်ဖြစ်ကြောင်း သိရသည်။



ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းသည် ပီအက်စ်ဂျီအသင်းမှ တောင်ပံတိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူလိုသော်လည်း ကမ်းလှမ်းမှု ပယ်ချခံရခြင်းကြောင့် လက်လျှော့လိုက်ရခြင်းဖြစ်သည်။ သို့သော် နည်းပြ ဇီဒန်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပေါ့ဂ်ဘာနှင့် ကန်တီတို့ကို ခေါ်ယူရန် အဓိကပစ်မှတ်ထားလာခြင်းဖြစ်သည်။

ဇီဒန်းသည် ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ကျော့ပြန် ကိုင်တွယ်ချိန်တွင် ကြယ်စင်စုစီမံကိန်းကိုချမှတ်ပြီး အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့သော်လည်း ဟာဇက်တစ်ဦးကိုသာ စိတ်ကြိုက်ကစားသမားအဖြစ် ခေါ်ယူနိုင်ခဲ့ပြီး ပေါ့ဂ်ဘာနှင့် အမ်ဘတ်ပီတို့ကို ခေါ်ယူနိုင်ခြင်း မရှိခဲ့ပေ။ သို့သော် နည်းပြ ဇီဒန်းသည် ကြယ်စင်စုစီမံကိန်းကို လက်မလျှော့သေးဘဲ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပေါ့ဂ်ဘာနှင့် ကန်တီတို့ကို ခေါ်ယူရန် ထပ်မံကြိုးပမ်းလာဦးမည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ဇီဒန်းသည် ရီးရဲလ်မက်ဒရစ်အသင်းကို ပထမအကြိမ် ကိုင်တွယ်စဉ်က သုံးနှစ်အတွင်း ချန်ပီယံလိဂ် ချန်ပီယံဆုဖလား သုံးလုံးအပါအဝင် စုစုပေါင်း ဆုဖလား ကိုးလုံးကို ရယူပေးနိုင်ခဲ့သည်။ ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်ကလည်း ကစားသမားခေါ်ယူမှုအတွက် ငွေကြေး အလုံအလောက် အသုံးပြုခွင့် ပေးထားခြင်းကြောင့် ဇီဒန်း၏ ကြယ်စင်စုစီမံကိန်းမှာ အနေးနှင့်အမြန် အကောင်အထည်ပေါ်လာဖွယ်ရှိနေသည်ဟု စပိန်မာကာသတင်းစာတွင် ဖော်ပြထားသည်။

### ဘောလုံးလောက သတင်းတိုများ

- လေဗာကူဆင်အသင်းမှ အသက်(၂၀)သာရှိသေးသည့် ဂျာမနီကွင်းလယ်ကစားသမား ဟာဗက်ဇ်ကို ခေါ်ယူရန် လီဗာပူး၊ မန်ယူနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အပြိုင် ကြိုးပမ်းနေကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် အသက်(၁၉)နှစ်သာရှိသေးသည့် ရက်ဘူးဆဲလ်ဘတ်အသင်းမှ နော်ဝေတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

# သက်ကြီးများအတွက် တရုတ်နိုင်ငံ၏ စောင့်ရှောက်မှုကြောင့် ငွေရောင်စီးပွားရေး ဖွံ့ဖြိုးလာ

ယခုအခါ ခရီးသွားလာခြင်းမှာ တရုတ်လူမျိုးများ၏ လူနေမှုဘဝများအတွက် မရှိမဖြစ် ဖြစ်လာသည်။ များသောအားဖြင့် လုပ်ငန်းခွင်မှ အငြိမ်းစားယူပြီးနောက် ရရှိသည့် ပင်စင်လစာငွေ ခံစားခွင့် မြင့်မားပြီး ကျန်းမာရေးအာမခံလည်း ရရှိသည့်အတွက် အငြိမ်းစားယူပြီး ပုဂ္ဂိုလ်များက ခရီးထွက်ကြခြင်းဖြစ်သည်။

အသက်အရွယ်ကြီးမြင့်မှုနှုန်း လျင်မြန်စွာ မြင့်တက်လာသော တရုတ်နိုင်ငံတွင် အစိုးရက သက်ကြီးစောင့်ရှောက်မှုကဏ္ဍသို့ ပိုမို အလေးထားလာသောကြောင့် နိုင်ငံ၏ “ငွေရောင် စီးပွားရေး” ဟု ခေါ်ဝေါ်သည့် မစ္စတာ Zhang Xuemin ကဲ့သို့သော သက်ကြီးအငြိမ်းစားပုဂ္ဂိုလ်များမှ သုံးစွဲကြသည့် စီးပွားရေးမှာ ဖွံ့ဖြိုးလာလျက်ရှိသည်။

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ၌ အသက် ၆၀ နှင့် အထက်ရှိသော လူဦးရေ ၂၄၉ သန်းရှိပြီး စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၉ ရာခိုင် နှုန်းခန့်ရှိသည်။ ၎င်းလူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၄၈၇ သန်းဝန်းကျင်ခန့်သို့ အမြင့်ဆုံး ရောက်ရှိနိုင်ကြောင်း တရားဝင်စာရင်းဇယားများ၏ ခန့်မှန်းချက်အရ သိရသည်။

တရုတ်သမ္မတ ရှီကျင်ပင်က “တရုတ်နိုင်ငံရှိ သက်ကြီးရွယ်အို လူဦးရေမှာ လျင်မြန်စွာ တိုးပွားလာနေသောကြောင့် သက်ကြီးရွယ်အို နိုင်ငံသားများကို အလေးထားသော၊ ဂရုစိုက်သော၊ ၎င်းတို့၏ ကျန်သက်တမ်းတွင် ပျော်ရွှင်စွာနေသွားနိုင် သော လူမှုပတ်ဝန်းကျင် အခိုင်အမာဖြစ်ထွန်းလာစေရေးအတွက် မူဝါဒများ ချမှတ်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ကြီးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပေါင်းစပ်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ သက်ကြီးများအတွက် အစီအမံများနှင့် လုပ်ငန်းများ ဖွံ့ဖြိုးလာရေး အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

သက်ကြီးစောင့်ရှောက်ရေး စီမံဆောင်ရွက်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်အစိုးရသည် လုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် အများပြည်သူ အဖွဲ့အစည်းများမှ အငြိမ်းစားယူကြသူများအတွက် အခြေခံပင်စင်လစာကို ၁၅ နှစ်ဆက်တိုက်တိုးမြှင့်ပေးခဲ့သည်။ သက်ကြီးစောင့်ရှောက်မှုဂေဟာများကို ပိုမိုဖွင့်လှစ်ပေးခြင်း၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိစေရန် လွယ်ကူချောမွေ့ပေးခြင်းနှင့် ရပ်ရွာအခြေပြုသက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများအပေါ် အခွန်ကင်းလွတ်ခွင့်များ ပေးခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စီးပွားရေးလုပ်ငန်းများကလည်း အလားအလာရှိသော လုပ်ငန်းအခွင့်အလမ်းကို ရယူရန် ကြိုးစားလာကြသည်။ နိုင်ငံ၏ အကြီးဆုံး အာမခံကုမ္ပဏီကြီးဖြစ်သည့် TaikangInsurance Group က ဘေကျင်းနှင့် ရှန်ဟိုင်းအပါအဝင် မြို့ကြီးလေးမြို့တွင် သက်ကြီးစောင့်ရှောက်မှု အဖွဲ့အစည်းများ ထားရှိပြီး ရင်းနှီးမြှုပ်နှံလာကြပါသည်။ နောက်ထပ် အာမခံကုမ္ပဏီဖြစ်သော China Lifeကလည်း အလားတူစီမံကိန်းမျိုး ပြုလုပ်လာသည်။

တရုတ်နိုင်ငံ၏ သက်ကြီးစောင့်ရှောက်မှု လုပ်ငန်းများမှ ဈေးကွက်တန်ဖိုးမှာ ၂၀၂၀ ပြည့်နှစ်တွင် ယွမ် ၇ ဒသမ ၇ ထရီလီယံနှင့် ၂၀၃၀ ပြည့်နှစ်တွင် ယွမ် ၂၂ ဒသမ ၃ ထရီလီယံရှိလာမည်ဟု မျှော်မှန်းထားကြသည်။ တရုတ်သက်ကြီးရွယ်အိုများ၏ ၈၄ရာခိုင်နှုန်းမှာ သက်ကြီးဂေဟာများတွင် နေထိုင်ခြင်းထက် မိမိတို့အိမ်၌ပင် နေထိုင်လိုကြပြီး၊ ၎င်းတို့၏ ရပ်ရွာလူထုအသိုင်းအဝိုင်းများမှ ပေးသော သက်ကြီးစောင့်ရှောက်မှုများကို ရယူလိုကြသည်။

ယခုနောက်ပိုင်းတွင် သက်ကြီးရွယ်အိုများမှာ အဆင့်မြင့် နည်းပညာသုံးပစ္စည်းများ၏ အထောက်အကူဖြင့် အိမ်တွင် တစ်ဦးတည်း နေထိုင်လာနိုင်ကြပြီဖြစ်သည်။ ဥပမာအားဖြင့် မိမိတစ်ဦးတည်းရှိနေချိန်တွင် ချော်လဲပါက ရပ်ရွာအခြေပြုသက်ကြီးစောင့်ရှောက်မှုအဖွဲ့ထံသို့ အသံဖြင့် လှုံ့ဆော်ပေးသော သတိပေးချက်ပေးပို့ကာ ကူညီမည့်သူများကို ခေါ်ယူခြင်းမျိုးဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် အင်တာနက်နည်းပညာများကို အသုံးပြုလျက် ကျန်းမာရေးနှင့် သက်ကြီးစောင့်ရှောက်မှု လုပ်ငန်းတွင် ကူညီနိုင်မည့် အစီအမံများ ဖွံ့ဖြိုးသွားရန် ဦးဆောင်လုပ်ငန်း ၁၀၀ ကျော်အား ပံ့ပိုးကူညီသွားရန် အစိုးရက စီမံထားရှိသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု ပျံ့ပွားလာခြင်းက သက်ကြီးပုဂ္ဂိုလ်များ၏ စားသုံးမှုပုံစံအား အွန်လိုင်းမှ ဈေးဝယ်မှုဆီသို့ ပြောင်းလဲလာစေခဲ့ပါသည်။ အသက် ၅၀ နှစ်နှင့်အထက် အသုံးပြုသူများသည် Taobao၊ Tmall နှင့် Alibaba စသည့် အွန်လိုင်းမှ ဈေးရောင်းသော ဝက်ဘ်ဆိုဒ် များထံမှ ပိုမိုဈေးဝယ်လာကြသဖြင့် လွန်ခဲ့သော သုံးနှစ်အတွင်း ၁ ဒသမ ၆ ဆ တိုးတက်လာကြောင်း သိရသည်။

အသက် ၄၅ နှစ်မှ ၆၀ နှစ်အကြား ပုဂ္ဂိုလ်များသည် နည်းပညာအသုံးပြုထားသည့် ဖုန်းများ၊ နာရီများနှင့် SLRကင်မရာများကို ဝယ်ယူရန် ပိုမိုစိတ်အား ထက်သန်လာကြကြောင်း အွန်လိုင်းလက်လီ ဈေးဝယ်သည့်နေရာ Suning.comက ထုတ်ပြန်ထားသည်။

ခရီးသွားလာရေးလုပ်ငန်းများမှာ အကျိုးအမြတ်ဖြစ်ထွန်းနိုင်သော ကဏ္ဍတစ်ရပ် ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်များနောက်ပိုင်းတွင် မွေးဖွားသူများမှာ ၂၀၁၈ ခုနှစ်အတွင်း ခရီးသွားလာမှုအများဆုံးဖြစ်ခဲ့ကြောင်း၊ အပြီးအစီးပါဝင်သည့် ခရီးစဉ်တစ်ခုအတွင်း ၎င်းတို့၏ ပျမ်းမျှသုံးစွဲမှုမှာ ၃၁၁၅ ယွမ်ဖြစ်ကြောင်း၊ အေဂျင်စီများဖြင့် ခရီးသွားပြီးသော ဘေကျင်းဖက်မှ အငြိမ်းစားများမှာ နောက်တစ်ကြိမ် ခရီးသွားလျှင် မိမိတို့ကိုယ်တိုင် လမ်းကြောင်းရှာဖွေ၍ သွားလာရသော ခရီးများကို သွားလာလိုကြကာ၊ ခရီးစဉ်အသစ်များကိုလည်း ပိုမိုတောင်းဆိုလာကြကြောင်း အွန်လိုင်းခရီးသွား အေဂျင်စီဖြစ်သည့် Ctripမှ အချက်အလက်များအရ သိရသည်။

**ရင်းမြစ်။ Xinhua**
**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး၊ (နန်နင်းမြို့)**

# အိန္ဒိယကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပါဝင်ပြသခဲ့

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံးသည် မြန်မာ့ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိလျက် ကုန်သွယ်မှုမြှင့်တင်ရန်၊ ခရီးသွားလုပ်ငန်းများတိုးတက်ကောင်းမွန်စေရန်၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများမြှင့်တင်နိုင်ရန်အတွက် ပြပွဲများနှင့် ဆွေးနွေးပွဲများကို သံရုံး၌ အခါအားလျော်စွာ ကျင်းပသကဲ့သို့ အိန္ဒိယနိုင်ငံရှိ စီးပွားရေးအဖွဲ့အစည်းများက စီစဉ်ကျင်းပသည့် ကုန်စည်ပြပွဲများနှင့် ဆွေးနွေးပွဲများတွင်လည်း ပါဝင်ပြသဆောင်ရွက်လျက်ရှိသည်။




အိန္ဒိယနိုင်ငံ Uttar Pradesh ပြည်နယ် Noida မြို့၊ Sector 62 ရှိ International Trade Expo Centre ၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် Delhi International Trade Fair (DITF) ၂၀၁၉ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း စသည်ဖြင့် ဈေးကွက်မြှင့်တင်မှုများကို ပါဝင် ဆောင်ရွက်နိုင်ရန် မြန်မာသံရုံးမှ မြန်မာနိုင်ငံပြခန်းတစ်ရပ် ပါဝင်ခင်းကျင်းပြသခဲ့သည်။

ယခုကုန်စည်ပြပွဲအား အိန္ဒိယနိုင်ငံရှိ BRICS Chamber of Commerce and Industry, United India Chamber Of Commerce and Industry, PHD Chamber Of Commerce and Industry, Noida Entrepreneurs Association နှင့် အစိုးရပိုင် စီးပွားရေးလုပ်ငန်းဖြစ်သော National Small Industries Corporation (NSIC) တို့၏ အထောက်အပံ့ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်သည်။

မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံထွက် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ နှမ်းဖြူ၊ နှမ်း နက်စသည့် သီးနှံနမူနာများနှင့်အတူ အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသည့် သီးနှံအလိုက် လက်ကမ်းစာစောင်များ၊ သီးနှံမျိုးစုံ၏ ဗီနိုင်းပိုစတာများ၊ ကုန်သွယ်မှု မြှင့်တင်ရေးစာစောင်များ၊ မြန်မာနိုင်ငံရှိ အထင်ကရ ခရီးသွားနယ် မြေဒေသများ၏ အချက်အလက်များအား ဖော်ပြထားသည့် လက်ကမ်းစာစောင်များ၊ မြေပုံစာရွက်များ၊ ဗီနိုင်း ပိုစတာများဖြင့် ခင်းကျင်းပြသခဲ့သည်။ ခရီးသွားလုပ်ငန်း မြှင့်တင်မှုနှင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး Video clips များကိုလည်း ဖွင့်လှစ်ပြသခဲ့သည်။ ထို့ပြင် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာလက်ရာများကို ကျယ်ပြန့်စွာ သိရှိစေရန် ယွန်းထည်ပစ္စည်းများ၊ ကျောက်စီပန်းချီကားများနှင့် လက်မှုအနုပညာပစ္စည်းများကို ပြသခဲ့ပြီး တန်ဖိုးနည်း ကျောက်စိမ်းပုတီးလည်ဆွဲ၊ ပုတီး လက်ကောက်၊ လက်စွပ်နှင့် ချည်ထည် လွယ်အိတ် စသည့် လက်မှုပစ္စည်းအချို့ကိုလည်း ခင်းကျင်း ရောင်းချပေးခဲ့သည်။

ပြပွဲခင်းကျင်းပြသသည့်ငါးရက်တာကာလအတွင်း မြန်မာပြခန်းသို့ ဒေသခံအိန္ဒိယပြည်သူအများအပြား လာရောက်ကြည့်ရှုကြပြီး သိရှိလိုသည်များမေးမြန်းလျက် မြန်မာ့လက်မှုအနုပညာပစ္စည်းများအား ဝယ်ယူအားပေးကြသည်။ ပြပွဲသို့ လာရောက်သူ အများစုသည် မြန်မာပြခန်းတွင် ခင်းကျင်းပြသထားသည့် ပဲမျိုးစုံ၊ နှမ်းနှင့်တန်ဖိုးနည်း ကျောက်စိမ်းပုတီးလည်ဆွဲ၊ ပုတီးလက်ကောက် စသည့်ပစ္စည်းများအား နယူးဒေလီမြို့၏ အနီးပတ်ဝန်းကျင်၌ လက်လီဝယ်ယူရရှိနိုင်မည့် အရောင်းဆိုင်နှင့် အင်တာနက်ဝက်ဘ်ဆိုက်မှ မှာယူရရှိနိုင်မည့် အခြေအနေတို့ကို မေးမြန်းသကဲ့သို့ အချို့ကလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှု၊ ပို့ကုန်သွင်းကုန် လုပ်ကိုင်နိုင်မှု၊ မြန်မာနိုင်ငံရှိ ကုမ္ပဏီလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ခရီးသွားရောက်လည်ပတ်ရန်အတွက် သိကောင်းစရာများကို စုံစမ်းကြပါသည်။ ၎င်းတို့၏ စုံစမ်းမေးမြန်းချက်များအရ မြန်မာ့ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိသည်ကို သိရှိသူနည်းပါးကြောင်း တွေ့ရှိရပြီး အော်ဂဲနစ် လယ်ယာထွက်ကုန်များအပေါ် အထူးစိတ်ဝင်စားမှုရှိကြောင်း လေ့လာတွေ့ရှိရသည်။

ပြပွဲ၌ မြန်မာနိုင်ငံပြခန်း ပါဝင်ပြသခဲ့ရာတွင် စီးပွားရေးလုပ်ငန်းအချင်းချင်း ချိတ်ဆက်ပေးနိုင်မှုထက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ခရီးသွားလုပ်ငန်းတို့အတွက် ဈေးကွက်မြှင့်တင်မှုကို ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## ထိုင်းအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အစိုးရဌာနများအားလုံးကို သုံးနှစ်အတွင်း ဒီဂျစ်တယ်စနစ် အပြည့်အဝ ဖြစ်ပေါ်လာစေရေး ပြောင်းလဲဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

ဒုတိယဝန်ကြီးချုပ်ဆုန်ကစ်က အစိုးရဌာနအားလုံး အားဒီဂျစ်တယ်စနစ် အပြည့်အဝဖြစ်လာစေရန်အတွက် ဒီဂျစ်တယ်အစိုးရဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံ Digital Government development Roadmap (၂၀၂၀-၂၀၂၂) အတွက် Time Frame ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါလမ်းပြမြေပုံအား တရားဝင်ဖြစ်စေရန် အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

Mr.Somkid က ၎င်းအနေဖြင့် ဒီဂျစ်တယ်အစိုးရဖွံ့ဖြိုးတိုးတက်ရေးဌာန Digital Government development Agency (DGA)အား နောက်လတွင် လမ်းပြမြေပုံအား ပြီးစီးစေရန် အမိန့်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ရှင်းလင်းပြတ်သားသော လမ်းပြမြေပုံနှင့်အတူ အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

DGA အား ၂၀၁၈ ခုနှစ်တွင် ဒီဂျစ်တယ်အစိုးရအဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာအားလုံးတို့အား ကူညီပေးရန်နှင့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဝန်ကြီးချုပ်ရုံးလက်အောက်၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အစိုးရဌာနများအနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အများပြည်သူတို့အား အစိုးရဌာနအသီးသီး၏ ဝန်ဆောင်မှုများကို ရရှိနိုင်စေရေး အကူအညီပေးရန်အတွက် သတင်းအချက်အလက် ဗဟိုအဖြစ် ကူညီဆောင်ရွက်ပေးရန် www.e-go.th ဒီဂျစ်တယ်ပေါ်တယ်အား စတင်မိတ်ဆက် လွှင့်တင်ပေးခဲ့ကြောင်း၊ ယခုနှစ်အစောပိုင်းတွင် နိုင်ငံသားများအား တစ်နိုင်ငံလုံးရှိ အစိုးရဌာနများ၏တည်နေရာ Location ပေါင်း ၈၀၀၀ ကျော်ကို ရှာဖွေနိုင်ရေးနှင့် ပြည်သူများအနေဖြင့် အစိုးရဌာနများနှင့် မတွေ့ဆုံမီ လိုအပ်သော အချက်အလက်များအတွက် ဝန်ဆောင်မှုပေးသည့် Citizen info Application အား မိတ်ဆက်ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

Digital ID ပရိုဂရမ်ဖြင့် နိုင်ငံသားများအနေနှင့် ၎င်းတို့၏ Data အချက်အလက်များနှင့် မွေးစာရင်းကဲ့သို့သော သတင်းအချက်အလက်ဆိုင်ရာ မိတ္တူများအား Self-Service-Portal မှ တစ်ဆင့် ရရှိနိုင်မည်ဖြစ်ပါသည်။ ငါးနှစ်အတွင်း နိုင်ငံသားများအတွက် အနည်းဆုံး ဝန်ဆောင်မှုလုပ်ငန်း ၁၂၀ နှင့် စီးပွားရေးနှင့် ဆိုင်သော လိုင်စင်ပေါင်း ၃၀၀ခန့်ကိုရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Mr. Somkid က ဒီဂျစ်တယ် အစိုးရအက်ဥပဒေ Digital Government Act အား မေလက အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်ပြီး ဝန်ဆောင်မှု အရည်အသွေး တိုးတက်စေရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်စေခြင်းတို့ဖြင့် Digital Government စနစ်အား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အက်ဥပဒေအရ အစိုးရဌာနပေါင်း ၁၀၀၀၀၀၊ အစိုးရဆေးရုံများ၊ ကျောင်းများနှင့် ခရိုင်အုပ်ချုပ်ရေးရုံးခွဲများအားလုံး ဥပဒေကို လိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အဓိကမှာ အစိုးရဌာနတစ်ခုခြင်းအနေဖြင့် မိမိတို့ဌာနအလိုက် ဒီဂျစ်တယ်ဆိုင်ရာ အသွင်ကူးပြောင်းခြင်း၊ အချက်အလက်များ စုဆောင်းပြုလုပ်ခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ အချင်းချင်း ဖလှယ်ဆောင်ရွက်နိုင်ရန်နှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သော One-Stop-Service များအဖြစ် ပေါင်းစည်းဆောင်ရွက်ရေးတို့မှာ အဓိကဖြစ်ကြောင်း သိရှိရသည်။

**လွင်မျိုးဇော်**
**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## စပါးဈေးနှုန်းအာမခံချက် အစီအစဉ်အတွက် ဘတ်ငွေကိုးဘီလီယံကျော် စိုက်ထည့်

သတ်မှတ်ချက်များနှင့်ပြည့်စုံသည့် လယ်သမားများအနေဖြင့် ကြိုတင်သတ်မှတ်ထားသည့် စပါးဈေးနှုန်းအောက်သို့ စပါးဈေးကျဆင်းသွားပါက ကွာခြားချက်အပေါ် ခံစားရရှိနိုင်မည့် စပါးဈေးနှုန်းအာမခံချက်အစီအစဉ်အား ယမန်နေ့က စတင်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းဝယ်ရေးဝန်ကြီး Mr. Murin Laksanawisit က အစိုးရပိုင်ဘဏ်ဖြစ်သော လယ်ယာနှင့်လယ်ယာ သမဝါယမဘဏ်အနေဖြင့် မှတ်ပုံတင်ထားသော လယ်သမားများ (Registered Farmers )၏ အကောင့် (၃၄၉၀၀၀)ထံသို့ ဘတ်ငွေ ၉ ဒသမ ၄ ဘီလီယံအား လျော်ကြေး (Compensation)အဖြစ် တိုက်ရိုက် လွှဲပြောင်းပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ လျော်ကြေးအစီအစဉ်အား အဓိကအားဖြင့် ဆန်ဖြူစပါး (White rice paddy) နှင့် ပထုန်ဌာနီဆန်မွှေးစပါး စိုက်ပျိုးသူများအတွက် အကယ်၍ ဈေးကွက်ပေါက်ဈေးမှာ သတ်မှတ် အဆင့်တစ်ခုအထိ ကျဆင်းသွားပါက ပေးအပ်သွားမည်ဖြစ်သည်။

Mr. Murin က အစိုးရ အနေဖြင့် စပါးရိတ်သိမ်းချိန်ပြီးဆုံးသည်အထိ လျော်ကြေးပေးမည့် အစီအစဉ်ကို ၁၅ ရက်လျှင်တစ်ခါ ပေးအပ်သွားရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။ ဩဂုတ် ၂၇ ရက်တွင် အစိုးရအဖွဲ့က စပါးနှင့် ဆီအုန်းတို့အတွက် ဈေးနှုန်းအာမခံချက်နှင့် ထောက်ပံ့ကြေးပေးရန် အစီအစဉ်တို့အတွက် ဘတ်ငွေ ၅၉ ဘီဘီယံတန်ဖိုးရှိအစီအစဉ်အား အတည်ပြုပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ဘတ်ငွေ ၅၉ ဘီလီယံအနက် စပါးဈေးနှုန်းအာမခံ အစီအစဉ်အတွက် ဘတ်ငွေ ၁၃ ဒသမ ၃ ဘီလီယံ၊ ဆီအုန်းအတွက် ဘတ်ငွေ ၂၁ ဒသမ ၄ ဘီလီယံနှင့် စပါးစိုက် တောင်သူများအတွက် ထောက်ပံ့ကြေးပေးရန်ဘတ်ငွေ ၂၅ ဘီလီယံတို့ ပါဝင်သည်။

အဆိုပါအစီအစဉ်မှာ ယခုနှစ်အောက်တိုဘာလမှ ၂၀၂၀ ခုနှစ် အောက်တိုဘာလအထိဖြစ်ပြီး လယ်သမားများအနေဖြင့် အစိုဓာတ်(၁၅%)ဖြင့် ဆန်ဖြူစပါး (white rice paddy) အား တစ်တန်လျှင်ဘတ်ငွေ ၁၀၀၀၀နှုန်းဖြင့် ရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် မိသားစုတစ်စုလျှင် ၄၀ ရိုင် (Rai,1 rai =0.16 hectarES)(သို့မဟုတ်) စပါးတန်ချိန် ၃၀ ထက် မကျော်လွန်စေရန် သတ်မှတ်ထားပါသည်။ ဟုမ်းမလိစပါး (Hommali paddy) အတွက်အာမခံစပါးဈေးနှုန်းအား တစ်တန်လျှင် ဘတ်ငွေ ၁၅၀၀၀နှုန်းဖြင့် မိသားစုတစ်စုလျှင် ၄၀ ရိုင် (Rai) (သို့မဟုတ်) စပါးတန်ချိန် ၁၄ တန် အထိသာ သတ်မှတ်ထားပါသည်။

ကောက်ညှင်းစပါး (Glutinous rice paddy with 15% moisture) အတွက် အစိုဓာတ်(၁၅%)ဖြင့် စပါးတစ်တန်လျှင် ဘတ်ငွေ ၁၂၀၀၀ နှုန်းဖြင့်မိသားစုတစ်စုလျှင် ၄၀ ရိုင် (Rai) (သို့မဟုတ်) စပါးတန်ချိန် ၁၆ တန် အထိခွင့်ပြုပေးထားပြီး ပြည်နယ် အလိုက် ထွက်ရှိသော ဆန်မွှေးစပါး ( Provincial Fragrant rice Paddy) စပါးတစ်တန်လျှင် ဘတ်ငွေ ၁၄၀၀၀ နှုန်းဖြင့်မိသားစု တစ်စုလျှင် ၄၀ ရိုင် (Rai)(သို့မဟုတ်) စပါးတန်ချိန် ၁၆တန် အထိ ခွင့်ပြုသတ်မှတ်ထားသည်။

အဆိုပါအစီအစဉ်အား အစိုးရပိုင်လယ်ယာနှင့်လယ်ယာသမဝါယမဘဏ်က ဆောင်ရွက်သွားမည်ဖြစ်ပြီး စပါးဈေးနှုန်းမှာ သတ်မှတ်ဈေးနှုန်းအောက် ရောက်ရှိသွားပါက လယ်သမားများအား ကွာခြားချက်အပေါ် ပေးအပ်သွားမည်ဖြစ်ပါသည်။

ထိုင်းတောင်သူလယ်သမားများအသင်းဥက္ကဋ္ဌ Pramote Charoensilp က အစိုးရ၏ ယခုအစီအစဉ်အပေါ် လယ်သမားအများစုက ကျေနပ်ဝမ်းမြောက်ကြကြောင်း၊ ၎င်းအနေဖြင့် လယ်သမားများကို တစ်ရိုင် (Rai) လျှင် ဘတ်ငွေ ၂၀၀၀ ပေးသင့်သည်ဟု အစိုးရကိုတိုက်တွန်းခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းက လယ်သမားများအနေဖြင့် စပါးဈေးနှုန်းကို ၁၅ ရက်လျှင် တစ်ကြိမ် စောင့်ကြည့်မှတ်သား ဆောင်ရွက်ရန် မလိုအပ်ကြောင်း ပြောကြားခဲ့သည်။

**လွင်မျိုးဇော် (စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## အိုဆာကာကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအသင်းချုပ်အား ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်နိုင်ခဲ့

ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ Eastern Economic Corridor (EEC) ပြီးစီးရန်နှင့် ရေရှည်တည်တံ့ရေးတို့အပေါ် ၎င်းတို့၏ ယုံကြည်မှုကိုပိုမို ပြသလျက်ရှိပြီး ထိုင်းအစိုးရနှင့် အနိုင်ရ လေလံအောင်မြင်သူတို့အနေဖြင့် ဒွန်မောင်းလေဆိပ်၊ သုဝဏ္ဏဘုမိလေဆိပ်နှင့် ဥတပေါင်လေဆိပ်သုံးခုတို့ကို ချိတ်ဆက်မည့်ဘတ်ငွေ ၂၂၄ ဘီလီယံတန်ဖိုးရှိ အမြန်ရထားစီမံကိန်း စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲအား အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

အိုဆာကာကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ Hiroshi Ozaki က ဒုတိယဝန်ကြီးချုပ် ဆုန်ကစ်နှင့် တွေ့ဆုံခဲ့ပြီး EEC ၏လုပ်ငန်းတိုးတက်မှု၊ ဆက်စပ်အခြေခံ အဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အထူးသဖြင့် လေဆိပ်သုံးခုနှင့် ချိတ်ဆက်မည့် မီးရထားလမ်း ကွန်ရက်ကိစ္စတို့အား မေးမြန်းဆွေးနွေးခဲ့သည်။

ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးမည့်နေ့အား ယမန်နေ့က သတ်မှတ်ခဲ့ကြသည်။ သို့ရာတွင် အဆိုပါကိစ္စမှာ ထိုင်းမီးရထားလုပ်ငန်း ဘုတ်အဖွဲ့အား အောက်တိုဘာ ၁ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် အောက်တိုဘာ ၂၅ ရက်သို့ ရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။ အစိုးရအဖွဲ့မှ ထိုင်းမီးရထားလုပ်ငန်းဘုတ်အဖွဲ့သစ်အား အင်္ဂါနေ့တွင် အတည်ပြုပေးခဲ့သည်။

မစ္စတာဆုန်ကစ်က ထိုင်းအစိုးရအနေဖြင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများမှာ ထိုင်းစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသူများဖြစ်၍ ၎င်းတို့၏ လိုအပ်သည်များကို အကူအညီပေးရန် အဆင်သင့်ရှိကြောင်း အာမခံခဲ့သည်။

၎င်းက မစ္စတာအိုဆာကီအား ထိုင်းနိုင်ငံ၏ Indudtry 4.0 Initiative အား ကူညီပံ့ပိုးပေးရန်နှင့် မစ္စတာအိုဆာကီ၏ ယုံကြည်ချက်ဖြစ်သော ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု Trans-Pacific Partnership မှာ ထိုင်းနှင့် ဂျပန်နှစ်နိုင်ငံလုံးအတွက် အကျိုးရှိမှာဖြစ်၍ ၎င်းအနေဖြင့် ထိုင်းအစိုးရအားTPP ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနှင့် ဂျပန်နိုင်ငံတို့အနေဖြင့် ပုဂ္ဂလိကနှင့် အများပြည်သူကဏ္ဍများတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။ မစ္စတာ ဆုန်ကစ်က မစ္စတာ အိုဆာကာအား ထိုင်းနိုင်ငံတွင် ပညာရေးဆိုင်ရာ အကယ်ဒမီကျောင်းများ ဖွင့်လှစ်နိုင်ရေးကူညီပေးရန် ပြောကြားခဲ့သည်။ ၎င်းက ဂျပန်အစိုးရ အရာရှိများအား ထိုင်းအစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် အကယ်ဒမီကျောင်းများဖွင့်လှစ်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား အမြင့်ဆုံး အထူးအခွင့်အရေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာပညာရပ်ဆိုင်ရာ အကယ်ဒမီကျောင်းများအတွက် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပေးမည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မစ္စတာဆုန်ကစ်အနေဖြင့် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ဟောင်ကောင်ဒိုးသို့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် သွားရောက်ရန် စီစဉ်ထားသည်။

**လွင်မျိုးဇော်**
**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

# စင်ကာပူ၏ ၂၀၁၉ ခုနှစ် တတိယသုံးလပတ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်းသည် ယခင် ဒုတိယသုံးလပတ်အတိုင်း ပြောင်းလဲမှုမရှိ

စင်ကာပူ၏ စီးပွားရေးသည် နှစ်အလိုက်နှိုင်းယှဉ်မှုစာရင်းအရ ၂၀၁၉ ခုနှစ် ဇူလိုင်မှ စက်တင်ဘာလအထိ တတိယသုံးလပတ်တွင် သုည ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သဖြင့် ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်တွင် ပေါ်ပေါက်ခဲ့သည့် တိုးတက်မှုနှုန်းအတိုင်း ပြောင်းလဲမှုမရှိကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စင်ကာပူ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ပထမသုံးလပတ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဒုတိယသုံးလပတ်တွင် သုည ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။

၂၀၁၉ ခုနှစ် စင်ကာပူ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပထမသုံးလပတ်တွင် (- သုည ဒသမ၄) ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ်တွင် (-၃ ဒသမ ၃) ရာခိုင်နှုန်းနှင့် တတိယသုံး လပတ်တွင် (-၃ ဒသမ ၅) ရာခိုင်နှုန်းအထိ ဆက်လက်ကျဆင်းနေသည်။ တတိယ သုံးလပတ်တွင် ဓာတုဗေဒပစ္စည်းများ၊ ဇီဝဆေးဝါးများနှင့် အထွေထွေ ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှု အခြေအနေမှာ တိုးတက်မှုရှိခဲ့သော်လည်း အီလက်ထရောနစ်ပစ္စည်း၊ Precision Engineering နှင့် Transport Engineering လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုများ ကျဆင်းခဲ့သည့် အတွက် ကုန်ထုတ်လုပ်မှု ကဏ္ဍတစ်ခုလုံး ကျဆင်းခဲ့ကြောင်း ဖော်ပြထား သည်။

သို့သော် တတိယသုံးလပတ်အတွင်း စင်ကာပူ၏ ဆောက်လုပ်ရေးကဏ္ဍနှင့် ဝန်ဆောင်မှု ကဏ္ဍတို့တွင် တိုးတက်မှုရှိခဲ့ပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ပုဂ္ဂလိကနှင့် အစိုးရ၏ ဆောက်လုပ်ရေးစီမံကိန်းများကြောင့် ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍတွင် ကုန်သွယ်မှု နှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ တိုးတက်မှု ကျဆင်းခဲ့သော်လည်း ငွေရေးကြေးရေး၊ အာမခံလုပ်ငန်း များနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ တိုးတက်မှုကြောင့် သုည ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခု စီးပွားရေးတိုးတက် မှုနှုန်းထုတ်ပြန် ချက်သည် ၂၀၁၉ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ စာရင်းများအပေါ် အဓိက တွက်ချက်၍ ထုတ်ပြန်ထားခြင်းဖြစ်သည့်အတွက် လိုအပ်ပါက နိုဝင်ဘာလတွင် ပြန်လည်ပြင်ဆင်ထုတ်ပြန်သွားမည် ဖြစ်သည်။

**သတင်းရင်းမြစ် ။ ။ Singapore, Ministry of Trade & Industry, Media Release**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**

# စင်ကာပူနှင့် ဩစတြေးလျ နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်



ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် (၉) ကြိမ်မြောက် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership - RCEP) ဝန်ကြီးများ အဆင့်အစည်းအဝေး၏ သီးခြားတွေ့ဆုံ ဆွေးနွေးမှုအစီအစဉ်များတွင် စင်ကာပူနှင့် ဩစတြေးလျ နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ သဘောတူစာချုပ် (Digital Economy Agreement - DEA) အသစ်ကို ချုပ်ဆိုနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများကို စတင်ပြုလုပ်ပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Chan Chun Sing နှင့် ဩစတြေးလျ နိုင်ငံ ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီး မြှုပ်နှံမှုဝန်ကြီး ဌာန ဝန်ကြီး Mr. Simon Birmingham တို့က အောက်တိုဘာ ၁၂ ရက်တွင် ပူးတွဲသတင်းထုတ်ပြန် ကြေညာခဲ့သည်။

ဒစ်ဂျစ်တယ်ချိတ်ဆက်မှုကောင်းမွန်ပါက စီးပွားရေး လုပ်ငန်းများအတွက် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန်နှင့် ဈေးကွက်များအကြားရှိနေသည့် ရုပ်ပိုင်းဆိုင်ရာ ဘောင် ကန့်သတ်ချက်များအား ကျော်လွှားနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ စင်ကာပူနှင့် ဩစတြေးလျတို့သည် ဒစ်ဂျစ်တယ် ကုန်သွယ်မှုနှင့် အချက်အလက် စီးဆင်းမှုများ ပိုမို တိုးတက်လာရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် မူဘောင်များ ချမှတ်ဆောင်ရွက်ခြင်း စသည့် အရေးပါသော အချက်များကို လက်ခံသိရှိကြသော ဆန္ဒတူညီသည့် နိုင်ငံများဖြစ်ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဝန်ကြီး ဖြစ်သူ Mr. Chan Chun Sing က ပြောကြားသည်။

DEA သည် စင်ကာပူနှင့် ဩစတြေးလျ နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ များကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ဒစ်ဂျစ်တယ်ချိတ်ဆက်မှု တိုးတက်လာစေရေး အတွက် စင်ကာပူနိုင်ငံရှိ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့်သတင်းပြန်ကြားရေးဝန်ကြီးဌာနနှင့် Infocomm Media Development Authority တို့က ဦးစီး ဆောင်ရွက်သည့် ဌာနဆိုင်ရာများအကြား ကြိုးပမ်းအားထုတ်မှု တစ်ခုဖြစ်ကြောင်း၊ DEA သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အကောက်ခွန် ဆိုင်ရာပြတင်းတစ်ပေါက်စနစ်များနှင့် ချိတ်ဆက်ခြင်း၊ အီလက်ထရောနစ်စနစ်ဖြင့် ကုန်ပို့လွှာပေးပို့ခြင်း၊ အီလက် ထရောနစ်စနစ်ဖြင့် ငွေပေးချေမှုများ၊ ဒစ်ဂျစ်တယ်ဖြင့် အထောက်အထားများအား အတည်ပြုခြင်း စသည်တို့ကို ဆောင်ရွက်၍ ဒစ်ဂျစ်တယ်ကုန်သွယ်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း၊ ထို့အပြင် အချက်အလက်များကို ကာကွယ်ခြင်း၊ နယ်စပ်ဖြတ်ကျော် အချက်အလက်များ စီးဆင်းမှု၊ နည်းပညာအသုံးပြုသည့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် Artificial Intelligence စသည့် နယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ပါသည်။

DEA ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စင်ကာပူ-ဩစတြေးလျ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ပါ ကတိကဝတ်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ခုနှစ် အစောပိုင်းတွင် DEA သဘောတူစာချုပ်ကို အပြီး သတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းရင်းမြစ် ။ ။ Singapore, Ministry of Trade & Industry, Media Release**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**

# မဟာပင်လယ်အော်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအောက်တွင် တရုတ်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိ

ကွမ်တုန်းအခြေစိုက် ကိုရီးယားသမ္မတနိုင်ငံ၏ ကောင်စစ်ဝန်ချုပ်သည် စက်တင်ဘာ ၂၇ ရက်တွင် အာရှအနောက်မြောက်ရှိ အခြေအနေနှင့် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအောက်တွင် တရုတ်နှင့် ကိုရီးယားတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို ဆွေးနွေးရန် ဆွေးနွေးပွဲ တစ်ရပ်ကျင်းပခဲ့သည်။

ကွမ်တုန်းပြည်နယ်သည် ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးရေး အပေါ် အလေးပေးလျက် ၎င်း၏ သုတေသန အခြေခံအုတ်မြစ်ကို တောင့်တင်းခိုင်မာစေရန် တည်ဆောက်လျက်ရှိပြီး ကမ္ဘာပေါ်တွင် ဩဇာတိက္ကမ ကြီးမားသည့် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှုဗဟိုဌာနတစ်ခု ပေါ်ထွက်လာရန် ကြိုးပမ်း အားထုတ်လျက် ရှိပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် ရှေ့တန်းရောက် တီထွင်ဆန်းသစ်မှု ရင်းမြစ်များရှိပြီး၊ Bloomberg တီထွင်ဆန်းသစ်မှုအညွှန်းကိန်းအရ ခြောက်နှစ်ဆက်တိုက် ကမ္ဘာ့ထိပ်တန်းပထမနေရာတွင် ရပ်တည်လျက်ရှိသည်။

ကွမ်တုန်းပြည်နယ်၏ အဆင့်မြင့် စက်မှုထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေး မြှင့်တင်ရန် ပြည်နယ်အတွင်း Samsung၊ LG နှင့် Posco ကဲ့သို့သော နာမည်ကြီး ကိုရီးယား ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ကွမ်တုန်းနှင့် တောင်ကိုရီးယားတို့အကြား စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာလျက်ရှိသည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သိပ္ပံမှ ဒုတိယ ညွှန်ကြားရေးမှူး Wangrui ကလည်း ကမ္ဘာ့အဆင့်မီ ပင်လယ်အော်ဒေသ တည်ဆောက်ရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမို လိုအပ်ကြောင်း၊ တောင်ကိုရီးယားသည် တရုတ်၏ တတိယမြောက် အကြီးမားဆုံး ကုန်သွယ်မှုမိတ်ဖက်ဖြစ်ကြောင်း အလားတူရှုမြင်မှုမျိုးရှိပြီး၊ ဒေသတွင်း၌ သိပ္ပံနှင့် နည်းပညာသုတေသန အဖွဲ့အစည်းများနှင့် တီထွင် ဆန်းသစ်မှု ပေါင်းကူးနေရာများ တည်ထောင်နိုင်ရန် အကြံပြုထားသည်။

တီထွင်ဆန်းသစ်မှု၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန်နေရာများစွာ ကျန်ရှိနေသေးကြောင်း မဟာ ပင်လယ်အော်ဒေသ၏ တည်ဆောက်သူများက တင်ပြသော အခွင့်အလမ်းများမှတစ်ဆင့် ကျွမ်းကျင်သူများက ယုံကြည်လျက်ရှိကြသည်။

**ရင်းမြစ်။ Newsgd.com**

**ဒေါက်တာရွှေစင်ကို**

**စီးပွားရေးသံမှူး၊ (နန်နင်းမြို့)**

GREAT APEX INTERNATIONAL CO.,LTD
TULSI INTERNATIONAL CO.,LTD

Office/Factory
No.71/72/73 Malikha Street, Industrial Zone(5),Hlaing Tharyar Township, Yangon
Tel : 09 50 555 31/ 09 50 555 32 / 09 512 7297

ကျွန်း/ပျဉ်းကတိုး/အင်(ကညင်) သစ်ခွဲသားဆိုဒ်စုံ (ပြည်တွင်း/ပ) ရောင်းဝယ်သည်။
သစ်လုံး/ခွဲသား နယ်ကလီ ခွဲသည်။
ရှာထိုး/ပါကေး များ လက်လီ/လက်ကား ရရှိနိုင်ပါသည်။
အဆင့်မြင့် ပရိဘောဂ များရရှိနိုင်ပါသည်။








CAPT.SAN OO (CEO)

GROUP OF TRADE WIND CO., LTD.
ECHO SHIPPING CO., LTD.
C.H. LINE S.A.

TRADE WIND INTERNATIONAL CO.,LTD

TRADE WIND LOGISTICS CO.,LTD

TRADE WIND TRAVELS & TOURS CP.,LTD.

NO.7, LAYDAUNGKAN ROAD, THINGUNGYUN, YANGON, MYANMAR.
TEL (OFF) : 95 - 1 - 572375 : 95 - 1 - 564882 : 95 - 1 - 564992
TEL (RES) : 95 - 1 - 572155 : 95 - 1 - 564991
(MOB): 95 - 9 - 5153767
FAX(OFF) : 95 - 1 - 561440
E-MAIL : tradewind@mptmail.net.mm
: tradewind.oz@mptmail.net.mm
: echoshipping@mptmail.net.mm

# Garmani Display Technology

LED, LCD, Video Wall, Lighting, Automation Controls

RHS4 ၊ ကုန္တိုတံအိမ်ယာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
Tel : +9595021934, +959250496346.
Email : info@garmanimyanmar.com
Website : www.garmanimyanmar.com

မေတ္တာရှင်
TRANSPORTATION SERVICE






Add : No.36, Bokalayzay Street ,Botahtaung Township, Yangon, Myanmar.
Ph : 09254710990, 09782229560, 09423533767

SHWE NA YAR Co.,Ltd.
Air Compressor & Various Machinery Distribution

Khin Moe Swe
Assistant Marketing Manager
0979-555-8840

Show Room(11)
No.(1), Thiri Mon Street, 1 ward, MayangoneT/S, Yangon.

Factory
No.336, Mya Taung Wun Gyi U Hmo St, Shwe Lin Pan Industrial Zone, Hlaing Thar Yar T/S, Yangon.

09-777-3333-14, 09-777-3333-57, 0979-555-8802

林炳燦

KYAW AUNG @ LIM PAIN CHUN

MANAGING DIRECTOR

## KYAW ELEVEN TRADING CO.,LTD



OFFICE

No.11, 11th Street, Ward 5, Lanmadaw Township, Yangon, Myanmar.

Tel : 222549, 211683

Hd,Ph : 09-5000696, 09-5184839

Fax : 227396

KYAW TRADING HOUSE

A91, Gant Gaw 2nd Street, Bayint Naung

Tel : 3680395

WARE HOUSE

No.18(B), Min Thit Htief Kyaw Swar Street, Industrial Zone(2), Shwe Pyi Thar.

Tel : 09-261200538 Email : kyaweleven@gmail.com

## THAR YAR CHAN MYAE TRADING CO.,LTD



Office : No. (181, 183, 185), Bo Myat Tun Street, Orchid Condo, 5th Floor, Botahtaung Township, Yangon.

Tel : 09 5401711, 09 5078079

E-mail : kotinaung1234@gmail.com

## mats Myanmar Company Ltd



Add :No.60/64, 4th Floor, 44th Street, 6-Ward. Botataung Township, Yangon, Myanmar.

Tel : 01 8398083, 01 240987

Gmail : mats.myanmar@gmail.com

## UNIQUE BROTHERS CO.,LTD

(EXPORT-IMPORT)

AGENT & DISTURIBTOR OF

M.J Biopharm Pvt.Ltd.

No.100-102, 52TH Street, Yangon, Myanmar.

Tel: 01-290055, 9010243 Fax:0951-290055

E-mail : ubwin@mptail.net.mm

# COMMERCE INTERNATIONAL

## ဗီယက်နမ်ကျောင်းများတွင် လုပ်ငန်းသစ်ထူထောင်ရေး စွမ်းရည်ပြည့်ဝရေးကို အလေးထားသင်ကြားရန်တိုက်တွန်း

လုပ်ငန်းသစ်ထူထောင်ရေး စွမ်းရည်ပြည့်ဝရေးကို ဗီယက်နမ်ကျောင်းများနှင့် လူငယ်များကမျက်ကွယ်ပြုထားကြသည်မှာ လွန်စွာကြာမြင့်ပြီဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး Bui The Duy က ပြောကြားကြောင်း ဗီယက်နမ်နယူးအေဂျင်စီသတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်ထူထောင်စ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းတွင် လုပ်ငန်းပေါင်း ၃၀၀၀ ခန့်ရှိသော်လည်း ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် ကမ္ဘာနှင့်ယှဉ်ပါက အများကြီး နောက်ကျကျန်နေကြောင်း အောက်တိုဘာ ၁၆ ရက်ကကျင်းပသော '၂၀၁၉ ခုနှစ် ဗီယက်နမ်စီးပွားရေးထိပ်သီးဆွေးနွေးပွဲ'၌ ပြုလုပ်သော စကားဝိုင်းဆွေးနွေးပွဲတွင် Duy ကပြောသည်။

အသေးစားကုမ္ပဏီများသည် စီပွားရေးလုပ်ငန်း အနာဂတ်ဖွံ့ဖြိုးရေးအခြေခံအဖြစ် ကမ္ဘာ့စီးပွားရေး၌ ပါဝင်လှုပ်ရှားနေသူများထံမှ နည်းပညာနှင့် အက်ပလီကေးရှင်းများကို ရရှိအောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အလေးပေးဆောင်ရွက်သင့်ကြောင်း သူကပြောသည်။

'အလျင်အမြန်တိုးတက်နေတဲ့ ကုမ္ပဏီအားလုံးက တီထွင်ကြံဆမှုနဲ့ အက်ပလီကေးရှင်တွေအပေါ်မှာ အခြေခံကြတဲ့အတွက် ဗီယက်နမ်ထူထောင်စလုပ်ငန်းတွေရဲ့ အောင်မြင်မှုကို စိတ်ကူးယဉ်အပေါ် အခြေခံစဉ်းစားလို့မဖြစ်ပါဘူး'ဟု သူကပြောသည်။

'ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေက ကမ္ဘာ့လုပ်ငန်းတွေဆီက ပုံတူကူးချနေတာဖြစ်ပြီး ကိုယ်ပိုင်ဟန်မရှိသလောက်ပါပဲ။ ကျွန်တော်တို့မှာ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်အတွက် မှတ်ပုံတင်ထားတာမရှိသေးပါဘူး'ဟု Duy က ပြောသည်။

တည်ထောင်စ စီးပွားရေးလုပ်ငန်းတွေအတွက် ခိုင်မာတဲ့ ဘဏ္ဍာရေးကဏ္ဍနှင့် ဈေးကွက်ဦးဆောင် ကုမ္ပဏီတွေအပေါ် အခြေခံဖွံ့ဖြိုးလာတဲ့ စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် လိုအပ်ကြောင်းနှင့် သူတို့ကို သုတေသနအဖွဲ့များနှင့် ကျောင်းများက အထောက်အကူ



ပေးရန်လိုကြောင်း သူကပြောသည်။

နည်းပညာဖွံ့ဖြိုးမှုတိုးတက်မှုက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျကြောင်း သူကအလေးထားပြောကြားသည်။

## ပို့ကုန်ဈေးကွက် မြှင့်တင်ရန် ထိုင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မဟာဗျူဟာလေးရပ် ချမှတ်

လာမည့်နှစ်တွင် ပို့ကုန်မြှင့်တင်နိုင်ရန် ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မဟာဗျူဟာလေးရပ်ကို ချမှတ်ထားကြောင်းနှင့် အဆိုပါလေးရပ်တွင် လက်ရှိ အဓိကဈေးကွက်များဖြစ်သော အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ တရုတ်နှင့် အာဆီယံဈေးကွက်တို့ကို တိုးချဲ့ရေးစီမံကိန်းများပါဝင်ကြောင်း နေးရှင်းသတင်းတွင်ဖော်ပြသည်။ ဒုတိယမဟာဗျူဟာမှာ တောင်အာရှ၊ လက်တင်အမေရိက၊ အာဖရိကနှင့်အရှေ့အလယ်ပိုင်းကဲ့သို့သော ဈေးကွက်သစ်များ ရှာဖွေရေးဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ယာယီညွှန်ကြားရေးမှူးချုပ် ဆွမ်ဒက်ဆူဆွမ်ဘွန်က ပြောသည်။

တတိယမဟာဗျူဟာမှာ အီရတ်သို့ ဆန်တင်ပို့ရေးကဲ့သို့သော ရှိရင်းစွဲဈေးကွက်များ ပြန်လည်ရှင်သန်ရေးနှင့် ဘာရိန်းတွင် ထိုင်းထုတ်ကုန်များ ဈေးကွက်ခိုင်မာရေးတို့ဖြစ်သည်။ စတုတ္ထမဟာဗျူဟာမှာ နယ်စပ်ကုန်သွယ်ရေး၊ နယ်နိမိတ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် အီးကောမတ်မြှင့်တင်ရေးတို့ဖြစ်သည်။ ယခုလမှစ၍ ဒီဇင်ဘာလအထိ ပို့ကုန်နှင့်ပတ်သက်သော ပြပွဲပေါင်း ၅၀ ကျော်ဆောင်ရွက်သွားရန် ဝန်ကြီးဌာနက စီစဉ်ထားရာ ထိုင်းထုတ်ကုန်များမြှင့်တင်ရေး ကုန်စည်ပြပွဲတစ်ခုလည်းပါဝင်သည်။ ဂျပန်နိုင်ငံရှိ ဆန်ဆင့်တက်ပြုပြင်ရေးလုပ်ငန်းတွင် ထိုင်းဆန်အသုံးပြုရေးနှင့် အီးယူနှင့် ရုရှားသို့ ရိုက်စ်ဘယ်ရီအမျိုးအစား ဆန်တင်ပို့ရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

## စားသုံးသူဝယ်လိုအား မြှင့်တင်ရန် အစီအစဉ်များကို အိန္ဒိယ တိုးမြှင့်ဆောင်ရွက်

ခြောက်နှစ်အတွင်း အနိမ့်ဆုံးသို့ကျဆင်းနေသော စီးပွားရေးဖွံ့ဖြိုးမှုကိုမြှင့်တင်ရန် ဆောင်ရွက်သည့်အနေဖြင့် ငွေဖြစ်လွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ဘဏ်များမှတစ်ဆင့် ငွေများ ထုတ်ပေးခြင်းနှင့် လူပုဂ္ဂိုလ်အလိုက် အခွန်များပေးဆောင်ရာတွင် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးခြင်းတို့အပါအဝင် စားသုံးသူဝယ်လိုအား မြှင့်တင်ရေး အစီအစဉ်များကို ပိုမိုဆောင်ရွက်ရန် စီစဉ်ထားသည်ဟု အစိုးရ၏ ထိပ်တန်းစီးပွားရေးပုဂ္ဂိုလ်တစ်ဦးကပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်အတွက်အစိုးရက လုပ်ငန်းခွန်များကို လျှော့ချပေးပြီး ထိုရင်းနှီးမြှုပ်နှံမှုကို အထောက်အကူဖြစ်စေရန် စားသုံးသူဝယ်လိုအားကို မြှင့်တင်ပေးနိုင်မည့် နည်းလမ်းများကိုရှာ ဖွေလျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန စီးပွားရေးအကြံပေးအရာရှိချုပ် ခရစ်ရှနာမူသီဆူဘရာမန်နီယံက ပြောသည်။

'ကာလတိုမှာ စားသုံးမှုနဲ့ ရင်နှီးမြှုပ်နှံမှုတွေ မြင့်တက်လာဖို့အတွက် စားသုံးသူဝယ်လိုအား မြှင့်တင်နိုင်မယ့် အစီအစဉ်တွေကို ကျွန်တော်တို့ဆောင်ရွက်နေပါတယ်'ဟု ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် သူကပြောသည်။

စီစဉ်ဆောင်ရွက်နေသော အစီအမံများအနက် လူပုဂ္ဂိုလ်အလိုက် အခွန်လျှော့ချရေးနှင့် အခွန်စီမံခန့်ခွဲရေး လုပ်ငန်းရပ်ကြီးတစ်ခုလုံးကို လွယ်ကူရှင်းလင်းအောင် ဆောင်ရွက်ရေးတို့လည်းပါဝင်သည်။ အစိုးရသည် နှစ်ပေါင်း ၆၀ ကြာနေသော အခွန်ဥပဒေကို အခြားနိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးအတွက် တင်ပြထားသော လုပ်ငန်းအဖွဲ့အစီရင်ခံစာကိုလည်း စဉ်းစားလျက်ရှိသည်။ လုပ်ငန်းအဖွဲ့အစီရင်ခံစာကိုနှင့်ပတ်သက်၍ အများပြည်သူ၏ ထောက်ခံအကြံပြုချက်များရရှိအောင် အစိုးရက ဆောင်ရွက်သွားမည်ဟု ဆူဘရာမန်နီယံက ပြောသည်။



စံမီအောင် စုစည်းသည်

## ဘဏ္ဍာရေးဆက်သွယ်မှုများ အပါအဝင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သစ်များကို စင်ကာပူနှင့် တရုတ်တို့ ဆွေးနွေး

အထူးသဖြင့် ဘဏ္ဍာရေးဆက်သွယ်မှုများအပါအဝင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သစ်များကို တရုတ်နှင့် စင်ကာပူတို့ဆွေးနွေးခဲ့ကြကြောင်း ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြသည်။ ပေကျင်းမြို့၌ အောက်တိုဘာ ၁၇ ရက်က စင်ကာပူ ဒုတိယဝန်ကြီးချုပ် ဟန်ဆွီးကိုနှင့် တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟီတို့ တွေ့ဆုံစဉ် ယခုကဲ့သို့ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဘဏ္ဍာရေး ဆက်ဆံမှုအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပေးနိုင်မှာဖြစ်ကြောင်း မစ္စတာဟန်က သူ၏ဖေ့စ်ဘွတ်ပို့စ်တွင် ဖော်ပြသည်။ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု Regional Comprehensive Economic Partnership (RCEP) သဘောတူစာချုပ်ကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်နိုင်ငံစလုံးက သန္နိဋ္ဌာန်ချထားကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အတည်ပြုသည်။

ထို သဘောတူစာချုပ်တွင် စင်ကာပူနှင့် တရုတ်နိုင်ငံတို့အပါအဝင် အာရှပစိဖိတ် နိုင်ငံ ၁၆ နိုင်ငံပါဝင်သည်။ ထိုနေ့စောစောပိုင်းက မစ္စတာဟန်သည် တရုတ်ဒုတိယသမ္မတ ဝမ်ကီရှန်နှင့်လည်းတွေ့ဆုံခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့က အတိတ်ကာလမျိုးဆက်တို့ တည်ဆောက်ခဲ့သော ခိုင်မာသောနှစ်နိုင်ငံပူး ပေါင်းဆောင်ရွက်ရေးကို ထပ်လောင်းအတည်ပြုခဲ့သည်။

တရုတ်နှင့် စင်ကာပူတို့၏ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားသည် ကောင်းမွန်စွာ လည်ပတ်လျက်ရှိကြောင်း မစ္စတာဝမ်က သူ၏အဖွင့်အမှာစကားတွင်ပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံကနှစ် ၂၀၀ ပြည့် အခမ်းအနားကို ကျင်းပလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်သည့် နှစ် ၇၀ ပြည့် အခမ်းအနားကို ကျင်းပလျက်ရှိသဖြင့် ယခုနှစ်သည် နှစ်နိုင်ငံစလုံးအတွက်ထူးခြားကြောင်း မစ္စတာဟန်က သူဖေ့စ်ဘွတ်တွင်ဖော်ပြသည်။

**Don't be drastic, Say "no" to plastic**
**ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။**